# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)


၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက် | ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ် ၂၄ ရက်၊ တနင်္လာနေ့ | အတွဲ (၅၉)၊ အမှတ် (၃၂၆)


**ဂျပန်-မြန်မာ ချစ်ကြည်ရေး တိုးတက်မှုကို ရည်ရွယ်သည့် ဂျပန်နိုင်ငံခြားရေးဝန်ကြီး Mr. Motegi ၏ သတင်းစကား** စာ ➤ ၆

**ကိုဗစ် - ၁၉ ကြောင့် ကမ္ဘာတစ်ဝန်းသေဆုံးသူ ရှစ်သိန်းကျော်လာချိန်မှာ နိုင်ငံအားလုံး ကိုဗစ် - ၁၉ ရောဂါ ထပ်မံမဖြစ်ပွားအောင် အားသွန်ခွန်စိုက် ကြိုးစားလျက်ရှိ** စာ ➤ ၁၄

**COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

(၂၃-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

စာ ➤ ၁၇

# ပြည်ပ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ခဲ့



**နေပြည်တော် ဩဂုတ် ၂၃**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် အခက်အခဲကြုံတွေ့နေရသည့် အမေရိကန်ပြည်ထောင်စုမှ မြန်မာနိုင်ငံသား ၉၄ ဦးနှင့် ကိုရီးယားသမ္မတနိုင်ငံမှ မြန်မာနိုင်ငံသား ၃၀ စုစုပေါင်း ၁၂၄ ဦးတို့အား မြန်မာသံရုံး ဝါရှင်တန်မြို့နှင့် မြန်မာသံရုံး ဆိုးလ်မြို့တို့၏ ပူးပေါင်းစီစဉ်သည့် မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း (MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းအပြည်ပြည်ဆိုင်ရာ လေဆိပ်မှတစ်ဆင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။ **(အပေါ်ပုံ)**

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေးနှင့် ၂၁ ရက်တာ အသွားအလာကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019(COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာန အနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိသည်။ အမေရိကန်ပြည်ထောင်စုနှင့် အခြားနိုင်ငံအသီးသီးတို့တွင် အခက်အခဲဖြစ်နေပြီး မြန်မာနိုင်ငံသို့ မဖြစ်မနေ ပြန်လည်ထွက်ခွာကြရမည့် မြန်မာနိုင်ငံသားများအတွက် မြန်မာသံရုံး ဆိုးလ်မြို့မှ စီစဉ်ဆောင်ရွက်သည့် အပတ်စဉ်အင်္ဂါနေ့တိုင်း ပျံသန်းပြေးဆွဲနေသော ကယ်ဆယ်ရေးလေယာဉ်အပြင် အထူးအစီအစဉ်အဖြစ် မြန်မာသံရုံး ဝါရှင်တန်မြို့နှင့် ညှိနှိုင်း၍ ကယ်ဆယ်ရေးလေယာဉ် ပျံသန်းပြေးဆွဲလျက်ရှိရာ ယနေ့အချိန်ထိ သုံးကြိမ်တိုင် ပျံသန်းပြေးဆွဲခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

သတင်းစဉ်



## မဲဆန္ဒရှင်စာရင်းများ ပြန်လည်ဖြည့်စွက်ပြင်ဆင်ခြင်းနှင့် ပြည့်စုံမှန်ကန်မှုရှိစေရန် အိမ်တိုင်ရာရောက်ကွင်းဆင်းစိစစ်မှုများ လုပ်ဆောင်

**မန္တလေး ဩဂုတ် ၂၃**

မန္တလေးတိုင်းဒေသကြီးတွင် ပထမအကြိမ်အဖြစ် ဇူလိုင် ၂၅ ရက်မှ ဩဂုတ် ၁၄ ရက်အထိ ကပ်ထားကြေညာခဲ့သည့် မဲဆန္ဒရှင်စာရင်းများမှ ပြင်ဆင်ကန့်ကွက်တောင်းဆိုရန် လျှောက်ထားသူများအတွက် ပြန်လည်ဖြည့်စွက်ပြင်ဆင်ခြင်းလုပ်ငန်းများနှင့် ဒုတိယအကြိမ်အဖြစ် ထပ်မံကြေညာပေးမည့် မဲဆန္ဒရှင်စာရင်းများတွင် ပြည့်စုံမှန်ကန်မှုရှိစေရန် အိမ်တိုင်ရာရောက်ကွင်းဆင်းစိစစ်မှုများကို ဩဂုတ် ၁၅ ရက်မှ စတင်၍ လုပ်ဆောင်လျက်ရှိကြောင်း တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးကျော်ကျော်စိုးက ပြောကြားသည်။

"ပထမအကြိမ်ကြေညာခဲ့တဲ့ မဲစာရင်းတွေထဲက ပြင်ဆင်ကန့်ကွက် တောင်းဆိုသူတွေအတွက် ပြန်လည်ဖြည့်စွက် ပြင်ဆင်နုတ်ပယ်မှုလုပ်ငန်းတွေကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ လမ်းညွှန်မှုနဲ့ သက်ဆိုင်ရာ

*စာမျက်နှာ ၁၅ ကော်လံ ၃* ❁


KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

# ပြည်သူတို့၏ အသိဉာဏ်အားဖြင့် ကပ်ရောဂါဘေးကင်းဝေးရေး

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါပိုး ကူးစက်ပြန့်ပွားမှု အရှိန်မြင့်လာသည်နှင့်အမျှ မြန်မာနိုင်ငံမှ လူအပေါင်းကို အထူးပိုမိုသတိထား နေထိုင်ကြရန်နှင့် လုံးဝ မပေါ့ဆမိကြပါရန် နှိုးဆော်ရပါ သည်။

ရခိုင်ပြည်နယ် စစ်တွေမြို့တွင် ပြည်ပသို့ သွားရောက်ခဲ့ခြင်းလည်းမရှိ၊ ကိုဗစ်ရောဂါအတည်ပြုလူနာများနှင့်လည်း ထိတွေ့မှုမရှိသည့် ပြည်တွင်းကူးစက်မှု လူနာတစ်ဦးကို ၂၀၂၀ ပြည့်နှစ် ဩဂုတ်လ ၁၆ ရက်နေ့က ခတ်ခွဲတွေ့ရှိခဲ့ပါသည်။ ထိုနေ့မှစ၍ ယနေ့အချိန်ထိ ၇ ရက် ကာလအတွင်း ထပ်တိုးအတည်ပြုလူနာဦးရေ ၆၀ ကျော် ရှိသွားခဲ့ပြီ ဖြစ်ပါသည်။

လွန်ခဲ့သောရက်များက တဖြည်းဖြည်းချင်း ကူးစက်မှု လျော့ကျလာကာ ထိန်းချုပ်နိုင်မှုမြင့်တက်နေခဲ့ရာမှ ယခုကဲ့သို့ မြန်ဆန်သော ကူးစက်မှုဖြစ်လာသည်ကို အားလုံးသတိဖြင့် တုံ့ပြန်ကြရန် လိုပါသည်။ ကိုဗစ်-၁၉ ဗိုင်းရပ်စ်ပိုး၏ ဇီဝမျိုးဗီဇပြောင်းလဲမှုရှိနေသည်ကိုလည်း သုတေသနများက ဖော်ပြနေသည်ဖြစ်သောကြောင့် ပို၍ အနေအထိုင်အသွားအလာ ဆင်ခြင်ကြရန် လိုပါသည်။

ယနေ့အချိန်ထိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အတည်ပြုကြေညာနိုင်သည့် ဗိုင်းရပ်စ်ပိုးကာကွယ်ဆေး၊ ကုသဆေးတို့ မရှိသေးသည်ကိုလည်း မမေ့လျော့ကြဖို့ လိုပါသည်။

တစ်ကမ္ဘာလုံးတွင် ခတ်ခွဲစစ်ဆေးအတည်ပြုလူနာ သန်း ၂၀ ကျော်ရှိပြီး သေဆုံးသူဦးရေ ရှစ်သိန်းကျော်ရှိနေသည့် အနေအထားကိုကြည့်လျှင် ကိုဗစ်ကပ်ရောဂါ၏အန္တရာယ်ကို မြန်မာနိုင်ငံပြည်သူများအနေဖြင့် ပေါ့ပေါ့ဆဆ သဘောထား၍ မရနိုင်ပါ။ လွန်လွန်ကဲကဲ အစိုးရိမ်ကြီးနေ၊ အပူအပန်ကြီးနေဖို့ မလိုအပ်သော်လည်း ပေါ့ပေါ့တန်တန်နေရန်ကား လုံးဝမဖြစ်နိုင်ပါချေ။

ကမ္ဘာလုံးဆိုင်ရာ ကိုဗစ်ကပ်ရောဂါသည် မြန်မာနိုင်ငံကဲ့သို့သော အစစအရာရာ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေသည့် နိုင်ငံအဖို့ များစွာသော စိန်ခေါ်ချက်များဖြင့် ရင်ဆိုင်ကျော်လွှားရပါသည်။ စိန်ခေါ်မှုများပြားသည်ဆိုသော်လည်း ပြည်သူတို့၏ အားတက်သရော ပူးပေါင်းပါဝင်ကူညီမှုက များစွာ တာသွားသည်ဟု ဆိုရပါမည်။ ယခုကဲ့သို့သော တစ်နိုင်ငံလုံးဆိုင်ရာ အရေးများတွင် ပြည်သူလူထုအစိတ်အပိုင်းအသီးသီးက သူ့နေရာနှင့်သူ ပူးပေါင်းပါဝင်ကြမှုက အခရာကျပါသည်။ ထို့ကြောင့်လည်း ကိုဗစ်ကပ်ရောဂါ၏ ရိုက်ခတ်မှုဒဏ်အမျိုးမျိုးကို မြန်မာနိုင်ငံက တောင့်ခံနိုင်ခဲ့သည်ဟု ထင်မြင်ပါသည်။ ပြည်သူလူထု၏ အသိဉာဏ်မြင့်မားစွာ ပူးပေါင်းပါဝင်မှုကြောင့်ဟု ဆိုရပါမည်။ ယင်းတွင် ကျန်းမာရေးဝန်ကြီးဌာန တာဝန်ရှိသူများ၏ အခါအားလျော်စွာ ထုတ်ပြန်သော ကျန်းမာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းနှင့် ဥပဒေများကို ပြည်သူလူထုက အသိဉာဏ်ပညာဖြင့် နားလည်လေးစားကြခြင်း၊ ရောဂါကာကွယ်ရေး အခြေခံဆောင်ရန် ရှောင်ရန်များကို လိုက်နာခြင်းတို့က အဓိကအကျဆုံး လူထုပါဝင်ဆောင်ရွက်မှု ဖြစ်ပါသည်။

ယနေ့ကာလတွင် ရောဂါစတင်ဝင်ရောက်လာစဉ်က ကဲ့သို့ပင် ကျန်းမာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းနှင့် ဥပဒေများကို ပြည်သူတို့ ဆက်လက်လိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်။

ကိုဗစ်ဗိုင်းရပ်စ်ကာကွယ်ရေး၏ အခြေခံများဖြစ်သော လူစုလူဝေးမပြုလုပ်ခြင်း၊ တတ်နိုင်သမျှ အိမ်တွင်းနေခြင်း၊ အပြင်သို့ မဖြစ်မနေထွက်ရမည်ဆိုလျှင် မျက်နှာဖုံး နှာခေါင်းစည်းတို့ကို ဝတ်ဆင်ခြင်း၊ လူချင်း (အနည်းဆုံး ၆ ပေခန့်) ခပ်ခွာခွာနေကြခြင်း၊ လက်ကို စနစ်တကျဖြင့် အနည်းဆုံး စက္ကန့် ၂၀ ကြာ မကြာခဏ ဆေးကြောခြင်း စသည်တို့ဖြင့် ကပ်ရောဂါဘေးက ကင်းဝေးသည့် မိသားစုများဖြစ်အောင် အားထုတ်နိုင်ကြပါစေသတည်း။ ။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ပဲခူးတိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့၌ ဆောင်ရွက်လျက်ရှိသည့် CERP လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး



**နေပြည်တော် ဩဂုတ် ၂၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးအောင်ဇော်နိုင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီး / ခရိုင်နှင့် မြို့နယ်အဆင့် တာဝန်ရှိသူများသည် ယနေ့ နံနက် ၈ နာရီတွင် ပြည်မြို့ ဖုမ္မသိမ်ကျေးရွာတွင် "ကိုဗစ်-၁၉ စီးပွားရေး ထိခိုက်မှု သက်သာရေးစီမံချက်" (CERP) အရ ဆောင်ရွက်သည့် Cash For Work စီမံကိန်းလုပ်ငန်း ဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြည်မြို့နယ်အတွင်း၌ "ကိုဗစ်-၁၉ စီးပွားရေး ထိခိုက်မှု သက်သာရေးစီမံချက်" (CERP) အရ ဆောင်ရွက်သည့် မိုးစပါးမျိုးစေ့ထုတ် စိုက်ကွင်းများကို ကြည့်ရှုစစ်ဆေးအားပေးသည်။

ပြည်ခရိုင်တွင် ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက် (CERP) အရ မိုးစပါးမျိုးစေ့ထုတ် ဧကစုစုပေါင်း ၉၈၂၄ ဒသမ ၅ ဧက စိုက်ပျိုးသွားမည်ဖြစ်ပြီး ထောက်ပံ့ငွေကျပ် ၁၄၅၉၄၇၈၂၅၀ ပေးအပ်မည်ဖြစ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြည်မြို့နယ် ဇီးအုပ်ကျေးရွာရှိ စိုက်ပျိုးရေးဆိုင်ရာ လူထုအခြေပြု လေ့လာရေးစခန်းတွင် သင်တန်းတက်ရောက်လျက်ရှိသော တောင်သူလယ်သမား ကိုယ်စားလှယ် သင်တန်းသားများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက လက်ရှိအစိုးရကာလအတွင်း ဖြေရှင်းဆောင်ရွက်ပြီး ဆောင်ရွက်ဆဲ မြေယာပြဿနာများနှင့် လယ်ယာမြေ ဥပဒေဆိုင်ရာများကို လည်းကောင်း၊ တောင်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ကုန်ထုတ်လုပ်မှု၊ ဌာနဆိုင်ရာ ပုဂ္ဂလိကအသင်းအဖွဲ့များနှင့် ဆက်ဆံရေး၊ မြေယာပြဿနာ ဖြေရှင်းဆောင်ရွက်ရေးတို့ကို တောင်သူများကိုယ်တိုင် ဦးဆောင်ဦးရွက်ပြုနိုင်ကြစေရန် တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေအရ တောင်သူလယ်သမားအသင်းအစုအဖွဲ့များ ဖွဲ့စည်းရေးအတွက် တောင်သူလယ်သမားအဖွဲ့အစည်းဆိုင်ရာ ဥပဒေရေးဆွဲနေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်တို့က CERP စီမံကိန်းအရ မိုးစပါးမျိုးစေ့ထုတ်လုပ်ငန်းအတွက် ထောက်ပံ့ငွေနှင့် ဟင်းသီးဟင်းရွက်မျိုးစေ့များ ထောက်ပံ့ပေးအပ်သည်။**(အပေါ်ပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးနှင့်အဖွဲ့သည် သင်တန်းခန်းမဆောင်သစ် တည်ဆောက်နေမှုနှင့် ဘက်စုံစိုက်ပျိုးမွေးမြူရေး ပေါင်းစည်းလယ်ယာစနစ်တို့ကို ကြည့်ရှုစစ်ဆေးအားပေးကြသည်။

**အရင်းအနှီးငွေထုတ်ချေး**

ပြည်မြို့နယ်တွင် Cash For Work စီမံကိန်း ကိုးရွာ၌ လုပ်ငန်းခွဲပေါင်း ၂၅ ခုအား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး စီမံကိန်းအသုံးစရိတ် ၃၇ ရာခိုင်နှုန်းကို လုပ်ငန်းသုံးပစ္စည်းနှင့် ၆၃ ရာခိုင်နှုန်းကို လုပ်အားခအဖြစ် အသုံးပြုသွားမည်ဖြစ်သည်။ အလားတူ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း VRFP ကို ကျေးရွာရှစ်ရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ စိုက်ပျိုးရေးလုပ်ငန်း ၄၈၂ ခု၊ မွေးမြူရေးလုပ်ငန်း ၅၉ ခု၊ အရောင်းအဝယ်လုပ်ငန်း ၁၃၃ ခု၊ သက်မွေးလုပ်ငန်း ၁၀ ခု စုစုပေါင်း လုပ်ငန်း ၆၈၄ ခုကို အရင်းအနှီးငွေကျပ်သန်း ၂၂၀ ထုတ်ချေးပေးပြီးဖြစ်သည်။

ပဲခူးတိုင်းဒေသကြီး၌ Cash For Work စီမံကိန်းကို မြို့နယ် ၂၈ မြို့နယ်ရှိ ကျေးရွာ ၂၅၀ ၌ လုပ်ငန်းခွဲပေါင်း ၆၄၇ ခုအား ငွေကျပ်သန်း ၂၅၀၀ အသုံးပြုကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ကျေးရွာပေါင်း ၂၂၀ ၌ ငွေကျပ်သန်း ၅၉၀၀ အသုံးပြု၍ VRFP စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အလားတူ CERP အရ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ငါးမွေးတောင်သူ ၁၉၄၇ ဦး၏ ငါးမွေးကန် ၁၉၄၇၈ ဒသမ ၆၉ ဧကအတွက် ငွေကျပ် ၇၇၉ သန်းကျော် အသုံးပြု၍ ငါးသားပေါက်များ ထောက်ပံ့ပေးလျက်ရှိသည်။

**အားပေးစကားပြော**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဝင်းမော်ဌေးနှင့်အတူ အောင်လံမြို့နယ် လက်ပန်ကန်ကျေးရွာသို့ ရောက်ရှိကြပြီး Cash For Work စီမံကိန်းဖြင့် ဆောင်ရွက်ထားသော မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်း၊ လုပ်အားခငွေများ လက်ငင်းပေးချေနေမှု၊ မအူခုံကျေးရွာတွင် Cash For Work စီမံကိန်းဖြင့် ဆောင်ရွက်ထားသည့် ကျေးရွာကျောက်ချောလမ်းခင်း လုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဒေသနေပြည်သူများနှင့် တွေ့ဆုံ၍ အားပေးစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တောင်တွင်းကြီးမြို့နယ် ဝက္ကသေးကျေးရွာ၌ ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက် (CERP) အရ စိုက်ပျိုးထားရှိသည့် မိုးစပါးမျိုးစေ့ထုတ်စိုက်ခင်းနှင့် ကုန်ထုတ်လမ်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ဝက္ကသေးကျေးရွာရှိ မွေးမြူရေးတောင်သူများအား တိရစ္ဆာန်ကျန်းမာရေး စောင့်ရှောက်မှုသင်တန်းကို ကိုဗစ်-၁၉ ကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ ဖွင့်လှစ်ပို့ချပေးနေမှုကို ကြည့်ရှုအားပေးသည်။

မွေးမြူထုတ်လုပ်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပြန်လည်ဖော်ဆောင်ပေးနိုင်ရန် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ဇွန်လမှ စက်တင်ဘာလအတွင်း တိရစ္ဆာန်ကျန်းမာရေး စောင့်ရှောက်မှုသင်တန်း၊ မေထုန်မဲ့သားစပ်သင်တန်း၊ မွေးမြူထုတ်လုပ်မှု သင်တန်းများကို ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက် (CERP) အရ ငွေကျပ်သန်း ၁၄၄၀ အသုံးပြု၍ တိုင်းဒေသကြီး ပြည်နယ်ရှစ်ခုရှိ မြို့နယ် ၁၀၀ ၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကျေးရွာရပ်မိရပ်ဖများ၊ ငါးမွေးတောင်သူများ၊ သိုး၊ ဆိတ်၊ နွားမွေးမြူရေးလုပ်ကိုင်သူများနှင့် တွေ့ဆုံစဉ် မွေးမြူရေး ထွက်ကုန်များထုတ်လုပ်ရာတွင် ပြည်တွင်းစားသုံးမှုအတွက်သာမက နိုင်ငံတကာဈေးကွက်သို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် GAqP၊ GAHP ကျင့်စဉ်များကို တိကျစွာလိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက်(CERP)အရ မိုးစပါးမျိုးစေ့ထုတ်စိုက် တောင်သူများအတွက် ထောက်ပံ့ငွေများနှင့် ငါးမွေးတောင်သူများအတွက် ငါးသားပေါက်များနှင့် မိသားစုအိမ်ခြံဝင်း ဟင်းသီးဟင်းရွက်စိုက်ခင်းများ စိုက်ပျိုးကြရန် ဟင်းသီးဟင်းရွက် မျိုးစေ့များကို ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်- ၁၉ ကာလ မှိုမျိုးစုံ စိုက်ပျိုးထုတ်လုပ်ရေး နည်းပညာပေးသင်တန်းဖွင့်



**လားရှိုး ဩဂုတ် ၂၃**

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့နယ်တွင် ကိုဗစ် - ၁၉ ကာလ၌ ဒေသခံပြည်သူများ နေအိမ်ခြံဝင်းအတွင်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးတတ်စေရန် ရည်ရွယ်၍ မှိုမျိုးစုံစိုက်ပျိုးထုတ်လုပ်ရေးနည်းပညာပေးသင်တန်းကို ဩဂုတ် ၂၃ ရက် နံနက်က စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဦးကျော်မြင့်ဇော်က အမှာစကားပြောကြားပြီး **(ဝဲပုံ)** မှိုသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ (ရန်ကုန်) မှ ဦးစီးအရာရှိ ဒေါ်တင်စုလှိုင်က မှိုမျိုးစုံစိုက်ပျိုးရေးနှင့် ပတ်သက်သည့် နည်းပညာများကို သင်ကြားပို့ချသည်။

အဆိုပါသင်တန်းသို့ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ် ဦးစီးမှူးရုံး၊ ခရိုင်ရုံး၊ မြို့နယ်ရုံးများမှ စိုက်ပျိုးရေးဝန်ထမ်းများ တက်ရောက်ကြောင်း သိရသည်။

**မောင်ကျော်ကြီး**

# ပြည်သူသာလျှင် အဓိက

## ရန်ကုန်-မော်လမြိုင်လမ်းပိုင်း၌ လေအိတ်ရထား အမှတ်(၈၃)အဆန်၊ အမှတ်(၈၄)အစုန် လူစီးအမြန်ရထား တိုးချဲ့ပြေးဆွဲ

**နေပြည်တော် ဩဂုတ် ၂၃**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ ရန်ကုန်-မော်လမြိုင်လမ်းပိုင်း၌ လေအိတ်တွဲဆိုင်းအသစ်များဖြင့် အမှတ်(၈၃)အဆန်လူစီးအမြန်ရထားနှင့် အမှတ်(၈၄)အစုန်လူစီးအမြန်ရထား စတင်ပြေးဆွဲပေးခြင်း အခမ်းအနားကို ယမန်နေ့ ည ၉ နာရီတွင် မော်လမြိုင်ဘူတာ အမှတ်(၁)စင်္ကြံ၌ ကျင်းပသည်။ **(ယာပုံ)**



ခရီးစဉ် အမှတ်(၈၃)အဆန်လူစီးအမြန်ရထား တိုးချဲ့ပြေးဆွဲခြင်းအခမ်းအနားကို ယင်းနေ့ ည ၈ နာရီတွင် ကျင်းပခဲ့သည်။

**တက်ရောက်**

အခမ်းအနားသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့် ပြည်နယ်ဝန်ကြီးများ၊ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးဘမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ရထားစီးခရီးသွားမိဘပြည်သူများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့်အညီ Social Distancing ရရှိရေးအတွက် တစ်ဦးနှင့်တစ်ဦး ထိုင်ခုံခြား၍ ထိုင်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားပါကြောင်း၊ ယခုပြေးဆွဲသည့် လမ်းပိုင်းအား ခုန်ခြင်း၊ ဆောင့်ခြင်း၊ လူးလွန့်လှုပ်ခါခြင်းများ သက်သာအောင် ကိုးချောင်းဆက်သံလမ်း ခင်းခြင်း၊ ကျောက်ဖြည့်ပါကင်ရိုက်ခြင်းများ ဆောင်ရွက်ပေးထားပြီး ရထား မောင်းနှင်ချိန်အား သတ်မှတ်အချိန်ထက်လျှော့၍ မောင်းနှင်နိုင်ရန် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

**အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့် တာဝန်ရှိသူများက ရထားစီးခရီးသွားပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့အတူ ရန်ကုန်ဘူတာကြီးရှိ အမှတ်(၁)စင်္ကြံတွင် ရန်ကုန်-မော်လမြိုင်

**စုစုပေါင်း ၁၀ တွဲဖြင့် ပြေးဆွဲ**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ ရန်ကုန်-မော်လမြိုင် ရထားလမ်းပိုင်းတွင် ယခုပြေးဆွဲပေးသည့် လေအိတ်ရထားတွဲများမှာ ကိုရီးယားသမ္မတနိုင်ငံ ချေးငွေဖြင့်ဝယ်ယူခဲ့ပြီး အထက်တန်းတွဲလေးတွဲ၊ ရိုးရိုးတန်းတွဲ ငါးတွဲ၊ လူစီးဘရိတ်တွဲတစ်တွဲ စုစုပေါင်း ၁၀ တွဲဖြင့် ပြေးဆွဲပေးသွားမည်ဖြစ်သည်။ လက်မှတ်ခနှုန်းထားများအနေဖြင့် ခရီးစဉ် စ/ဆုံး အထက်တန်း (ထိုင်ခုံ) တစ်ဦးလျှင် ငွေကျပ် ၈၀၀၀၊ ရိုးရိုးတန်း(ထိုင်ခုံ) တစ်ဦးလျှင် ငွေကျပ် ၄၀၀၀ နှုန်းဖြစ်ပြီး လမ်းခရီးတွင် ပဲခူး၊ ကျိုက်ထို၊ တောင်စွန်း၊ သထုံ၊ ပေါင်ဘူတာများတွင် ရပ်တန့်ပေးသွားမည်ဖြစ်သည်။ အမှတ်(၈၃) အဆန် အမြန်ရထားသည် ရန်ကုန်ဘူတာမှ ည ၈ နာရီ ထွက်ခွာမည်ဖြစ်ပြီး မော်လမြိုင်ဘူတာသို့ နောက်တစ်နေ့နံနက် ၅ နာရီ ၁၅ မိနစ်တွင် ရောက်ရှိမည်ဖြစ်သည်။ အမှတ်(၈၄) အစုန် အမြန်ရထားသည် မော်လမြိုင်ဘူတာမှ ည ၉ နာရီတွင် ထွက်ခွာမည်ဖြစ်ပြီး ရန်ကုန်ဘူတာသို့ နောက်တစ်နေ့နံနက် ၆ နာရီတွင် ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်း ရန်ကုန်-ပုသိမ်လမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၂၃**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းသည် ဩဂုတ် ၂၂ ရက် ညနေပိုင်းတွင် ရန်ကုန်-ပုသိမ်လမ်း (ရန်ကုန်-ဗိုလ်မြတ်ထွန်းတံတားအပိုင်း) ၃၆ မိုင်အား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

ရှေးဦးစွာ မိုင်(၂၆/၅) ရှိ လုပ်ငန်းခွင်ရှင်းလင်းဆောင်တွင် ဧရာဝတီတိုင်းဒေသကြီး ညွှန်ကြားရေးမှူး (မြို့ပြ) ဦးရန်နိုင်ဇော်က လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း လျာထားချက်နှင့် ပြီးစီးမှု၊ လက်ရှိတံတားများအား လေးလမ်းသွားတံတားများအဖြစ် တိုးချဲ့နေမှု၊ ရေနှင့် ထိစပ်နေသော လမ်းပိုင်းများတွင် လမ်းမြေသားအိကျမှု ကာကွယ်ရေး ဆောင်ရွက်မည့်အခြေအနေများအား ရှင်းလင်းတင်ပြသည်။

ယင်းနောက် တံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေအောင်ရဲမြင့်က ရန်ကုန်-ပုသိမ်လမ်း၊ ငရုတ်ကောင်း-ငွေဆောင်-ချောင်းသာလမ်းနှင့် ပတ်သက်၍ ရန်ကုန်-ပုသိမ်လမ်းကို လမ်းကြောင်းသုံးခုရှိကြောင်း၊ လမ်းအမှတ်(၁) မှာ ရန်ကုန်-ဆားမလောက်-ပုသိမ်လမ်း၊ လမ်းအမှတ်(၂)မှာ ရန်ကုန်-ကော့မှူး-ဒေးဒရဲ-ဖျာပုံ-ဘိုကလေး-မော်ကျွန်း-ဝါးခယ်မ-ပုသိမ်လမ်းဖြစ်ပြီး ၎င်းလမ်းပေါ်ရှိ တည်ဆောက်ဆဲတံတားများ၏ ပြီးစီးမှုနှင့် လမ်းအမှတ်(၃) မှာ ရန်ကုန်-တွံတေး-မအူပင်-ရေလဲကလေး-ရွှေလောင်း-ကျွန်းကုန်း-ပုသိမ်လမ်းတို့ဖြစ်ကြောင်း စသည်ဖြင့် လမ်းသုံးလမ်းအခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။



ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက လမ်းအမှတ်(၁)မှာ လက်ရှိအသုံးပြုလျက်ရှိပြီး လမ်းအမှတ်(၂)မှာ မကြာမီ အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း၊ လမ်းအမှတ်(၃)မှာ ရေလဲကလေးနှင့် ရွှေလောင်းအပိုင်းမှာ ကျန်ရှိနေသေး၍ လမ်းအူကြောင်းနှင့် လမ်းဖောက်လုပ်ခြင်း လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်သွားကြရန်နှင့် လက်ရှိ ရန်ကုန်-ပုသိမ်လမ်း အဆင့်မြှင့်တင်ရာ၌ လမ်းမြေသားအိကျမှု ကာကွယ်ရေးအတွက် ပိုင်ရိုက်ရမည့် ပုံစံများ၊ လမ်းညွှန်အမှတ်အသားများနှင့် အကာအရံများ၊ လမ်းအန္တရာယ် ကာကွယ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ပုံစံများ အဆုံးအဖြတ်ပေးခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မိုင် (၃၀/၃) အနီးတွင် ရေထိစပ်နေသော အပိုင်းအား ပိုင်ရိုက်သွင်းနေမှုများအား ကြည့်ရှုစစ်ဆေးပြီး ဒီဇိုင်းပုံစံအတိုင်း ဆောင်ရွက်နိုင်ရန် မှာကြားသည်။

ရန်ကုန်-ပုသိမ်လမ်း မိုင် (၅/၄) မှ (၄၁/၄)အထိ ၃၆ မိုင်အား ၃၆ ပေ အကျယ်နှင့် ပေ ၃၀ အကျယ် ကွန်ကရစ်လမ်းဖြင့် အဆင့်မြှင့်တင်ရာတွင် အပြီးသတ်လုပ်ငန်းများနှင့် လမ်းအန္တရာယ်ကာကွယ်ရေးအတွက် လမ်းညွှန်အမှတ်အသားများနှင့် အကာအရံလုပ်ငန်းများသာကျန်ပြီး လမ်းလုပ်ငန်းမှာ ၉၈ ရာခိုင်နှုန်း ပြီးစီးနေပြီး ခရီးသွားပြည်သူများ အဆင်ပြေစွာ သွားလာအသုံးပြုလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၂၃**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

**မိုး/ဇလ**

❍ *ကျောဖုံးမှ*

ဗဟိုကွင်းဆင်းအဖွဲ့ခေါင်းဆောင် ညွှန်ကြားရေးမှူး (ကူးစက်ရောဂါနှိမ်နင်းရေး) ဒေါက်တာဉာဏ်ဝင်းမြင့်၊ စစ်တွေပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဇော်လွင်နှင့် တာဝန်ရှိသူများက စစ်တွေလေဆိပ်၌ ကြိုဆိုကြသည်။

"မိမိဆန္ဒအလျောက်" ရခိုင်ပြည်နယ်တွင် ယာယီတာဝန်ထမ်းဆောင်ကြမည့် ဆရာဝန်နှင့် သူနာပြုများတွင် ဒုတိယပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး တစ်ဦး၊ ရောဂါဗေဒ အထူးကုဆရာဝန်ကြီး တစ်ဦး၊ လက်ထောက်ဆရာဝန် (မေ့ဆေးအထူးကု) သုံးဦး၊ လက်ထောက် ဆရာဝန် (ဆေးပညာအထူးကု) တစ်ဦး၊ လက်ထောက်ဆရာဝန် (ရောဂါဗေဒ) တစ်ဦး၊ လက်ထောက်ဆရာဝန် (အဏုဇီဝဗေဒ)တစ်ဦး၊ လက်ထောက်ဆရာဝန် ၁၃ ဦး၊ သူနာပြုဆရာအုပ်ကြီး တစ်ဦး၊ အထက်တန်းသူနာပြု တစ်ဦးနှင့် သူနာပြု တစ်ဦးတို့ ဖြစ်သည်။

အဆိုပါ အထူးလေယာဉ်ဖြင့် ရခိုင်ပြည်နယ်တွင် ကိုဗစ် -၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများအတွက် ဆေးနှင့် ဆေးပစ္စည်းကိရိယာများလည်း ပါရှိကြောင်း သိရသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် မေ ၁ ရက်မှ ၃၁ ရက်အထိ ၁၁၆၈၀၊ ဇွန် ၁ ရက်မှ ၃၀ ရက်အထိ ၂၅၃၃၈ ဦး၊ ဇူလိုင် ၁ ရက်မှ ၃၁ ရက်အထိ ၁၈၅၉၇ ဦး၊ ဩဂုတ် ၁ ရက်မှ ၂၃ ရက်အထိ ၁၂၅၄၃ ဦး စုစုပေါင်း ၆၈၁၅၈ ဦးတို့ ပြန်လည်ဝင်ရောက်ခဲ့ပြီး ဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်သူများမှာ တိုင်းဒေသကြီး၊ ပြည်နယ်များမှ အမျိုးသား ၃၁၇ ဦး၊ အမျိုးသမီး ၁၇၅ ဦး စုစုပေါင်း ၄၉၂ ဦးဖြစ်ပြီး သက်ဆိုင်ရာ အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းများသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် သန်လျင်နှင့် ကျောက်တန်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၃

**ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဒုတိယဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ယနေ့ နံနက် ၈ နာရီက သန်လျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် သန်လျင်နှင့် ကျောက်တန်းမြို့နယ်အတွင်းရှိ တောင်သူလယ်သမားများ၊ ကုန်သည်များ၊ ပွဲစားများ၊ ဆန်စက်လုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။** (အောက်ပုံ)



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ကမ္ဘာ့နိုင်ငံအနှံ့အပြားတွင် ကိုဗစ်-၁၉ ကြောင့် စားနပ်ရိက္ခာပြတ်လပ်မှုကို မလွှဲမသွေကြုံတွေ့ရမည်ဖြစ်သည့်အတွက် မြန်မာနိုင်ငံအနေဖြင့် အနာဂတ်တွင် စားနပ်ရိက္ခာထုတ်လုပ်သည့်နိုင်ငံအဖြစ် ရပ်တည်နိုင်မည်ဆိုပါက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအထောက်အကူဖြစ်နိုင်မည်ဖြစ်ရာ စပါး၊ ပဲ၊ ပြောင်းအပါအဝင် လယ်ယာထွက်ကုန်ထုတ်လုပ်သည့် လုပ်ငန်းများတွင် တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်သည့် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေကြသူများအနေဖြင့် ရေမြေရာသီဥတုအားသာချက်ကို အမိအရဆုပ်ကိုင်၍ လယ်ယာထုတ်ကုန်များ တိုးတက်ထုတ်လုပ်ကြစေရန်နှင့် လိုအပ်သည့်နည်းပညာနှင့် ဈေးကွက်ရရှိရေးအတွက်လည်း သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းပေးမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် ကျောက်တန်းမြို့နယ် သီလဝါရှိ Wilmar Myanmar Group ၏ ဆန်စပါး၊ ဂျုံနှင့် ဆီ ထုတ်လုပ်ရေးစက်ရုံသို့ သွားရောက်စစ်ဆေးရာ စက်ရုံတွင် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ၊ Wilmar Myanmar Group Director ဦးမောင်ကျေးနှင့် တာဝန်ရှိသူများက စက်ရုံဝင်းအတွင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်အရ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် နိုင်ငံတကာဆိပ်ကမ်းတည်ဆောက်မှု၊ စပါးတန် ၅၂၀၀၀ သိုလှောင်နိုင်သည့် ဆိုင်လိုများတည်ဆောက်ထားရှိမှုအခြေအနေ၊ တစ်ရက်တန် ၃၀၀ ကျ စပါးပေါင်းစက်ရုံများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေနှင့် တစ်ရက်တန် ၄၀၀ ဖွဲနုဆီစက်နှင့် တစ်ရက်(၈) မီဂါဝပ်စပါးခွံသုံး လျှပ်စစ်ဓာတ်အားထုတ်စက်များ တည်ဆောက်မှုအစီအစဉ်၊ တန် ၅၂၀၀၀ ကျ ဂျုံစက်တည်ဆောက်မည့်အစီအစဉ်နှင့် လက်ရှိလုပ်ငန်းများတွင် လည်ပတ်နေသည့် စားသုံးဆီများ၊ Consumer Pack ဖြင့် ထည့်သွင်းဖြန့်ဖြူးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက Wilmar Myanmar Ltd အနေဖြင့် သီလဝါဒေသအတွင်း လယ်ယာထုတ်ကုန်အခြေပြု ကုန်ထုတ်လုပ်ငန်းများကို ပြည်တွင်းလုပ်ငန်းရှင်အချို့နှင့် အကျိုးတူပူးပေါင်း၍ နိုင်ငံတကာအဆင့်မီ အဆင့်မြင့်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရပါကြောင်း၊ ယခုလိုရင်းနှီးမြှုပ်နှံမှုများ တိုးတက်ပြောင်းလဲလာပါက စပါးစိုက်တောင်သူများအတွက် များစွာအကျိုးရှိနိုင်မည်ဖြစ်သလို လုပ်ငန်းရှင်များကလည်း နမူနာယူစရာနည်းပညာများရရှိနိုင်မည်ဖြစ်၍ နိုင်ငံတော်မှ သတ်မှတ်ချက်များနှင့်အညီ အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် မှာကြားသည်။

### ညှိနှိုင်းဆောင်ရွက်

ဆက်လက်၍ ကျောက်တန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမတွင် ကျောက်တန်းမြို့နယ်ရှိ ဒေသခံပြည်သူများ၊ စက်ပိုင်၊ ကုန်သည်ပွဲစား၊ တောင်သူများနှင့်တွေ့ဆုံ၍ ကိုဗစ်-၁၉ ကြောင့် ထိခိုက်နစ်နာမှုများအပေါ် နိုင်ငံတော်မှ စီစဉ်ပေးနေမှုအခြေအနေများ၊ ပြည်သူများက ပါဝင်ဆောင်ရွက်ပေးရန် လိုအပ်ချက်များနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သင့်သည့် အလားအလာများအပေါ် အမှာစကားပြောကြားပြီး ဒေသခံများ၏ မေးမြန်းမှုများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ကျောက်တန်းမြို့နယ် ညောင်ဝိုင်းကျေးရွာ၌ ကိုဗစ်-၁၉ စီးပွားရေးကုစားမှု အစီအစဉ်၏ ထောက်ပံ့မှုအရ ဆောင်ရွက်လျက်ရှိသော တောင်သူ ဦးသိန်းဝင်း၏ မိုးစပါးမျိုးစေ့ထုတ်စိုက်ခင်း၏ စိုက်ပျိုးထုတ်လုပ်အောင်မြင်မှုများအား ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများ၏ တင်ပြချက်များအပေါ် ရှင်းလင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကျောက်တံခါးနှင့် ညောင်လေးပင်မြို့နယ်အတွင်း ထိခိုက်လွယ်အုပ်စုများအား ထောက်ပံ့ခြင်းနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ထောက်ပံ့ခြင်းများ ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၃**

**အစိုးရ၏ ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှုသက်သာရေး စီမံချက်အရ ထိခိုက်လွယ်အုပ်စုများအား ငွေကြေးအကူအညီပေးခြင်း၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ထောက်ပံ့ပေးခြင်းလုပ်ငန်းများကို ယနေ့ နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်နှင့် ကျောက်တံခါးမြို့နယ်တို့တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေး ညွှန်ကြားချက်များနှင့်အညီ ပြုလုပ်သည်။**

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးကြည်ဇင်၊ တိုင်းဒေသကြီး ကရင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဒေါ်နော်ပွယ်စေး၊ ညွှန်ကြားရေးမှူးချုပ်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ကျောက်တံခါးမြို့နယ် စီမံကိန်းဦးစီးရုံး အစည်းအဝေးခန်းမ၌ မသန်စွမ်းသူများ၊ ရပ်မိရပ်ဖများ၊ မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

### အလေးထားဆောင်ရွက်

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက အစိုးရ၏ ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှုသက်သာရေး အစီအစဉ်အရ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၊ ကိုယ်ဝန်ဆောင်မိခင်များ ထောက်ပံ့ခြင်းကို မိမိတို့ ဝန်ကြီးဌာနက တာဝန်ယူ၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းများကိုလည်း ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ကာလ မပြီးသေးသည့်အတွက် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသ၊ တုံ့ပြန်ရေး လုပ်ငန်းများကို အစိုးရက အလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ အစိုးရ၏ ညွှန်ကြားချက်များ၊ ထုတ်ပြန်ထားသော စည်းကမ်းချက်များကို ဂရုတစိုက် အလေးထားလိုက်နာကြရန် လိုအပ်ပါကြောင်း၊ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အသက်(၈၅)နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား လူမှုရေးပင်စင်ကို ပုံမှန်ထောက်ပံ့ပေးပါကြောင်း၊ မသန်စွမ်းသူများအတွက်လည်း ကနဦး တစ်ကြိမ်ထောက်ပံ့ပြီးဖြစ်ကြောင်း။

### ပူးပေါင်းပါဝင်ပေးကြရန်

ယခုအခါ CERP အစီအစဉ်အရ အသက် (၈၀) နှင့် အထက် (၈၅)နှစ်အောက် ဘိုးဘွားများအား တစ်ကြိမ်ထောက်ပံ့မည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ကာလအတွင်း ထပ်မံရရှိသောစာရင်းများအရ မသန်စွမ်းသူများအား တစ်ကြိမ်ထောက်ပံ့မည်ဖြစ်ကြောင်း၊ ကိုယ်ဝန်ဆောင်မိခင်နှင့် ၎င်းမှ မွေးဖွားသော အသက်(၂) နှစ်အောက် ကလေးငယ်များအား ငွေကြေးထောက်ပံ့ခြင်းကို ပြည်နယ်နှင့် တိုင်းဒေသကြီး ခုနစ်ခုတွင် ဆောင်ရွက်လျက်ရှိရာ ထိုအစီအစဉ်တွင် အကျုံးမဝင်သည့် ကိုယ်ဝန်ဆောင်မိခင်များအတွက် "ငွေဗိုက်" အက်ပလီကေးရှင်းဖြင့် စာရင်းကောက်ယူပြီး ထောက်ပံ့မှုတစ်ကြိမ်ပေးမည် ဖြစ်ကြောင်း၊ လူသားစွမ်းရည်အရင်း အမြစ်ကောင်းများ ပေါ်ထွက်လာရေး ရည်ရွယ်၍ ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေး၊ ဖွံ့ဖြိုးရေးနှင့် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းဖြင့် မိမိတို့ဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုစီမံချက်အရ ညောင်လေးပင်မြို့နယ်နှင့် ကျောက်တံခါးမြို့နယ်အတွင်းရှိ အသက်(၃)နှစ်အောက် ကလေးငယ်များ ပုံမှန်ဖွံ့ဖြိုးမှု ရှိ၊ မရှိ ဆန်းစစ်ခြင်းနှင့် မသန်စွမ်းမှု ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းကို ဝန်ကြီးဌာန၏ ဘာသာရပ်ကျွမ်းကျင်ဝန်ထမ်းများက ရပ်ကွက်၊ ကျေးရွာအရောက် အဖွဲ့ဖြင့် လိုက်လံဆောင်ရွက်ပေးမည် ဖြစ်ကြောင်း၊ ဆန်းစစ်မှုများအရ အချိန်မီပြုစုကုသရန်လိုအပ်သော ကလေးငယ်များအား သက်ဆိုင်ရာ ကျန်းမာရေးဌာနများသို့ ချိတ်ဆက်ညွှန်းပို့ပေးမည် ဖြစ်ကြောင်းနှင့် ပူးပေါင်းပါဝင်ပေးကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ကျောက်တံခါးမြို့နယ်အတွင်းရှိ မသန်စွမ်းသူ ၃၂၃ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် သုံးသောင်းနှုန်းဖြင့် စုစုပေါင်း ထောက်ပံ့ငွေကျပ် ၉၆၉၀၀၀၀၊ ကျောက်တံခါးမြို့နယ် ကျေးရိုးကျေးရွာအုပ်စု သူဌေးကုန်း-ကင်းရွာ-ရမ်းတိုလာ တံတားလမ်း၊ ဂဝံလမ်းခင်းခြင်း ဆောင်ရွက်ရန်အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ထောက်ပံ့ငွေကျပ် ၅၆ ဒသမ ၃၉ သန်း၊ ဖြူးစုကျေးရွာအုပ်စုအတွင်း ရေကြီးရေလျှံမှုကြောင့် ပျက်စီးသွားသော ကျန်စစ်သား-ခလောင်လမ်း ပြုပြင်ရန်အတွက် ငွေကျပ် ၁၀ သိန်း၊ သူဌေးကုန်း - ဟာရီဘန်း ကျေးရွာချင်းဆက်လမ်း ပြုပြင်ရန်အတွက် ငွေကျပ်သိန်း ၅၀ တို့ကို သက်ဆိုင်ရာ တာဝန်ရှိသူများထံသို့ ပေးအပ်သည်။

ဆက်လက်၍ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ကျောက်တံခါးမြို့နယ်နှင့် ညောင်လေးပင်မြို့နယ်တို့တွင် ဆောင်ရွက်မည့် အသက်သုံးနှစ်အောက် ကလေးများ ပုံမှန်ဖွံ့ဖြိုးမှု ဆန်းစစ်ခြင်းနှင့် မသန်စွမ်းဖြစ်မှု ကြိုတင်ကာကွယ်ရေး စီမံကိန်းအကြောင်းကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျောက်တံခါးမြို့ မြို့ပေါ်ရပ်ကွက်အတွင်း၌ အသက် (၈၀)နှင့်အထက် (၈၅) နှစ်အောက် ဘိုးဘွားများနေအိမ်သို့ သွားရောက်၍ ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှုသက်သာရေးအစီအစဉ်အရ ဘိုးဘွား ၁၅ ဦးအား တစ်ဦးလျှင် ထောက်ပံ့ငွေကျပ် သုံးသောင်းကို ဂါရဝပြုပေးအပ်ကြသည်။ **(ဝဲပုံ)**



မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညောင်လေးပင်မြို့နယ် ရွှေကျင်နိကာယ တောရကျောင်း၊ ပရိယတ္တိစာသင်တိုက်သို့ ရောက်ရှိပြီး ဆရာတော်အား ဖူးမြော်ကြည်ညို၍ ဝါဆိုသင်္ကန်းနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှု သက်သာရေးအစီအစဉ်အရ ညောင်လေးပင်မြို့နယ် အတွင်းရှိ မသန်စွမ်းသူ ၁၉၅၆ ဦးအတွက် စုစုပေါင်း ထောက်ပံ့ငွေကျပ် ၅၈၆၈၀၀၀၀ တို့ကို သက်ဆိုင်ရာ တာဝန်ရှိသူများထံ ပေးအပ်ပြီး လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

### ဂါရဝပြုပေးအပ်

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညောင်လေးပင်မြို့ မြို့ပေါ်ရပ်ကွက်အတွင်း၌ အသက် (၈၀)နှင့်အထက် (၈၅)နှစ်အောက် ဘိုးဘွားများနေအိမ်သို့ သွားရောက်ပြီး ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှု သက်သာရေး အစီအစဉ်အရ ဘိုးဘွား ၁၅ ဦးကို တစ်ဦးလျှင် ထောက်ပံ့ငွေကျပ် သုံးသောင်းကို ဂါရဝပြုပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ မိတ္ထီလာမြို့နယ်နှင့် မန္တလေးခရိုင်အတွင်းရှိ ဒေသခံပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်ပေးမှု ကြည့်ရှုအားပေး

**နေပြည်တော် ဩဂုတ် ၂၃**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် ဒုတိယဝန်ကြီး ဦးမြင့်ကြိုင်နှင့်အတူ ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် မွေကျေးရွာအုပ်စု မွေကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် သစ္စာစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပြီးဖြစ်သော နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲသို့ တက်ရောက်အားပေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက မွေကျေးရွာအုပ်စုအတွင်း သစ္စာစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပြီးဖြစ်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကျေးရွာပြည်သူတစ်ဦးချင်းထံ ပေးအပ်ကြသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အဆိုပါခန်းမအတွင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ဒေသခံကျေးရွာပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးနိုင်ရေးအတွက် မှတ်တမ်းမှတ်ရာ၊ စာရွက်စာတမ်းများ ဖြည့်သွင်းပြုစုဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ကနောင်စက်မှုခန်းမ၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ဒေသခံပြည်သူများအား သစ္စာစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်ထုတ်ပေးနေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး ဒေသခံပြည်သူများကို လုပ်ငန်းလိုအပ်ချက်များ မေးမြန်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ **(အပေါ်ယာပုံ)**



ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အဆိုပါခန်းမ၌ ကျင်းပသည့် မန္တလေးခရိုင်အတွင်းရှိ မြို့နယ်များမှ ပြည်သူများအတွက် သစ္စာစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ခဲ့သည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲ အခမ်းအနားသို့တက်ရောက်၍ အမှာစကားပြောကြားရာတွင် လက်ရှိနိုင်ငံတော်အစိုးရ စတင်တာဝန်ယူချိန်မှစ၍ မိမိတို့ဌာနအနေဖြင့် ပြည်သူတို့၏ အဓိကလိုအပ်ချက်ဖြစ်သော နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေးလုပ်ငန်းကို သက်ဆိုင်ရာမြို့နယ် ဦးစီးမှူးရုံးများ၌ ဆောင်ရွက်ပေးနေသည့်အပြင် သစ္စာစီမံချက်ရေးဆွဲကာ စက်ရုံအလုပ်ရုံ၊ စက်မှုဇုန်များ၊ စာသင်ကျောင်းများ၊ ရပ်ကွက်/ ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ပေးနေစဉ် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် ကွင်းဆင်းဆောင်ရွက်ပေးရန် ကန့်သတ်ချက်များရှိသဖြင့် ရုံးများ၌သာ ဆောင်ရွက်ပေးခဲ့ရပါကြောင်း၊ ယခုအခါ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသူအားလုံး မဲပေးပိုင်ခွင့် ရရှိစေရေးအတွက် မိမိတို့ဌာနအပါအဝင် ဆက်စပ်ဌာနအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မဲစာရင်းတွင် ပါဝင်သူများကို ကိုင်ဆောင်သင့်သည့် မှတ်ပုံတင်ကတ်ပြားတစ်မျိုးမျိုး ရရှိထုတ်ပေးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မှတ်ပုံတင်ကတ်ပြားတစ်မျိုးမျိုး မရှိသော်လည်း မဲပေးခွင့်မဆုံးရှုံးစေရေးအတွက် သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက စီမံဆောင်ရွက်ထားရှိကြောင်းကိုလည်း အသိပေးပြောကြားလိုပါကြောင်း၊ မိမိတို့ဌာနအနေဖြင့်လည်း ယခုကာလအတွင်း သစ္စာစီမံချက်ဖြင့် ရုံးပိတ်ရက်များပါမကျန် ကွင်းဆင်းဆောင်ရွက်ပေးနေမှုအပေါ် ဆက်စပ်ဌာနများနှင့် ပြည်သူအားလုံးက ဝိုင်းဝန်းကူညီပံ့ပိုး ဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မန္တလေးခရိုင်အတွင်းရှိ မြို့နယ်အသီးသီး၌ သစ္စာစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပြီးဖြစ်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးအောင်ကြည်နှင့် တာဝန်ရှိသူတို့က သက်ဆိုင်ရာမြို့နယ်များမှ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူတစ်ဦးချင်းထံ ပေးအပ်ကြသည်။ ယင်းနောက် နိုင်ငံသားစိစစ်ရေးကတ်ပြား ရရှိသူပြည်သူများကိုယ်စား ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ယနေ့တွင် မိတ္ထီလာမြို့နယ် မွေကျေးရွာအုပ်စုအတွင်းရှိ ဒေသခံ ပြည်သူ ၁၁၂ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်မှ ဒေသခံပြည်သူ ၂၅၃၃ ဦးအား နိုင်ငံသား စိစစ်ရေးကတ်ပြားများ ထုတ်ပေးခဲ့ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး မြို့တော်ခန်းမ၌ မန္တလေးတိုင်းဒေသကြီး အတွင်းရှိ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာ တိုင်း/ ခရိုင်/ မြို့နယ်ဦးစီးမှူးများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာန အနေဖြင့် အသွင်သဏ္ဌာန်နှင့် အနှစ်သာရ ပြောင်းလဲရေးကို အလေးထားဆောင်ရွက်နေသကဲ့သို့ ဝန်ဆောင်မှုပေးရသည့် ဌာနဖြစ်သည်နှင့်အညီ ပြည်သူကိုဗဟိုပြု၍ ပြည်သူတို့၏ လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဌာန၏ မူဝါဒရည်မှန်းချက်များကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဝန်ထမ်းများ ကွင်းဆင်းဆောင်ရွက်ကြရသော်လည်း ရုံးတွင်ဆောင်ရွက်ရသည့် သမ္မဇဉ်လုပ်ငန်းများ မကျန်ရှိစေရေးအတွက်လည်း စနစ်တကျ ဆောင်ရွက်ကြရန်လိုကြောင်း၊ ဌာန၏လုပ်ငန်းသဘောသဘာဝအရ စနစ်တကျ စိစစ်ဆောင်ရွက်ရသဖြင့် အချိန်အတိုင်းအတာတစ်ခုထိ ကြန့်ကြာမှုများရှိမှုအပေါ် ပြည်သူများသိရှိနားလည်စေရေးအတွက် ရှင်းလင်းချပြကြရန်လိုကြောင်း၊

မဲစာရင်းတိကျမှန်ကန်စေရေးနှင့် မဲစာရင်းတွင်ပါရှိသူများအား ကိုင်ဆောင်သင့်သည့် မှတ်ပုံတင်ကတ်ပြားတစ်မျိုးမျိုး ရရှိစေရေးအတွက် သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့နှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ကြရန်လိုကြောင်း၊ ယခုအခါ ဝန်ထမ်းများသည် ရုံးပိတ်ရက်များတွင် အနားမယူဘဲ ကွင်းဆင်းဆောင်ရွက်ပေးမှုများကို အသိအမှတ်ပြုပါကြောင်း၊ အခြားတိုင်းဒေသကြီး / ပြည်နယ်များမှ ဝန်ထမ်းများသည်လည်း ယခုကဲ့သို့ လုပ်ငန်းများကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ဆောင်ရွက်နေကြပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် ပြောင်းလဲနေသော ခေတ်စနစ်ကို မျက်ခြည်ပြတ်မခံဘဲ လုပ်ငန်းဆောင်ရွက်ချက်တိုင်းအား ပွင့်လင်းမြင်သာမှု၊ အဂတိကင်းရှင်းမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ ဝန်ထမ်းတစ်ဦးချင်း၏ ပြုမူဆောင်ရွက်ချက်များသည် ဌာန၏ပုံရိပ်ဖြစ်သည်နှင့်အညီ ကောင်းမြတ်သော အစဉ်အလာများကို ဆက်လက်ထိန်းသိမ်း ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်ယဉ်ဦးက မဲစာရင်းထုတ်ပြန်ရာတွင် ကိုင်ဆောင်သင့်သည် ကတ်ပြားအမှတ်များ ဖြည့်သွင်းရန် ကျန်ရှိမှုအပေါ် ပြန်လည်ဖြည့်သွင်းဆောင်ရွက်နေမှုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး မဲစာရင်းတိကျမှန်ကန်စေရေးနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေးလုပ်ငန်းကို ဦးစားပေးလုပ်ငန်းအဖြစ် သတ်မှတ်ကာ အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဟသ်ာတခရိုင်အတွင်းရှိ မြို့နယ်ခြောက်ခုတွင် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ

**ဟင်္သာတ ဩဂုတ် ၂၃**

နိုင်ငံတော်က ချမှတ်ထားသော ကိုဗစ်-၁၉ ကာလအတွင်း စီးပွားရေးကုစားမှုအစီအစဉ်အရ ကျေးလက်ဒေသနေ ပြည်သူများ၏ မိသားစုဝင်ငွေ လျော့နည်းလာမှုနှင့် စားဝတ်နေရေး အခက်အခဲများကို ကုစားပေးနိုင်ရန်နှင့် လုပ်ကွက်ငယ် တောင်သူများ၊ စိုက်ပျိုးမွေးမြူ ထုတ်လုပ်သူများနှင့် အသေးစားစီးပွားရေးလုပ်ကိုင်သူများ အတွက် လိုအပ်သော ငွေကြေးအရင်း အနှီးဖြင့် မိသားစုဝင်ငွေတိုးပွားရေး လုပ်ငန်းများ၊ တိုးပွားလာသော ရန်ပုံငွေဖြင့် ကျေးရွာပိုင်ဆိုင်မည့် မတည်ရန်ပုံငွေထူထောင်၍ စဉ်ဆက်မပြတ် အရင်းရရှိနိုင်စေရန်နှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဟင်္သာတခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ဟင်္သာတခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်သည့် ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းဖြင့် ဟင်္သာတခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ မြို့နယ် ခြောက်မြို့နယ်တွင် Type-1 ၂၅ ရွာ တစ်ရွာလျှင် ကျေးရွာမတည်ရန်ပုံ ငွေကျပ်သန်း ၃၀၊ Type-2 လေးရွာ တစ်ရွာလျှင် ကျေးရွာမတည်ရန်ပုံငွေကျပ်သန်း ၂၀ နှင့် Type-3 ငါးရွာ တစ်ရွာလျှင် ကျေးရွာမတည်ရန်ပုံငွေကျပ် ၁၀ သန်းစီဖြင့် စုစုပေါင်း ကျေးရွာ ၃၄ ရွာကို ငွေကျပ် သန်း ၈၈၀ ဖြင့် စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပြီး ချေးငွေများကို ပြည်သူများလက်ဝယ်အရောက် ဩဂုတ် ၂၅ ရက် နောက်ဆုံးထား၍ ထုတ်ချေး ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဘိုဘို (ပြန်/ဆက်)**

## ကော့သောင်းမြို့သို့ ပြည်ပမှတရားမဝင်ပြန်လည် ဝင်ရောက်လာသူများအား အသွားအလာကန့်သတ်စောင့်ကြည့်ထားရှိ

**ကော့သောင်း ဩဂုတ် ၂၃**

ကော့သောင်းခရိုင်အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ဒုတိယလှိုင်းကူးစက်ပျံ့နှံ့မှု ထိန်းချုပ်ရေးလုပ်ငန်းများ သတိပြုကြပ်မတ် ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ ညပိုင်းက ရေလမ်းခရီးဖြင့် ကော့သောင်းမြို့သို့ပြည်ပမှ တရားမဝင် ပြန်လည်ဝင်ရောက်လာသူ အမျိုးသားခြောက်ဦး၊ အမျိုးသမီး နှစ်ဦးနှင့် ကလေးငယ်တစ်ဦးအား ရှာဖွေဖော်ထုတ်ကာ အသွားအလာကန့်သတ်စောင့်ကြည့်ထားကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများမှာ မွန်ပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင်နေထိုင်ကြသည့် မြန်မာနိုင်ငံသားများဖြစ်ကြပြီး ၎င်းတို့သည် မလေးရှားနိုင်ငံတွင် သွားရောက်အလုပ်လုပ်ကိုင်ကြသူများဖြစ်ကာ ကိုဗစ်-၁၉ရောဂါထိန်းချုပ်မှုလုပ်ငန်းများကြောင့် အလုပ်အကိုင် အခက်အခဲများ ပေါ်ပေါက်လာမှုကြောင့် မလေးရှားနိုင်ငံမှ ထိုင်းနိုင်ငံ ရနောင်းမြို့သို့ လည်းကောင်း၊ ထိုမှတစ်ဆင့် ပဲ့ချိတ်လှေတစ်စင်းဖြင့် ကော့သောင်းမြို့ ပုလုံးတုံတုံးတံတား လှေဆိပ်မှ ညအချိန် တိတ်တဆိတ် ပြန်လည်ဝင်ရောက်လာကြရာ ရပ်ကွက်တာဝန်ရှိအဖွဲ့အစည်းများဖြင့် ရှာဖွေဖော်ထုတ်ကာ အချိန်မီ တားဆီးထိန်းချုပ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ပြန်လည်ဝင်ရောက်လာသူများအား ကော့သောင်းခရိုင် ကိုဗစ်-၁၉ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီမှ ကော့သောင်းမြို့ ပုလုံးတုံတုံးကျေးရွာ အရေးပေါ်ခိုလှုံရာ ဘက်စုံသုံးအဆောက်အအုံတွင် သတ်မှတ်နေရာ၌ အသွားအလာကန့်သတ်ထားရှိမှု ၂၁ ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်စောင့်ကြည့်ထားရှိမှု ခုနစ်ရက် ထားရှိစောင့်ကြည့်ကာ ၎င်းတို့၏ နှာခေါင်းတို့ဖတ် နမူနာများအား အမျိုးသားကျန်းမာရေးဌာနသို့ ပေးပို့ပြီး ဓာတ်ခွဲစစ်ဆေးမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

## ဆီးချို၊ သွေးချိုကြောင့် အမြင်အာရုံချို့ယွင်းသည့် ရောဂါစောင့်ရှောက်ကုသမှုစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ရန် လုပ်ငန်းညှိနှိုင်းစည်းဝေး

**ကျောက်ဆည် ဩဂုတ် ၂၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်တွင် ဆီးချို၊ သွေးချိုကြောင့် အမြင်အာရုံချို့ယွင်းသည့် ရောဂါစောင့်ရှောက်ကုသမှုစီမံချက် အကောင်အထည်ဖော် ဆောင်ရွက်ရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂၁ ရက်က ကျောက်ဆည်မြို့ အထွေထွေရောဂါကုဆေးရုံကြီး အစည်းအဝေးခန်းမတွင် ပြုလုပ်သည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ကျောက်ဆည်မြို့ အထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာဝင်းမော်က ဆီးချို၊ သွေးချိုရောဂါဖြစ်လျှင် တစ်သက်လုံးဆေးသောက်ရကြောင်းနှင့် အဓိကမြို့နယ်အတွင်းရှိ ဆီးချို၊ သွေးချိုရောဂါကုသပေးနေသော ကျေးလက်ကျန်းမာရေးဌာနများ၌ ဆီးချို၊ သွေးချိုရောဂါကြောင့် အမြင်အာရုံချို့ယွင်းခြင်း၊ ရောဂါလျော့နည်းသွားစေရန် အကောင်အထည်ဖော် ဆောင်ရွက်နေသည့်စီမံချက်မှာ ကောင်းမွန်ကြောင်းပြောကြားပြီး Helen Keller International စီမံကိန်းအရာရှိ ဒေါက်တာညီညီဇော်က ဆီးချို၊ သွေးချိုရောဂါကြောင့်ဖြစ်သော အမြင်အာရုံချို့ယွင်းသည့် ရောဂါကာကွယ်ကုသရန်စီမံချက်ကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန လက်အောက်မှ မကူးစက်ရောဂါစီမံချက်၊ မျက်ခမ်းစပ်နှင့် မျက်မမြင်ရောဂါကာကွယ်ရေးစီမံချက်တို့နှင့်ပူးပေါင်း၍ ကျောက်ဆည်မြို့နယ်တွင် ဆီးချို၊ သွေးချိုရောဂါကြောင့် အမြင်အာရုံဆုံးရှုံးမှုကို ကာကွယ်ရန် စစ်ဆေးခြင်းနှင့် ကုသမှုတို့ကို ကျေးလက်နေပြည်သူများအတွက် ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး ဆီးချို၊ သွေးချိုကြောင့် အမြင်အာရုံချို့ယွင်းသည့် ရောဂါစောင့်ရှောက်ကုသမှုစီမံချက် ဆောင်ရွက်ရာတွင် အမျိုးသမီးကော်မတီအဖွဲ့ဝင် ဒေါ်နွယ်နီတင်က ဆီးချို၊ သွေးချိုရောဂါဖြစ်လျှင် နေထိုင်စားသောက်ရမည့် အခြေအနေများကို မေးမြန်းဆွေးနွေးရာ ဒေါက်တာညီညီဇော်က ဆီးချို၊ သွေးချိုရောဂါဖြစ်လျှင် ဆောင်ရန်၊ ရှောင်ရန်အချက်များ၊ နည်းလမ်းများ၊ စားသောက်နေထိုင်မှုပုံစံများကို ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

**တင်တင်ထွေး(ပြန်/ဆက်)**

(ဤဆောင်းပါးပါ ဖော်ပြချက်များသည် ဆောင်းပါးရှင် ဂျပန်နိုင်ငံခြားရေးဝန်ကြီး၏ အာဘော်သာ ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။)

# ဂျပန် - မြန်မာ ချစ်ကြည်ရေး တိုးတက်မှုကိုရည်ရွယ်သည့် ဂျပန်နိုင်ငံခြားရေးဝန်ကြီး Mr. Motegi ၏ သတင်းစကား

**ယနေ့တွင် ကျွန်တော်သည် ဂျပန်နိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးအနေဖြင့် မြန်မာနိုင်ငံသို့ ပထမဦးဆုံးအကြိမ် အလည်အပတ်လာရောက်လျက်ရှိပါသည်။ ကျွန်တော်သည် ယခုခရီးစဉ်မတိုင်မီ မြန်မာနိုင်ငံသို့ သုံးကြိမ်တိုင်တိုင် လာရောက်လည်ပတ်ခဲ့ဖူးပြီး ၂၀၁၄ ခုနှစ် ခရီးစဉ်နောက်ပိုင်း ပထမဦးဆုံး လာရောက်ခြင်းဖြစ်သည့် ယခုခရီးစဉ်တွင် မြန်မာနိုင်ငံ၏ သိသာထင်ရှားသော ဖွံ့ဖြိုးတိုးတက်မှုများကို ကိုယ်တိုင်ကိုယ်ကျ မြင်တွေ့ရတော့မည်ဖြစ်သည့်အတွက် အထူးဝမ်းမြောက်စွာ မျှော်လင့်စောင့်စားလျက်ရှိပါသည်။**

> **“ယခင်က မကြုံစဖူးသော အခက်အခဲ အကျပ်အတည်းကို ဂျပန်နှင့် မြန်မာ နှစ်နိုင်ငံစလုံးမှ နိုင်ငံသားများ အတူတကွ လက်တွဲလျက် ရင်ဆိုင်ကျော်လွှားနိုင်ပြီး COVID - 19 အလွန် ကာလများတွင် နှစ်နိုင်ငံအကြား ဆက်ဆံရေး ပိုမိုတိုးတက် ခိုင်မာလာကာ စီးပွားရေးအရ တိုးတက် အောင်မြင်မှုများ ပိုမိုရရှိနိုင် လိမ့်မည်ဟု အခိုင်အမာ ယုံကြည်ထား”**

ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် ဒုတိယကမ္ဘာစစ်ကြီးနောက်ပိုင်းတွင် ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို အပြောင်းအလဲမရှိဘဲ ထိန်းသိမ်းလာခဲ့ကြပါသည်။ အထူးသဖြင့် စစ်ကြီးပြီးခါစ စားနပ်ရိက္ခာအကျပ်အတည်းနှင့် ကြုံတွေ့ခဲ့ရသည့်ကာလတွင် မြန်မာနိုင်ငံမှ ဆန်အမြောက်အမြားကို ပေးပို့ခဲ့သည့် ကျေးဇူးတရားကို မည်သည့်အခါမျှ မေ့ပျောက်နိုင်မည်မဟုတ်ပါ။ မြန်မာနိုင်ငံသည် အာဆီယံနှင့် မဲခေါင်နိုင်ငံများထဲတွင် အဓိက အရေးပါသော အဖွဲ့ဝင်နိုင်ငံဖြစ်သည့်အပြင် ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံအကြား နှစ်ပေါင်းရှည်ကြာစွာ ချစ်ခင်ရင်းနှီးခဲ့သည့် နှစ်နိုင်ငံဆက်ဆံရေးသည် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုဆက်ဆံရေးတွင်လည်း အလွှာစုံ အပြန်အလှန်ဆက်ဆံရေးကို တည်ဆောက်ရာတွင် အခြေခံအကြောင်းတရား ဖြစ်လာခဲ့ပါသည်။



ဂျပန်နိုင်ငံခြားရေးဝန်ကြီး Mr. Motegi

### အစွမ်းကုန် ကူညီထောက်ပံ့

မြန်မာနိုင်ငံတွင် ယခုလက်ရှိ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ဦးဆောင်လမ်းညွှန်မှုအောက်တွင် ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လုပ်ငန်းစဉ်များကို ရှေ့ဆက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဂျပန်နိုင်ငံအတွက် အရေးကြီးသည့် မိတ်ဆွေနိုင်ငံဖြစ်သော မြန်မာနိုင်ငံအတွက် ဂျပန်နိုင်ငံအနေဖြင့်လည်း အစွမ်းကုန် ကူညီထောက်ပံ့လျက်ရှိပါသည်။ ပထမဦးဆုံး ဂျပန်နိုင်ငံသည် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ခြင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးခြင်းမှတစ်ဆင့် မြန်မာနိုင်ငံသားများ၏ လူနေမှုအဆင့်အတန်းကို မြှင့်တင်ရေးအတွက် ပံ့ပိုးကူညီလျက်ရှိပါသည်။ ၂၀၁၅ ခုနှစ်တွင် ဂျပန်နှင့် မြန်မာနှစ်နိုင်ငံစလုံးက အစိုးရ၊ ပုဂ္ဂလိကပူးပေါင်းမှုဖြင့် ဖွင့်လှစ်နိုင်ခဲ့သည့် သီလဝါအထူးစီးပွားရေးဇုန်သည် ကုမ္ပဏီပေါင်း ၁၁၃ ခု၊ ဝန်ထမ်းပေါင်း ၁၂၄၀၀ အတွက် အလုပ်အကိုင်များကို ဖန်တီးပေးနိုင်ခဲ့ပြီး ကြီးမားသည့် အောင်မြင်မှုကို ရရှိလျက်ရှိပါသည်။ ထို့ပြင် သီလဝါအထူးစီးပွားရေးဇုန်၏ နောက်ဆက်တွဲအကျိုးကျေးဇူး အသီးအပွင့်များအဖြစ် ပိုမိုကျယ်ပြန့်စွာ ကူးလူးသွားလာနိုင်စေရန် အရှေ့အနောက် စီးပွားရေးစင်္ကြံ၊ ရန်ကုန်-မန္တလေး ရထားလမ်း စသည့်အခြားဒေသကြီးများနှင့် ချိတ်ဆက်မှု ခိုင်မာအားကောင်းစေရေးအတွက် လုပ်ငန်းစဉ်များကိုလည်း ရှေ့ဆက်ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် အခြေခံအဆောက်အအုံများသာမက ကျန်းမာရေး၊ ပညာရေး၊ လယ်ယာစိုက်ပျိုးရေး၊ အုပ်ချုပ်ရေးစွမ်းရည်မြှင့်တင်ရေး စသည့်ကဏ္ဍအသီးသီးတွင်လည်း ဆက်လက်ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ တစ်ချိန်တည်းမှာပင် မြန်မာနိုင်ငံ၏ အနာဂတ်ကို မျှော်လင့်ထားကြသော ဂျပန်ကုမ္ပဏီများ၏ “တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှု” ကို တိုးမြှင့်ဆောင်ရွက်လျက်ရှိပါသည်။ ဂျပန်နိုင်ငံအနေဖြင့် ဤကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုများကို နောက်ပိုင်းမှာလည်း ဆက်လက်လုပ်ဆောင်သွားလိုပါသည်။

### အတူတကွတည်ဆောက်နိုင်

ဂျပန်နိုင်ငံသည် ရခိုင်ပြည်နယ်အရေးကိုလည်း အထူးအလေးထားလျက်ရှိပါသည်။ ရခိုင်ပြည်နယ်အရေးသည် ရိုးရှင်းလွယ်ကူသည့် စိန်ခေါ်မှုမဟုတ်ကြောင်း ကောင်းစွာနားလည်ထားပြီး မြန်မာနိုင်ငံသားများ၏ ဉာဏ်အမြော်အမြင်ဖြင့် မြန်မာနိုင်ငံတွင် လူများအားလုံးအတူယှဉ်တွဲနေထိုင်ကြပြီး သာယာဝပြောသော လူ့အသိုက်အဝန်းကို ကျိန်းသေပေါက် အတူတကွတည်ဆောက်နိုင်ကြလိမ့်မည်ဟု ထင်မြင်ယူဆမိပါသည်။ ထို့ပြင် နိုင်ငံတကာလူ့အဖွဲ့အစည်းအနေဖြင့်လည်း မြန်မာနိုင်ငံကိုယ်တိုင်က လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များကို ထောက်ခံအားပေးသွားသင့်သည်ဟု အခိုင်အမာယုံကြည်ပါသည်။ အထူးသဖြင့် လူ့အခွင့်အရေးချိုးဖောက်မှု စွပ်စွဲချက်များနှင့် ပတ်သက်၍ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာကိုအခြေခံပြီး မြန်မာအစိုးရ၊ မြန်မာတပ်မတော် နှစ်ဖက်စလုံးက ပွင့်လင်းမြင်သာမှုရှိသော ပုံစံမျိုးဖြင့် ဥပဒေကြောင်းအရ ဆောင်ရွက်ခြင်းကို တစ်ဆင့်ချင်း ပုံမှန်လုပ်ဆောင်သွားရင်း တစ်ပြိုင်တည်းမှာ နေရပ်စွန့်ခွာသူများ ပြန်လာနိုင်ရေးအတွက် ဝန်းကျင်ကောင်း ဖန်တီးရေးကို အမြန်ဆုံးလုပ်ဆောင်သွားရန် အထူးမျှော်လင့်လျက်ရှိပါသည်။ ဂျပန်နိုင်ငံအနေဖြင့် လူ့အဖွဲ့အစည်းနှစ်ခုအကြား သဟဇာတဖြစ်ရေး၊ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးအတွက် အမှန်တကယ် အကျိုးပြုနိုင်မည့် လုပ်ငန်းစဉ်များကို ဆက်လက်၍ အစွမ်းကုန် ကူညီထောက်ပံ့သွားမည်ဖြစ်ပါသည်။

### အထူးမျှော်လင့်

တိုင်းရင်းသားလူမျိုးစုများ နေထိုင်ရာဒေသများတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ရှေ့ဆက်အကောင်အထည်ဖော် ဆောင်ရွက်ရေးသည်လည်း အရေးကြီးသည့် စိန်ခေါ်မှုတစ်ရပ်ဖြစ်ပါသည်။ ဂျပန်အစိုးရသည် ဂျပန်အစိုးရ၏ မြန်မာနိုင်ငံအမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ အထူးကိုယ်စားလှယ် Mr. Sasakawa Yohei ကို ဦးဆောင်စေပြီး ငြိမ်းချမ်းရေးကိုယ်စားလှယ်များအကြား ငြိမ်းချမ်းရေးစကားဝိုင်းများကို တိုးမြှင့်လုပ်ဆောင်သွားရင်း ဂျပန်နိုင်ငံ၏ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ချိတ်ဆက်ကာ လူနေအိမ်များ၊ စာသင်ကျောင်းများ၊ ရေတွင်းများ၊ လျှပ်စစ်ဆိုင်ရာ အခြေခံအဆောက်အအုံများ၊ စိုက်ပျိုးရေးနည်းပညာများ သင်ကြားပြသခြင်းများမှတစ်ဆင့် ဒေသခံပြည်သူများ၏ လူမှုဘဝတိုးတက်မြင့်မားရေးအတွက် အထောက်အပံ့များ ပေးအပ်လျက်ရှိပါသည်။ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် Nippon Foundation မှတစ်ဆင့် တည်ဆောက်ခဲ့သည့် အိမ်ခြေ ၂,၃၅၀ ရှိသော လူနေအိမ်ရာများတွင် ဒေသခံပြည်သူဦးရေ စုစုပေါင်း တစ်သောင်း ပြန်လည်အခြေချ နေထိုင်လျက်ရှိပါသည်။ ထို့ပြင် ယခုနောက်ပိုင်း ကချင်ပြည်နယ်တွင်လည်း နေရပ်စွန့်ခွာသူများကို ပြန်လည်နေရာချထားနိုင်ရေးအတွက် ကူညီထောက်ပံ့လျက်ရှိပါသည်။ တိုင်းရင်းသားလူမျိုးစုများနှင့် ငြိမ်းချမ်းရေးကို အကောင်အထည်ဖော်လုပ်ဆောင်ရင်း အတူတကွ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းလျက်ရှိသည့် မြန်မာအစိုးရ၏ ရည်မှန်းချက်ကို အားပေးကူညီသွားခြင်းသည် ဂျပန်အစိုးရ၏ အခြေခံမူဝါဒတစ်ရပ်ဖြစ်ပါသည်။ ဂျပန်နိုင်ငံ၏ အထောက်အပံ့သည် မြန်မာနိုင်ငံသားအားလုံး၏ လူနေမှုအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ပိုမိုတိုးတက်လာရေးအတွက် အထောက်အကူဖြစ်စေရန် အထူးမျှော်လင့်ပါသည်။

### အခိုင်အမာယုံကြည်

ယခုအခါ နိုင်ငံတကာအသိုက်အဝန်းမှာ လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ (COVID-19) ကမ္ဘာတစ်ဝန်းလုံး ကူးစက်ပြန့်ပွားမှုဆိုသည့် ယခင်က တွေ့ကြုံခဲ့ဖူးခြင်းမရှိသော စိန်ခေါ်မှုကြီးကို ရင်ဆိုင်ကြုံတွေ့နေရပါသည်။ မြန်မာနိုင်ငံတွင် ယခုအချိန်အထိ အစိုးရနှင့် ပြည်သူများ၏ စည်းလုံးညီညွတ်မှုကြောင့် နိုင်ငံတွင်းကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်သည့်အတွက် ချီးကျူးလိုပါသည်။ တစ်ဖက်မှာလည်း ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးကျဆင်းမှုများနှင့် နိုင်ငံများအချင်းချင်း အပြန်အလှန် ကူးလူးသွားလာမှုများ ရပ်ဆိုင်းခဲ့ရသည့် အကျိုးဆက်များသည် ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံအပေါ်တွင်လည်း အလွန်ကြီးမားစွာ ရိုက်ခတ်မည်မှာ မလွဲကေန်ဖြစ်ပေသည်။ COVID-19 ရောဂါ ကူးစက်ပျံ့နှံ့မှုများ တတ်နိုင်သမျှ အမြန်ဆုံး လျော့ကျသွားစေရေးအတွက် နိုင်ငံတကာအသိုက်အဝန်း၏ လုပ်ငန်းစဉ်များကို ဂျပန်နိုင်ငံက ဦးဆောင်ဦးရွက်ပြုကာ ကျန်းမာရေးနှင့် ဆေးကုသမှုစနစ်တွင် လိုအပ်ချက်ရှိသောနိုင်ငံများကို ကူညီထောက်ပံ့လာခဲ့ပါသည်။ မြန်မာနိုင်ငံတွင် ယခုအချိန်အထိ နှစ်နိုင်ငံအကြားနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှတစ်ဆင့် အမေရိကန်ဒေါ်လာ သန်း ၃၀ ကျော်တန်ဖိုးရှိသော နည်းပညာအကူအညီများနှင့် ကျန်းမာရေးနှင့် ဆေးဘက်ဆိုင်ရာ စက်ပစ္စည်းကိရိယာအထောက်အပံ့များကို ပေးအပ်ခဲ့သည့်အပြင် စီးပွားရေးအကျပ်အတည်းများကို ဖြေရှင်းရန်အတွက် အမေရိကန်ဒေါ်လာ သန်း ၄၁၀ တန်ဖိုးခန့်ရှိသော အထောက်အပံ့များကို ပေးအပ်သွားမည်ဖြစ်ပါသည်။ ထို့ပြင် မြန်မာနိုင်ငံမှ အလုပ်သင်အလုပ်သမားနှင့် ပညာတော်သင်ကျောင်းသားအများအပြားသည် ဂျပန်နိုင်ငံသို့သွားရောက်ရန် စောင့်ဆိုင်းလျက်ရှိကြကြောင်းကိုလည်း ကျွန်တော်ကောင်းစွာသိရှိထားပါသည်။ COVID-19 ရောဂါ ထပ်မံကူးစက်ပြန့်ပွားမှုကို တားဆီးကာကွယ်နိုင်ပြီး နှစ်နိုင်ငံစလုံးအတွက် အဆင်ပြေမည့်ပုံစံမျိုးဖြင့် အသွားအလာများပြန်လည် ဖွင့်လှစ်နိုင်ရေးအတွက် ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံအကြား ဆွေးနွေးညှိနှိုင်းမှုများကို ဆက်လက်လုပ်ဆောင်မည်ဖြစ်ပါသည်။ ယခုကဲ့သို့ ယခင်က မကြုံစဖူးသော အခက်အခဲ အကျပ်အတည်းကို ဂျပန်နှင့် မြန်မာနှစ်နိုင်ငံစလုံးမှ နိုင်ငံသားများ အတူတကွ လက်တွဲလျက်ရင်ဆိုင်ကျော်လွှားနိုင်ပြီး COVID-19 အလွန်ကာလများတွင် နှစ်နိုင်ငံအကြား ဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာလာကာ စီးပွားရေးအရ တိုးတက်အောင်မြင်မှုများ ပိုမိုရရှိနိုင်လိမ့်မည်ဟု အခိုင်အမာယုံကြည်ထားပါသည်။

မြန်မာနိုင်ငံအနေဖြင့် ယခုနှစ် နိုဝင်ဘာလတွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲဆိုသည့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များထဲမှ အရေးကြီးသည့် မှတ်တိုင်တစ်ခုကို စိုက်ထူရန် ရှိပါသည်။ မြန်မာနိုင်ငံသားများ၏ ကြိုးပမ်းအားထုတ်မှုဖြင့် လွတ်လပ်၍ တရားမျှတမှုရှိသော ရွေးကောက်ပွဲကို ကျင်းပနိုင်လိမ့်မည်ဟု ခိုင်မာစွာ ယုံကြည်ထားပါသည်။ ဂျပန်နိုင်ငံက ဂျပန်နိုင်ငံအစိုးရ၏ အထူးကိုယ်စားလှယ် Mr. Sasakawa Yohei ဦးဆောင်သည့် ရွေးကောက်ပွဲ လေ့လာရေးအဖွဲ့ကို စေလွှတ်ပြီး အထွေထွေရွေးကောက်ပွဲကြီး အဆင်ပြေချောမွေ့စွာ ကျင်းပနေပုံများကို မြန်မာနိုင်ငံသားများနှင့်အတူ ဝိုင်းဝန်းလေ့လာ အားပေးသွားမည်ဖြစ်ပါသည်။ ထို့ပြင် မြန်မာတစ်နိုင်ငံလုံးရှိ မဲရုံများအားလုံးတွင် တစ်ကြိမ်ထက်ပို၍ မဲပေးခြင်းမှ ကာကွယ်နိုင်ရန်အတွက် အလွယ်တကူ ဖျက်ပစ်၍မရသည့် မင်ရည်များကို ထောက်ပံ့ပေးအပ်ခြင်းဖြင့် လွတ်လပ်၍ တရားမျှတမှုရှိသော ရွေးကောက်ပွဲကို ကျင်းပနိုင်ရန် ကူညီသွားမည်ဖြစ်ပါသည်။ ဂျပန်နိုင်ငံသည် မြန်မာနိုင်ငံ၏ စစ်မှန်သည့် မိတ်ဆွေရင်းချာအဖြစ် မြန်မာနိုင်ငံ၏ ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိကပူးပေါင်းအားဖြင့် ဘက်ပေါင်းစုံမှ ဆက်လက်ပံ့ပိုးကူညီသွားမည် ဖြစ်ပါသည်။ ။

> **“မြန်မာနိုင်ငံသည် အာဆီယံနှင့် မဲခေါင်နိုင်ငံများထဲတွင် အဓိက အရေးပါသော အဖွဲ့ဝင်နိုင်ငံဖြစ်သည့်အပြင် ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံအကြား နှစ်ပေါင်းရှည်ကြာစွာ ချစ်ခင်ရင်းနှီးခဲ့သည့် နှစ်နိုင်ငံဆက်ဆံရေးသည် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုဆက်ဆံရေးတွင်လည်း အလွှာစုံ အပြန်အလှန်ဆက်ဆံရေးကို တည်ဆောက်ရာတွင် အခြေခံအကြောင်းတရား ဖြစ်လာခဲ့”**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးထံ ဆေးသုတေသနဦးစီးဌာနက မြန်မာနိုင်ငံတွင် တွေ့ရှိရသည့် SARS-CoV-2 ဗိုင်းရပ်စ်ပိုး၏ မျိုးဗီဇတစ်ခုလုံးကို လေ့လာသော သုတေသနဆောင်ရွက်ခဲ့မှုနှင့် ကာကွယ်ဆေးသုတေသနလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြ

နေပြည်တော် ဩဂုတ် ၂၃

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေးထံ ဆေးသုတေသနဦးစီးဌာနက "မြန်မာနိုင်ငံတွင် တွေ့ရှိရသည့် SARS-CoV-2 ဗိုင်းရပ်စ်ပိုး၏ မျိုးဗီဇတစ်ခုလုံးကို လေ့လာသောသုတေသန" ဆောင်ရွက်ခဲ့မှုနှင့် ကာကွယ်ဆေးသုတေသနလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြမှု အစည်းအဝေးကို ယမန်နေ့ ညနေပိုင်းတွင် ဆေးသုတေသနဦးစီးဌာန(ရန်ကုန်)၌ ကျင်းပသည်။** (ယာပုံ)



ရှေးဦးစွာ ဆေးသုတေသနဦးစီးဌာန၊ ကာကွယ်ဆေးသုတေသနဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာဝင်းမော်ထွန်းက ဆေးသုတေသနဦးစီးဌာနတွင် ၁၉၉၀ ပြည့်နှစ်၌ သွေးရည်ကြည်မှ ထုတ်လုပ်သော အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေး ထုတ်လုပ်နိုင်ရေးအတွက် ဆောင်ရွက်ခဲ့ပြီး ၁၉၉၇ ခုနှစ်တွင် အောင်မြင်စွာ ထုတ်လုပ်နိုင်ခဲ့မှု၊ ၂၀၀၁-၂၀၀၂ ခုနှစ်တွင် ကိုရီးယားသမ္မတနိုင်ငံမှ CJ ကုမ္ပဏီ၊ ကာကွယ်ဆေးစက်ရုံနှင့် ပူးပေါင်း၍ Recombinant Hepatitis B Vaccine ထုတ်လုပ်ရန် ဆောင်ရွက်ခဲ့မှု၊ လက်ရှိတွင် ကာကွယ်ဆေးနှင့် နီးနွယ်သော သုတေသနများ ဆောင်ရွက်နေမှု အခြေအနေများ၊ ကာကွယ်ဆေး ထုတ်လုပ်မည်ဆိုပါက လိုအပ်မည့်နည်းပညာ၊ အဆောက်အအုံနှင့် စက်ပစ္စည်းကိရိယာလိုအပ်ချက်များ၊ ကာကွယ်ဆေး ထုတ်လုပ်ငန်းစဉ်တစ်ခုလုံးကို အစအဆုံးပြုလုပ်ရန် လိုအပ်ချက်များ၊ အခြားနိုင်ငံတွင် ထုတ်လုပ်ပြီး ကာကွယ်ဆေးကို ပုလင်းသွပ်ခြင်းနှင့် ထုပ်ပိုးခြင်းများ ပြုလုပ်ရန် လိုအပ်ချက်များ၊ ကုန်ကျငွေနှင့် အကျိုးသက်ရောက်မှုအခြေအနေများကို ရှင်းလင်းဆွေးနွေးတင်ပြသည်။

## ရှင်းလင်းတင်ပြ

ထို့နောက် ဆေးသုတေသနဦးစီးဌာန၊ ဇီဝသတင်းအချက်အလက်နည်းပညာဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ မြတ်ထွေးညွှန့်က မြန်မာနိုင်ငံတွင် တွေ့ရှိရသည့် SARS-CoV-2 ဗိုင်းရပ်စ်ပိုး၏ မျိုးဗီဇတစ်ခုလုံးကို လေ့လာသောသုတေသန ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်၍ ဆေးသုတေသနဦးစီးဌာနမှ သုတေသီများသည် ယခင်က ငှက်ဖျား၊ ဆေးယဉ်ပါး တီဘီနှင့် ဆေးယဉ်ပါး ဗက်တီးရီးယားများ၏ မျိုးဗီဇတစ်ခုလုံးကို စစ်ဆေးခဲ့မှု နည်းပညာနှင့် အတွေ့အကြုံများကိုအခြေခံကာ မြန်မာနိုင်ငံတွင် တွေ့ရှိသည့် SARS-CoV-2 ပိုး၏ မျိုးဗီဇတစ်ခုလုံးကို စစ်ဆေးနိုင်ရန်အတွက် ၂၀၂၀ ပြည့်နှစ် မေလကတည်းက ကြိုးစားဆောင်ရွက်ခဲ့မှု၊ နိုင်ငံတကာတွင် လေကြောင်းလိုင်း အကန့်အသတ်များကြောင့် ဓာတ်ခွဲပစ္စည်းများရရှိမှုနှောင့်နှေးခဲ့မှု၊ ဓာတ်ခွဲပစ္စည်းများရရှိသည်နှင့် ချက်ချင်း ဆောင်ရွက်လေ့လာခဲ့ရာ ယခုလ ဒုတိယပတ်တွင် စစ်ဆေးပြီးစီးခဲ့မှု၊ SARS-CoV-2 ၏ မျိုးဗီဇတစ်ခုလုံးကို အောင်မြင်စွာ ဖော်ထုတ်နိုင်ခဲ့ကာ နိုင်ငံတကာအသိအမှတ်ပြု (US NCBI/NIH) database တွင် တင်သွင်းပြီး အတည်ပြုစိစစ်မှုခံယူခဲ့မှု၊ ဓာတ်ခွဲစစ်ဆေးသည့် နမူနာ ၁၀ ခုအနက် ခြောက်ခုတွင် D614G ဗီဇပြောင်းလဲမှုကို တွေ့ရှိရမှု၊ ထိုသို့ပြောင်းလဲမှုကြောင့် ရောဂါကူးစက်စေနိုင်မှု ဆယ်ဆအထိ ပိုမိုများပြားစေနိုင်မှု၊ ယခုလက်ရှိတွင် ကိုဗစ်-၁၉ ကူးစက်မှုမြင့်မားနေသည့် အိန္ဒိယနိုင်ငံနှင့် ကိုဗစ်-၁၉ ကူးစက်မှု ဒုတိယလှိုင်းဖြစ်ပေါ်နေသည့် နိုင်ငံများတွင်လည်း G614 ဗီဇပြောင်းလဲသည့် ပိုးများတွေ့ရှိနေရမှု၊ ရခိုင်ပြည်နယ် စစ်တွေမြို့မှ ကောက်ယူထားသည့် ပိုးတွေ့ဓာတ်ခွဲနမူနာများကို အခြားဓာတ်ခွဲနမူနာများနှင့်အတူ Next Generation Sequencing (NGS) ဖြင့် မျိုးဗီဇတစ်ခုလုံးကို ထပ်မံစစ်ဆေးသွားရန်ဆောင်ရွက်နေမှု၊ ဗီဇပြောင်းမျိုးဗီဇကို အမြန်စစ်ဆေးနိုင်မည့် ဗီဇစစ်ဆေးနည်းကို စတင်ဆောင်ရွက်ကာ "မြန်မာနိုင်ငံတွင် ဖြစ်ပွားနေသည့် SARS-CoV-2 ဗိုင်းရပ်စ်ပိုးကို မော်လီကျူးနည်းပညာဖြင့် စောင့်ကြည့်လေ့လာခြင်း"ကို အကောင်အထည်ဖော် ဆောင်ရွက်သွားလိုမှုတို့ကို ရှင်းလင်းတင်ပြသည်။

## ဦးစားပေး စေလွှတ်သွားမည်

ရှင်းလင်းတင်ပြမှုများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ နည်းပညာမြင့်မားသည့် မျိုးဗီဇတစ်ခုလုံး စစ်ဆေးခြင်းကို နိုင်ငံတကာအဆင့်မီ အောင်မြင်စွာလုပ်ဆောင်နိုင်ခဲ့မှုအပေါ် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ကိုဗစ်-၁၉ ကို ဖြစ်ပွားစေသည့် SARS-CoV-2 ဗိုင်းရပ်စ်ပိုး၏ မျိုးဗီဇတစ်ခုလုံးကို စစ်ဆေးနိုင်သည့်အတွက် ရောဂါကူးစက်ပျံ့နှံ့မှုပုံသဏ္ဌာန်၊ အခြားနိုင်ငံများတွင် ဖြစ်ပွားသည့်ရောဂါပိုးနှင့် တူညီမှုရှိ၊ မရှိနှင့် ရောဂါပြင်းထန်စေနိုင်မှုပမာဏတို့ကို သိရှိနိုင်ကာ ရောဂါကာကွယ်၊ ထိန်းချုပ်မှု လုပ်ငန်းများအတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း၊ ဗီဇပြောင်းမျိုးဗီဇကို အမြန်စစ်ဆေးနိုင်မည့် ဗီဇစစ်ဆေးနည်းကို စတင်ဆောင်ရွက်မည်မှာ ကောင်းမွန်ပါကြောင်း၊ ဆေးသုတေသနဦးစီးဌာနအနေဖြင့် နိုင်ငံတကာသုတေသန အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ သုတေသနများ ဆက်လက် လုပ်ဆောင်သွားစေလိုပါကြောင်း၊ မိမိတို့နိုင်ငံတွင် နှစ်စဉ် ကာကွယ်ဆေး အမြောက်အမြား ဝယ်ယူအသုံးပြုနေရပါကြောင်း၊ ထိုသို့ ဝယ်ယူရာတွင် ယခုအခါ၌ Gavi, the vaccine alliance အဖွဲ့မှ ပံ့ပိုးမှုများ ရှိနေသော်လည်း အဆိုပါ အထောက်အပံ့များမရှိတော့ပါက ကုန်ကျစရိတ်များစွာ သုံးစွဲရမည်ဖြစ်သဖြင့် ကာကွယ်ဆေးအမျိုးမျိုးကို မိမိတို့နိုင်ငံတွင် ကိုယ်တိုင်ထုတ်လုပ်ခြင်း (သို့မဟုတ်)အခြားနိုင်ငံတွင် ထုတ်လုပ်ပြီး ကာကွယ်ဆေးကို ပုလင်းသွပ်ခြင်းနှင့် ထုပ်ပိုးခြင်းများ လုပ်ဆောင်နိုင်ပါက ကုန်ကျစရိတ်များစွာ သက်သာကာ ဘဏ္ဍာငွေများကို အခြားကဏ္ဍများတွင် ပိုမိုသုံးစွဲနိုင်မည် ဖြစ်ပါကြောင်း၊ နိုင်ငံတကာတွင်ပြုလုပ်သော ကာကွယ်ဆေးနှင့် ပတ်သက်သော အတတ်ပညာရပ် ဆွေးနွေးပွဲများ၊ သင်တန်းများသို့ ဆေးသုတေသနဦးစီးဌာနမှ ပညာရှင်များအား ဦးစားပေး စေလွှတ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# UEHRD ကော်မတီအနေဖြင့် ရခိုင်ပြည်နယ်အတွင်း ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုဖြစ်စဉ်အတွက် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသ၊ တုံ့ပြန်ရေးလုပ်ငန်းစဉ်များတွင် UEHRD Healthcare Taskforce က ပါဝင်ကူညီနိုင်ရေး ညှိနှိုင်းဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၃**

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD)ကော်မတီအနေဖြင့် ရခိုင်ပြည်နယ်အတွင်း ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုဖြစ်စဉ်အတွက် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသ၊ တုံ့ပြန်ရေးလုပ်ငန်းစဉ်များတွင် UEHRD Healthcare Taskforce က ပါဝင်ကူညီနိုင်ရေး ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက Video Conferencing စနစ်ဖြင့် ကျင်းပသည်။ **(ယာပုံ)**



ဆွေးနွေးပွဲသို့ UEHRD ကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး၊ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးစိုးအောင်၊ အဖွဲ့ဝင်များဖြစ်ကြသော ဦးတိုးအောင်နှင့် ဦးညီငြိမ်းအေး၊ UEHRD ၏ Healthcare Task Force အဖွဲ့ဝင်များ၊ UEHRD ရုံးအဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြသည်။

ညှိနှိုင်း ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက UEHRD ပြည်ထောင်စုစီမံကိန်းသည် ရခိုင်ပြည်နယ်အတွင်း ပဋိပက္ခများကြောင့် ဘေးအန္တရာယ်ခံစားရသူများအတွက် ဖော်ဆောင်ခဲ့ခြင်း ဖြစ်ကြောင်း၊ UEHRD လုပ်ငန်းစဉ်များတွင် ပါဝင်သောလူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို ရေရှည်လုပ်ငန်းစဉ်များအဖြစ် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခု ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ရခိုင်ပြည်နယ်အတွင်း စတင်ပြန့်ပွားမှုဖြစ်ပွားနေစဉ်တွင် ကိုဗစ်-၁၉ ဆိုင်ရာ ကာကွယ်၊ ထိန်းချုပ်၊ ကုသ၊ တုံ့ပြန်ရေးလုပ်ငန်းစဉ်အရ လိုအပ်ချက်များ ရှိလာပါကြောင်း၊ UEHRD ၏ Healthcare Task Forceအနေဖြင့် အစိုးရ၊ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပူးပေါင်းကူညီ ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ လက်ရှိအခြေအနေနှင့် လိုအပ်ချက်များအရ UEHRD Health-care Task Force က ကျန်းမာရေးစောင့်ရှောက်မှုများအတွက် လိုအပ်သော ဆေးရုံခုတင်များ၊ အင်အားတိုးချဲ့ဆောင်ရွက်ရမည့် ကျန်းမာရေးဝန်ထမ်းများအတွက် လိုအပ်သော ပံ့ပိုးကူညီမှုများ၊ အဘက်ဘက်က ပါဝင်ပူးပေါင်းကူညီကြမည့် စေတနာ့ဝန်ထမ်းများ၏ လိုအပ်ချက်များနှင့် ပတ်သက်၍ သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပြီး ထိရောက်စွာ ပူးပေါင်းကူညီကြရန်ဖြစ်ကြောင်း၊ ထို့အပြင် UEHRD ၏ အခြားသော Task Forces များနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး ကိစ္စရပ်များဆွေးနွေးပေးရန် ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက UEHRD အနေဖြင့် လက်ရှိ ရခိုင်ပြည်နယ်၏ ပကတိအခြေအနေများကို သိရှိပြီး ဆောင်ရွက်နိုင်ရန် သတင်းရယူညှိနှိုင်းပေးမည့် တာဝန်ခံသတ်မှတ်ခြင်း၊ အမြန်အကောင်အထည်ဖော်နိုင်မည့် လုပ်ငန်းအစီအစဉ်များ သတ်မှတ်ခြင်း၊ ဘဏ္ဍာငွေကြေးဆိုင်ရာကိစ္စများကို UEHRD Healthcare Task Force က သီးခြားဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်ရန် ဆွေးနွေးဆုံးဖြတ်ခြင်း၊ ကျန်းမာရေးဝန်ထမ်းများအတွက် အမြန်ဆုံးကူညီပံ့ပိုးမည့်အစီအစဉ်များဆွေးနွေးခြင်း၊ ရခိုင်ပြည်နယ် လူငယ်ရေးရာကော်မတီဝင်များနှင့် ဆွေးနွေးရန်ကိစ္စညှိနှိုင်းခြင်း၊ အသင့်ရှိပြီးဖြစ်သော သင်တန်းဆင်း စေတနာ့ဝန်ထမ်းများအား ပြန်လည်စုစည်းခြင်းနှင့် အင်အားတိုးချဲ့ပြီး သင်တန်းများ ထပ်မံပို့ချရန် စီစဉ်ခြင်းကိစ္စရပ်များ ဆွေးနွေးသည်။

ယနေ့ ဆွေးနွေးဆုံးဖြတ်ချက်များကို UEHRD ၏ Healthcare Task Force က ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်နယ်အစိုးရဌာနဆိုင်ရာများနှင့် အမြန်ဆုံးပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မွန်ပြည်နယ်ဝန်ကြီးချုပ် သံဖြူဇရပ်မြို့ ရေဘေးရှောင်ယာယီစခန်းရှိ ပြည်သူများအား သွားရောက်ကြည့်ရှု

**သံဖြူဇရပ် ဩဂုတ် ၂၃**

မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့် အဖွဲ့သည် ဩဂုတ် ၂၂ ရက်က မိုးသည်းစွာ ရွာသွန်းပြီး တောင်ကျရေအရှိန်ကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သော သံဖြူဇရပ်မြို့နယ်သို့ ယနေ့ နံနက်ပိုင်းက သွားရောက်၍ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားသည်။

ထို့သို့တွေ့ဆုံရာတွင် မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သံဖြူဇရပ်မြို့ ကျောင်းပိုင်းရပ်ကွက် မူလွန်ကျောင်းတွင် ယာယီပြောင်းရွှေ့ထားရှိသည့် ရေဘေးရှောင်ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြား၍ ရေဘေးသင့်ပြည်သူများအတွက် စားနပ်ရိက္ခာထောက်ပံ့ငွေကျပ် နှစ်သိန်းသုံးသောင်းခုနစ်ထောင်နှင့် နှာခေါင်းစည်းများကို ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစံကြည်ထံ ပေးအပ်သည်။ **(ယာပုံ)**

မွန်ပြည်နယ် သံဖြူဇရပ်မြို့တွင် ဩဂုတ် ၂၂ ရက်က မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး တောင်ကျရေအရှိန်ကြောင့် မြို့ပေါ်ရပ်ကွက်အချို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ကာ နေအိမ်များအတွင်းသို့ ရေဝင်ရောက်ခြင်း၊ သံဖြူဇရပ်-မော်လမြိုင်ကားလမ်းပိုင်းနေရာအချို့၌ လမ်းရေကျော်ခြင်းများ ဖြစ်ပွားခဲ့ပြီး ရေကြီးမှုကြောင့် သံဖြူဇရပ်မြို့ ကျောင်းပိုင်းရပ်ကွက်ရှိ မြေနိမ့်ပိုင်းနေ အိမ်ထောင်စု ၂၇ စုမှ လူဦးရေ ၁၁၃ ဦးအား ရပ်ကွက်မူလတန်းလွန်ကျောင်းတွင် ယာယီပြောင်းရွှေ့နေထိုင်စေခဲ့ကြောင်း သိရသည်။

**အေးအေးသီ(ပြန်/ဆက်)**



# သံလွင်မြစ်ရေမြင့်တက်လာမှုကြောင့် မြို့နယ်များ၌ နေအိမ်အချို့ ရေဝင်နစ်မြုပ်

**ဘားအံ**

ကရင်ပြည်နယ် ဘားအံမြို့တွင် သံလွင်မြစ်ရေသည် ဩဂုတ် ၂၃ ရက် နံနက် ၉ နာရီခွဲအချိန် တိုင်းတာချက်များအရ စိုးရိမ်ရေမှတ် ၇၅၀ စင်တီမီတာအထက် ၇၈၉ စင်တီမီတာသို့ ကျော်လွန်ရောက်ရှိနေရာ ဘားအံမြို့ မြေနိမ့်ပိုင်းရပ်ကွက်အချို့တွင် ရေများ ဝင်ရောက်လျက်ရှိသည်။

ထိုသို့ သံလွင်မြစ်ရေကျော်လွန်ဝင်ရောက်မှုအပေါ် ဘားအံမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဇေထက်အောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ခရိုင်မီးသတ်တပ်ဖွဲ့မှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးနိုင်ရေး မြေနိမ့်ပိုင်းရပ်ကွက်များသို့ ကွင်းဆင်းကြည့်ရှုလျက်ရှိသည်။

ဘားအံမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဇေထက်အောင်က "လက်ရှိ အနေအထားအရ ပြောင်းဖို့ရွှေ့ဖို့ ဘာမှ မလိုအပ်သေးပါဘူး။ လက်ရှိမှာလည်း ကိုဗစ်ကာလ ဖြစ်တဲ့အတွက် အတတ်နိုင်ဆုံး ကျွန်တော်တို့က ရေဝင်ရောက်ပြီးတော့ ရွှေ့ပြောင်းရမယ့် အနေအထားမျိုးရှိတဲ့ အိမ်မျိုးကိုသာ စိစစ်ပြီး စခန်းဖွင့်လက်ခံပေးသွားမှာ ဖြစ်ပါတယ်။ တကယ်လို့စခန်းဖွင့်ရပြီဆိုလည်း ကျွန်တော်တို့က ကိုဗစ် - ၁၉ ညွှန်ကြားချက်နဲ့အညီ ခြောက်ပေခြားလေးတွေ ထားနိုင်ဖို့လည်း စီစဉ်ဆောင်ရွက်ထားပါတယ်။ ရပ်ကွက်အလိုက်ထားရှိမယ့် ရေဘေးရှောင်စခန်းတွေကိုလည်း သတ်မှတ်ဆောင်ရွက်ထားရှိပါတယ်။ သက်ဆိုင်ရာဌာနဆိုင်ရာတွေကိုလည်း အသီးသီး တာဝန်ခွဲဝေပေးထားပြီး ဖြစ်ပါတယ်။ လက်ရှိအနေအထားက စိုးရိမ်စရာ မရှိသေးပါဘူး။ ဒါသည် ပုံမှန်ဝင်ရောက်လေ့ဝင်ရောက်ထရှိတဲ့ အနေအထားပဲ ဖြစ်ပါတယ်" ဟု ပြောသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



ဘားအံမြို့ ကမ်းနားလမ်းပေါ်သို့ မြစ်ရေများ လျှံတက်နေစဉ်။

**လှိုင်းဘွဲ့**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ရွှေဂွန်းကျေးရွာတွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် သံလွင်မြစ်ရေသည် စိုးရိမ်ရေမှတ် ၉၅၀ စင်တီမီတာအထက် ၁၀၅၈ စင်တီမီတာသို့ ရောက်ရှိပြီး မြေနိမ့်ပိုင်းရပ်ကွက်များအတွင်းသို့ ရေဝင်ရောက်လျက်ရှိကြောင်း သိရသည်။

ရွှေဂွန်းကျေးရွာ ရွှေပြည်တော်ရပ်ကွက် အိမ်ထောင်စု ၆၅ စုနှင့် ရွာသစ်(၂) ရပ်ကွက် အိမ်ထောင်စု ၂၇ စု စုစုပေါင်း အိမ်ထောင်စု ၉၂ စုရှိ လူဦးရေ အမျိုးသား၂၀၄ ဦး၊ အမျိုးသမီး ၂၃၀ စုစုပေါင်း ၄၃၄ ဦးအနက် အိမ်ထောင်စု ၁၆ စုရှိ အမျိုးသား ၄၀၊ အမျိုးသမီး ၅၇ ဦး စုစုပေါင်း ၉၇ ဦးအား မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များက ဆွေမျိုးများထံပြောင်းရွှေ့ပေးနိုင်ရေး ကူညီဆောင်ရွက်ပေးလျက်ရှိပြီး ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိခြင်း မရှိကြောင်းနှင့် ရွှေဂွန်း-ဂျို့ချောင်းကျေးရွာအကြား ကားလမ်းမပေါ်သို့ ရေအနက် တစ်ပေခန့် ကျော်လွန် ရောက်ရှိသည့်အတွက် ခရီးသွားပြည်သူများ သွားလာရေးအဆင်ပြေစေရေး ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

**ဖားဆောင်း**

ဩဂုတ် ၂၂ ရက်တွင် နံနက် ၁၁ နာရီခန့်က သံလွင်မြစ်ရေမြင့်တက်လာမှုကြောင့် ဖားဆောင်းမြို့နယ် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြတ်မိုးနှင့် မြို့နယ်ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာန၊ နယ်မြေခံတပ်ရင်းတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ လူမှုကူညီရေးအသင်းအဖွဲ့များက သံလွင်မြစ်ကမ်းတစ်လျှောက်နေထိုင်သည့် အိမ်ထောင်စု ၁၉ စု၊ လူဦးရေ အမျိုးသား ၃၃ ဦး၊ အမျိုးသမီး ၂၇ ဦး စုစုပေါင်း ၆၀ တို့အား ၎င်းတို့၏ ဆွေမျိုးများ နေအိမ်များသို့ ပြောင်းရွှေ့နေထိုင်နိုင်ရေး နေရာချထားပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြစ်ရေမြင့်တက်လာမှုနှင့် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဖားဆောင်းမြို့နယ် ခဲမဖြူကျေးရွာရှိ ခဲမဖြူ - ထီးထာ လမ်းမိုင်တိုင်အမှတ် ၁၁၆/၆ နှင့် ၁၁၆/၇ အကြား အလျားပေ ၉၀ အရှည်၊ အနံ ၁၅ ပေ အကျယ် တံတားအမှတ်(၁/၁၁၇) သံဘေလီချောင်းကူးတံတားမှာ ရေစီးဖြင့် မျောပါခဲ့ကြောင်း၊ မြစ်ရေမြင့်တက်မှုကြောင့် လူနှင့်တိရစ္ဆာန်များ ထိခိုက်ဆုံးရှုံးမှုမရှိကြောင်း သိရသည်။

**ကိုစိုး (လှိုင်ကော်)**

**ဟိုမိန်း**

ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးခရိုင် ဟိုမိန်း-လင်းခေး လမ်းပိုင်း သံလွင်မြစ်နှင့် နမ့်တိန်းချောင်းဆုံရာ(တာဆွတ်တိန်း) ကူးတို့ဆိပ်၌ မိုးဆက်တိုက် ရွာသွန်းမှုကြောင့် ဩဂုတ် ၂၁ ရက်မှစပြီး ယနေ့အထိ သံလွင်မြစ်ရေ စိုးရိမ်ရေမှတ်အထက် ပိုမို မြင့်တက်လာမှုကြောင့် ကားလမ်းနှင့် လူနေအိမ်များ ရေနစ်မြုပ်မှုများဖြစ်ပေါ်လျက်ရှိသည်။ ခရီးသွားပြည်သူများနှင့် ယာဉ်လိုင်းများ အန္တရာယ်ကင်းရှင်းစေရန်အတွက် မော်တော်ယာဉ်များ ရပ်နားထားကြောင်း သိရသည်။

" အခုကျွန်တော်တို့ (တာဆွတ်တိန်း)ကူးတို့ဆိပ်မှာ သံလွင်မြစ်ရေအခြေအနေကတော့ ဩဂုတ် ၂၁ ရက်ကစပြီး မြင့်တက်လာခဲ့တာပါ။ ဒီနေ့မှာတော့ ရေအတက်နှုန်းက ပိုတိုးလာပြီး ကားလမ်းမပေါ်အထိ ကျော်လွန်လာတဲ့အပြင် မြစ်ကမ်းနစ်ဖက် အနီးပတ်ဝန်းကျင်မှာရှိတဲ့ လူနေအိမ်တွေ၊ စားသောက်ဆိုင်တွေ၊ ဈေးဆိုင်တွေပါ ရေမြုပ်လာတဲ့အတွက် ကျွန်တော်တို့ ဟိုမိန်းပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်တွေ၊ ရွာသူရွာသားတွေနဲ့ ရေလွတ်ရာ ကုန်းမြင့်ပေါ်ကို ပြောင်းရွှေ့နေရာချပေးထားပါတယ်။ ဒ့ါအပြင် အခုရက်ပိုင်း မိုးက နေ့ည ဆက်တိုက်ရွာသွန်းမှုကြောင့် တာဆွတ်တိန်း-ဟိုမိန်းလမ်းပိုင်းမှာလည်း တောင်တွေပြိုသစ်ပင်လဲပြိုပြီး လမ်းပိတ်ဆို့မှုတွေလည်း ရှိနေတယ်။ လောလောဆယ် ဟိုမိန်း-လင်းခေးသွားလာနေတဲ့ ခရီးသည်တင် မော်တော်ယာဉ်တွေ၊ ကုန်စည်ပို့ဆောင်ရေးတွေ၊ လုပ်ငန်းတွေကိုတော့ နားထားတယ်။ ဒီနှစ် သံလွင်မြစ်ရေမြင့်တက်မှုဟာ အရင်နှစ် ရေကြီးရေလျှံမှုထက် ပိုမြင့်တက်လာတယ်။ သံလွင်မြစ်ဟာ ရေစီးကလည်း ကြမ်းလွန်းတယ်။ အဲဒါကြောင့် ခရီးသွားပြည်သူတွေ ဘေးအန္တရာယ်ကင်းရှင်းစေဖို့ မြစ်ရေမကျခင်အထိ ကူးသန်းမှုကို ရပ်နားထားမှာ ဖြစ်ပါတယ်" ဟု တာဆွတ်တိန်း ကူးတို့ဆိပ်တာဝန်ခံ ဦးလုကာ က ပြောသည်။

အဆိုပါ သံလွင်မြစ်ရေ မြင့်တက်လာမှုကြောင့် လူနေအိမ်နှင့် ဈေးဆိုင်ခန်း ၂၄ လုံး ရေနစ်မြုပ်မှုဖြစ်ပေါ်ခဲ့ပြီး လူဦးရေ ၁၀၄ ဦး ရေဘေးကြုံတွေ့နေရကြောင်းနှင့် အဆိုပါနေရာသို့ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲနောင်(ဟိုမိန်း)**



လင်းခေးခရိုင် ဟိုမိန်း-လင်းခေး လမ်းပိုင်းအနီးရှိ ရပ်ကွက်အချို့ ရေကြီးနစ်မြုပ်နေမှုကို တွေ့ရစဉ်။

## ငရုတ်ကောင်းမြို့၌ တောင်ကျချောင်းရေကျဆင်းမှုကြောင့် နေအိမ်အချို့ ပျက်စီး

**ငရုတ်ကောင်း ဩဂုတ် ၂၃** – ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငရုတ်ကောင်းမြို့ သစ်ရောင်းကျေးရွာအုပ်စု သံပတ်ကွင်းကျေးရွာတွင် ဩဂုတ် ၂၃ ရက် နံနက် ၁ နာရီက မိုးသည်းထန်စွာ ရွာသွန်းပြီး တောင်ကျချောင်းရေကျဆင်းမှု ဖြစ်ပွားခဲ့၍ နေအိမ်အချို့ အနည်းငယ်ပျက်စီးမှုများ ဖြစ်ပွားခဲ့ကြောင်း သစ်ရောင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

အဆိုပါ တောင်ကျချောင်းရေကျဆင်းမှုများသောကြောင့် သစ်ရောင်းကျေးရွာအုပ်စု သံပတ်ကွင်းကျေးရွာချောင်းကမ်းနားလမ်းရှိ နေအိမ်နှစ်လုံးမှာ ရေနောက်မျောပါ ဆုံးရှုံးခဲ့သည်။ ယင်းတောင်ကျချောင်းရေကြောင့် ပျက်စီးဆုံးရှုံးသွားသော နေအိမ်များမှ ပြည်သူတချို့မှာ ရေလွတ်ရာသို့ ပြောင်းရွှေ့နေထိုင်ကြောင်း သိရသည်။

**ပြုံးမောင်မောင်(ပြန်/ဆက်)**

# သဘာဝပတ်ဝန်းကျင်နှင့် မျက်နှာဖုံး (Mask) ပြဿနာ

**စည်သူကျော်**

ပြီးခဲ့သည့်လအတွင်းက ကိုဗစ်-၁၉နှင့် သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများအကြောင်းကို ဆောင်းပါး ရေးသားခဲ့သည်။ ကိုဗစ်-၁၉ ကူးစက်ရောဂါကြောင့် အသွားအလာများ ကန့်သတ်ထိန်းချုပ်လိုက်သဖြင့် ကာဗွန်ထုတ်လွှတ်မှုလျော့ကျပြီး သဘာဝပတ်ဝန်းကျင် ပြန်လည်သန့်စင်သွားသည့်အကြောင်းကို ရေးသားခဲ့ခြင်း ဖြစ်သည်။

ကိုဗစ်ကြောင့် ကမ္ဘာကြီးသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာတက်ကြွလှုပ်ရှားသူတို့ လိုလားသော အခြေအနေတစ်ရပ်ကို ရောက်ရှိခဲ့ကြောင်း ရေးသားခဲ့သည့် ထိုဆောင်းပါး ကြေးမုံသတင်းစာတွင် ဖော်ပြပြီး နောက် မိတ်ဆွေအချို့က ဖုန်းဖြင့်တစ်မျိုး၊ Facebook, Viber တို့မှ Message များပို့၍တစ်သွယ် အထွန့်တက်ကြသည်။ ချစ်စနိုးပြောရရင် ကလိကြသည်ဆိုပါစို့။ ၎င်းတို့ပြောကြ သည်က ကိုဗစ်ကြောင့် လူ့ပတ်ဝန်းကျင်ကို တစ်နည်း တစ်ဖုံ ညစ်ညမ်းစေသည်ဆိုသည့်အကြောင်း ဖြစ်သည်။ တစ်ခါသုံးမျက်နှာဖုံးများ (Disposal Face Mask) နှင့် ပလတ်စတစ်မျက်နှာအကာ (Face Shield) များကို စနစ်တကျ မစွန့်ပစ်ခြင်းကြောင့် ပတ်ဝန်းကျင်အမြင် မတင့်တယ်သလို ရေထုနှင့်မြေလွှာကို ညစ်ညမ်းစေသည့်အကြောင်း၊ မသန့်စင်သည့် ဆေးရုံသုံးပစ္စည်းများကို အမှုမဲ့အမှတ်မဲ့ စွန့်ပစ်ခြင်းကြောင့် မလိုလားအပ်သည့် ရောဂါပိုးများပြန့်ပွားစေနိုင်သည့်အကြောင်းတို့ ဖြစ်သည်။ ထို့အပြင် လက်ဆေးရန်အတွက် လက်ဆေးကန်ဘေစင်များ နေရာအနှံ့အပြားတွင်ထားရှိပြီး ထိန်းသိမ်းပြုပြင်မှု မရှိခြင်းကြောင့် ရေသုံးစွဲမှုမြင့်တက်လာကာ လေလွင့်ဆုံးရှုံးမှုများဖြစ်ပေါ်ရကြောင်း၊ ပလတ်စတစ်လက်သန့်ဆေးရည်ဘူးများကြောင့် စွန့်ပစ်ပလတ်စတစ်အမှိုက်များ များပြားလာရကြောင်းတို့ ဖြစ်သည်။ စကားနာထိုးမှု သက်သက်ဖြစ်သော်လည်း ၎င်းတို့ထောက်ပြသော အချက်များမှာ မှန်ကန်သော အချက်များ ဖြစ်သည်။ အလေးအနက်ထား ဂရုပြု ဆောင်ရွက်ရမည့် ကိစ္စရပ်များဖြစ်သည်။

**နေ့စဉ်သုံးပလတ်စတစ်ပစ္စည်းများ**

သူတို့ပြောမည်ဆိုလည်း ပြောစရာပင်။ မနက်လမ်းလျှောက်ထွက်တိုင်း လမ်းမပေါ်တွင် မျက်နှာဖုံး (Disposal Face Mask) များကို ဟိုတစ်စ ဒီတစ်စ စွန့်ပစ်ထားကြ သည်ကို တွေ့ရသည်။ မနက်ရုံးသွားဖို့ ဖယ်ရီပေါ်ရောက်တော့ နောက်ဘက်က ဝန်ထမ်းအမျိုးသမီးတစ်ဦးက ၎င်းနေရာတွင် သုံးစွဲပြီးမျက်နှာဖုံးတစ်ခု ရောက်ရှိနေသဖြင့် ဆူညံပူညံပြောဆိုနေသံကို ကြားရသည်။ ပြီးတော့ အဆိုပါ အမျိုးသမီးကိုယ်တိုင်ပင် ယင်းမျက်နှာဖုံးကို ကြွပ်ကြွပ် အိတ်တစ်ခုတွင်ထည့်၍ လမ်းပေါ်သို့ ပစ်ချလိုက်သည်ကို တွေ့လိုက်ရသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ပလတ်စတစ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်မှု အသိပညာ အားနည်း သည်ကိုတွေ့ရှိရသည်။ ယခင် ကိုဗစ် - ၁၉ မဖြစ်ခင်က အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ရာတွင် ပလတ်စတစ်ရေသန့်ဘူးများ ဝေပေးရာ အခမ်းအနားတစ်ခုပြီးတိုင်း ရေသန့်ဘူးအခွံအများအပြား ပြန့်ကျဲကာ ကျန်ရစ်တတ်လေသည်။ ယခုတော့ ယင်းခေါင်းစဉ်အတွက် ရေသန့်ဘူးစွန့်ပစ်မှု အတန်ငယ် လျော့ကျသွားဖွယ်ရှိသည်။ သို့သော် ခေါင်းထောင်လာ သည်က မျက်နှာဖုံးပြဿနာ။

ကိုဗစ်-၁၉ ရောဂါသည် အသက်ရှူလမ်းကြောင်းမှ တစ်ဆင့် ကူးစက်သော ရောဂါဖြစ်သဖြင့် နှာခေါင်းနှင့် ပါးစပ်ကို အဓိက အကာအကွယ်ပြုရသည်ဖြစ်ရာ မျက်နှာဖုံး (Mask) တပ်ဆင်ခြင်းသည် ရောဂါပိုး ဝင်ရောက်မှုမှ ထိရောက်စွာ ကာကွယ်ပေးသည်ကို

> "သိပ္ပံပညာရှင်တို့က သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေသော မျက်နှာဖုံးများ၊ အကာအကွယ်ပြုပစ္စည်းများ ထုတ်လုပ်ရန်ကြိုးပမ်း လျက်ရှိကြသော်လည်း ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုနိုင်ဖို့က အချိန်ယူကြရပေဦးမည်။ လူ့သဘောသဘာဝကလည်း လွယ်ကူလက်လှမ်းမီသော အရာကို ပိုမိုအသုံးပြုလိုကြသည်။ ယင်းမတိုင်မီ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုလျော့နည်းကျဆင်းစေရန်နှင့် မိမိတို့နေထိုင်ရာကမ္ဘာကြီးနှင့် သက်ရှိများ ရေရှည်တည်တံ့စေရန် တစ်ဦးကအစ အများဆိုသလို လိုက်နာကျင့်သုံးဆောင်ရွက်ကြပါစို့"

အားလုံးသိရှိ လက်ခံထားပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ မျက်နှာဖုံး (Mask) တပ်ဆင်ခြင်းနှင့် လက်ဆေးခြင်းတို့သည် ရောဂါပိုးကိုကာကွယ်သော အလေ့အထတစ်ခုအဖြစ် လူ့အသိုက်အဝန်းတွင် လက်ခံကျင့်သုံးလာကြ သည်။ ယခုအခါ နေရာတိုင်းလိုလိုတွင် Mask ကို မဖြစ် မနေ တပ်ဆင်ရန် စည်းကမ်းသတ်မှတ်ချက်များထုတ်ပြန်ကြသည်။ လိုက်နာဆောင်ရွက်ရေး လှုံ့ဆော်အားပေးမှုများ ပြုလုပ်ကြသည်။

**တိုးတက်များပြားလာသော Mask ထုတ်လုပ်မှု**

သို့ဖြစ်ရာ Mask ထုတ်လုပ်ရောင်းချမှုသည် ယခင်ကထက် သိသိသာသာတိုးတက်များပြားလာခဲ့သည်။ United Nations Conference on Trade and Development (UNCTAD) ၏ဖော်ပြချက်အရ ၂၀၁၉ ခုနှစ်က ကမ္ဘာပေါ်တွင် Mask ထုတ်လုပ်ရောင်းချမှုသည် အမေရိကန်ဒေါ်လာ သန်း ၈၀၀ ဝန်းကျင်သာရှိခဲ့ရာမှ ၂၀၂၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၁၆၆ ဘီလီယံ အထိ ရှိလာမည်ဟု ခန့်မှန်းထားသည်။ ထုတ်လုပ်မှုနှင့်အတူ စွန့်ပစ်မှုဖြစ်စဉ်သည်လည်း ပေါ်ပေါက်လာမည်ဖြစ်ရာ ယခု ၂၀၂၀ ပြည့်နှစ်အတွင်း သန်းနှင့်ချီသော Disposal Face Mask များသည် ကမ္ဘာ့ရေထုနှင့် မြေလွှာအတွင်းသို့ စွန့်ပစ်ခြင်းခံရမည်မှာ မလွဲကေန်ပင်ဖြစ်သည်။ University College London မှ သုတေသနပညာရှင်များ၏ ခန့်မှန်းချက်အရ ဗြိတိန်နိုင်ငံရှိလူတိုင်း တစ်နေ့လျှင် တစ်ခါသုံး မျက်နှာဖုံး (Single-Use Mask) ကို တစ်နှစ်ကြာ အသုံးပြုမည်ဆိုပါက ၎င်းတစ်နိုင်ငံတည်းပင် ပလတ်စတစ်စွန့်ပစ်တန်ချိန် ၆၆၀၀၀ ရှိမည်ဖြစ်ကြောင်း သိရသည်။

မျက်နှာဖုံး(Face Mask) များကို တပ်ဆင်ရန်အသိပေးကြေညာခြင်း၊ စည်းမျဉ်းစည်းကမ်းများ ချမှတ်ပြီး လိုက်နာဆောင်ရွက်စေခြင်းတို့ကို လုပ်ဆောင်ကြသော်လည်း အသုံးပြုပြီး Mask များကို မည်သို့ ကိုင်တွယ်ဆောင်ရွက်သင့်ကြောင်း ဖော်ပြသူနည်းလှသည်။ စွန့်ပစ်မျက်နှာဖုံးများကို မည်သို့ စွန့်ပစ်၍ ရှင်းလင်းဆောင်ရွက်ကြသည်ကိုလည်း အများကျယ်ကျယ်ပြန့်ပြန့် မသိရှိကြချေ။ ပလတ်စတစ်အန္တရာယ်သည် ကိုရိုနာဗိုင်းရပ်စ်မပေါ်ပေါက်မီအချိန်ကတည်းက ကမ္ဘာကို ခြိမ်းခြောက်နေသော ပြဿနာကြီးတစ်ရပ်ဖြစ်သည်။ ကိုဗစ်-၁၉ ကပ်ရောဂါကြီးဖြစ်ပေါ်လာသောအခါ မြွေပူရာကင်းမှောင့်ဆိုသလို တစ်ခါသုံးမျက်နှာဖုံးများ (Single-Use Mask) များ စွန့်ပစ်မှုသည် ကမ္ဘာကြီးကို အရုပ်ဆိုးအကျည်းတန်စေသည်။ ဆိုရသော် မျက်နှာဖုံးစွန့်ပစ်မှုပြဿနာသည် ကိုဗစ်-၁၉ ကပ်ရောဂါကြီး၏ ဘေးထွက်ဆိုးကျိုးသဖွယ်ပင်။

ပြင်သစ်၊ အမေရိကန်နိုင်ငံများနှင့်ဟောင်ကောင်တို့ရှိ ကမ်းခြေများပြန်လည်ဖွင့်လှစ်လိုက်ရာတွင် ကမ်းခြေများ၌ Mask များစွန့်ပစ်ထားသည်ကို တွေ့ရှိရကြောင်း၊ ယင်း Mask များကြောင့် ရေနေသတ္တဝါများ၏ ရှင်သန်နေထိုင်မှုနှင့် မျိုးပေါက်ပွားမှုတို့အပေါ် သက်ရောက်မှုများ ရှိလာမည်ကို စိုးရိမ်မိကြောင်း ပြောကြားလာသည်။

**သဘာဝပတ်ဝန်းကျင်ရေရှည်တည်တံ့စေဖို့**

သို့သော် ကိုဗစ်-၁၉ ရောဂါကြီးဖြစ်ပွားမှုတာရှည်လာသည်နှင့်အမျှ ယင်းပြဿနာကို မျှော်တွေးလာသော ပညာရှင်များက ကောင်းမွန်သော အကြံဉာဏ်များကို မျှဝေလာကြသည်။ မိမိတို့ရုံးဝန်ထမ်းများအတွက် နိုင်ငံတကာအဖွဲ့အစည်းတစ်ခုက Mask များလှူဒါန်းမည် ဆိုသောအခါ Single-Use Mask များအစား လျှော်ဖွပ်၍ ပြန်လည်အသုံးပြုနိုင်သော Reusable Masks များ လှူဒါန်းပေးပါရန် ပန်ကြားခဲ့သည်။ ဝန်ထမ်းများအနေဖြင့် ယင်းမျက်နှာဖုံးများကို လျှော်ဖွပ်၍ ပြန်လည်အသုံးပြုနိုင်သဖြင့် စီးပွားရေးအရ တွက်ခြေကိုက်သလို ရုံးပတ်ဝန်းကျင်တွင်လည်း ညစ်ညမ်းမှုမဖြစ်တော့ပေ။ ဝန်ထမ်းများအား တပ်ဆင်ပြီးမျက်နှာဖုံးများကို အသုံးပြုပြီးပြီးချင်း လျှော်ဖွပ်ရန်နှင့် မျက်နှာဖုံးများ လျှော်ဖွပ်ရာတွင် ဆပ်ပြာဖြင့်သန့်စင်စွာ လျှော်ဖွပ်ရန်၊ ဖြစ်နိုင်ပါက ရေနွေးဖြင့်စိမ်၍ လျှော်ဖွပ်ရန်မှာကြားရသည်။ တစ်ခါသုံးမျက်နှာဖုံးများ စွန့်ပစ်လဲလှယ်ရာတွင်လည်း သေချာစွာထုပ်ပိုး၍ သတ်မှတ်အမှိုက်ပုံးများတွင် စွန့်ပစ်ရန်နှင့် မျက်နှာဖုံးလဲလှယ်ပြီးပြီးချင်း လက်ကိုဦးစွာဆေးကြောရန် ပြောရသည်။ ယခုအခါ အထက်တန်းကျောင်းများ ပြန်လည်ဖွင့်လှစ်သည်နှင့်ကျောင်းဝန်းကျင်တွင် ပလတ်စတစ် စွန့်ပစ်အမှိုက်များနှင့်အတူ မျက်နှာဖုံးများကို တွေ့လာရဖွယ်ရှိသည်။ မျက်နှာဖုံးများတပ်ဆင်ဖို့ပြောသလို မျက်နှာဖုံးများ ကိုင်တွယ်အသုံးပြုပုံနှင့် စနစ်တကျ လုံခြုံစွာစွန့်ပစ်ဖို့လည်း မှာကြားရန်လိုအပ်မည်ဖြစ်သည်။ ဈေးများ၊ ကျောင်းများနှင့် အများပြည်သူသွားလာရာ နေရာများတွင် မျက်နှာဖုံးများစွန့်ပစ်နိုင်ရန် တတ်နိုင်ပါက သီးခြားအမှိုက်ပုံးများ ထားရှိပေးသင့်သည်။

သိပ္ပံပညာရှင်တို့က သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေသော မျက်နှာဖုံးများ၊ အကာအကွယ်ပြုပစ္စည်းများ ထုတ်လုပ်ရန် ကြိုးပမ်းလျက်ရှိကြသော်လည်း ကျယ်ကျယ် ပြန့်ပြန့် အသုံးပြုနိုင်ဖို့က အချိန်ယူကြရပေဦးမည်။ လူ့သဘောသဘာဝကလည်း လွယ်ကူလက်လှမ်းမီသောအရာကို ပိုမိုအသုံးပြုလိုကြသည်။ ယင်းမတိုင်မီ သဘာဝ ပတ်ဝန်းကျင်ကို ထိခိုက်မှုလျော့နည်းကျဆင်းစေရန်နှင့် မိမိတို့နေထိုင်ရာကမ္ဘာကြီးနှင့် သက်ရှိများ ရေရှည်တည်တံ့စေရန် တစ်ဦးကအစ အများဆိုသလို လိုက်နာကျင့်သုံးဆောင်ရွက်ကြပါစို့လို့ တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# ပေါင်းတည်မြို့နယ်ရှိ ကျောင်းသားကျောင်းသူများအတွက် နှာခေါင်းစည်းများလှူဒါန်း

**ပေါင်းတည် ဩဂုတ် ၂၃**

ပေါင်းတည်မြို့နယ် မြန်မာနိုင်ငံပြည်သူ့ကျန်းမာရေး ကြီးကြပ်အသင်းမှ မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများအတွက် ကျန်းမာရေး အထောက်အကူပြုပစ္စည်းများကို ယမန်နေ့က သွားရောက်လှူဒါန်းသည်။

အဆိုပါလှူဒါန်းပွဲတွင် ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂) ဦးသက်နိုင်ဦးက ယခုလက်ရှိပြည်တွင်း ကူးစက်လူနာများ ထပ်မံတွေ့ရှိနေသည့်အပြင် ကူးစက်နှုန်းမြန်ဆန် သန္ဓေပြောင်းရောဂါပိုးသည် မြန်မာနိုင်ငံတွင် ရှိနေပြီဖြစ်သည့်အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ကာကွယ်ရေးနည်းလမ်းများကို တိကျစွာလိုက်နာရန် လိုအပ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါမကူးစက်နိုင်ရေးအတွက် မိမိကစ၍ကာကွယ်ရေးမှာ အဓိကကျပါကြောင်း၊ မဖြစ်မနေ လက်ဆေးကြရန်နှင့် ကျောင်းသို့လာရောက်ချိန်မှစ၍ စာသင်ကြားချိန်အပါအဝင် ကျောင်းမှအိမ်သို့ပြန်ရောက်သည်အထိ နှာခေါင်းစည်းအား မဖြစ်မနေ စနစ်တကျတပ်ဆင်သွားလာရန် လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်အတွင်းရှိ အထက မှတ်တိုင်နှင့် အထက မြေနံ့သာ



ကျောင်းတို့အတွက် တစ်ကျောင်းလျှင် နှာခေါင်းစည်း ၅၀၀ စီကို သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများထံ ပေးအပ်လှူဒါန်းကြောင်း သိရသည်။

**တင်ဝင်းဇော် (မင်းသားကြီး)**

# ကျောင်းကုန်းမြို့ မြို့မဈေး၌ နှာခေါင်းစည်း ၂၀၀၀ ဖြန့်ဝေ

**ကျောင်းကုန်း ဩဂုတ် ၂၃**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့ မြို့မဈေးကြီးအနီး လူစည်ကားရာနေရာတွင် ကိုဗစ် - ၁၉ ထိန်းချုပ်ရေးနှင့်အရေးပေါ် တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက နှာခေါင်းစည်း ၂၀၀၀ ကို ယနေ့နံနက်ပိုင်းက အခမဲ့ ဖြန့်ဝေပေးသည်။

ပြည်သူများအား တတ်နိုင်သရွေ့ နေအိမ်ပြင်ပထွက်ခွာခြင်း မပြုကြရန်၊ လူအများ စုဝေးရာနေရာသို့ မသွားရန်၊ မဖြစ်မနေပြင်ပထွက်ခွာပါက နှာခေါင်းစည်းတပ်ဆင်ရန်၊ ပြင်ပမှပြန်လာပြီးတိုင်း လက်ကို စက္ကန့် ၂၀ ကြာ ဆပ်ပြာဖြင့် ဆေးကြောရန်၊ ပြည်သူများ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် နေ့စဉ် တစ်နေ့ငါးကြိမ် အသိပေးကြေညာလျက်ရှိကြောင်း၊ နှာခေါင်းစည်းမတပ်သူများအား ဒဏ်ရိုက်ပြီး သတိပေးမည်ဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူးက ပြောသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# ဖားကန့်၌ ဒုတိယအကြိမ် လက်လုပ်လက်စား ကျောက်မျက်တူးဖော်ရေးလုပ်ကွက်များ ခွင့်ပြုချထားပေးမည်

**ဖားကန့် ဩဂုတ် ၂၃**

ကချင်ပြည်နယ် ဖားကန့်ဒေသရှိ လုံးခင်း/ဖားကန့်ရတနာနယ်မြေအတွင်း ဒုတိယအကြိမ်အဖြစ် ကျောက်စိမ်းတူးဖော်ရန် လက်လုပ်လက်စား လုပ်ကွက် ၂၈၆ ကွက်ကို ခွင့်ပြုချထားပေးနိုင်ရေးအတွက် အဆိုပြုလျှောက်လွှာများကို မော်ဝမ်းရပ်ကွက်ရှိ စုပေါင်းရုံးအဝင် OSS (One Stop Service)ရုံး၌ ဩဂုတ် ၂၄ ရက်မှ စတင်၍ စိစစ်ရောင်းချပေးတော့မည်ဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

"ဩဂုတ် ၂၄ ရက်ကစပြီး အဆိုပြုလျှောက်လွှာ စရောင်းပါ့မယ်၊ စုပေါင်းရုံးအဝင်က OSS ရုံးမှာ ဆောင်ရွက်ပေးမှာပါ" ဟု မြို့နယ်လုပ်ကွက်ကြီးကြပ်ရေးနှင့် လျှောက်လွှာစိစစ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်လင်းအောင်က ပြောသည်။

ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးလဆိုင်းက "လုံးခင်း/ဖားကန့်ရတနာနယ်မြေမှာက ပထမအကြိမ် လက်လုပ်လက်စား ကျောက်မျက်တူးဖော်ရေးလုပ်ကွက်ချပေးတုန်းက လုပ်ကွက်လျှောက်ဖို့ကျန်တဲ့ လုပ်ကွက်တွေထဲက ဒုတိယအကြိမ် ပြန်ချထားပေးတာဖြစ်ပါတယ်" ဟု ပြောသည်။

ဖားကန့်ဒေသအတွင်း ပထမအကြိမ် လက်လုပ်လက်စား ကျောက်မျက်တူးဖော်ရေးလုပ်ကွက်များအဖြစ် ၃၇၆ ကွက်ကို အဆိုပြုလျှောက်လွှာတင်သွင်းခွင့်ပြုခဲ့ရာ လျှောက်လွှာပေါင်း ၃၃၂ စောင် ရောင်းချခဲ့ရသော်လည်း အမှန်တကယ် လျှောက်လွှာတင်သူ ၁၄၁ဦးသာ ရှိခဲ့သည့်အနက် ကချင်ပြည်နယ်အစိုးရအဖွဲ့မှ လုပ်ကွက် ၈၇ ကွက်ကို သတ်မှတ်ချက်နှင့်အညီ ခွင့်ပြုခဲ့ကြောင်း သိရသည်။

ခွင့်ပြုချထားပေးသည့် လက်လုပ်လက်စား စည်းမျဉ်းများအဖြစ် လုပ်ကွက်တစ်ကွက်လျှင် တစ်ဧကဖြစ်ပြီး အိမ်ထောင်စုဇယားပုံစံ(၆၆/၆) အိမ်ထောင်စုစာရင်းနှင့် ကချင်ပြည်နယ် မှတ်ပုံတင်(၁/....) ကိုင်ဆောင်ထားသူများဖြစ်ရမည့်အပြင် အိမ်ထောင်စုဇယားပုံစံ(၆၆/၆) တစ်စောင်လျှင် လုပ်ကွက်(၁)ကွက်သာ လျှောက်ထားခွင့်ရှိပြီး အိတ်ပိတ်တင်ဒါစနစ်အရ လုပ်ငန်းလုပ်ကိုင်ရန် လုပ်ကွက်လျှောက်ထားမှုတူညီနေပါက အခြေခံသတ်မှတ်ဈေးနှုန်းထက် စပေါ်ငွေပိုတင်ထားသူက အသာရမည်ဖြစ်သည်။

ဒေသခံဦးစားပေးစနစ်အရလည်း မှတ်ပုံတင်(၁/...) ကိုင်ဆောင်ထားသူချင်း လျှောက်ထားမှုလုပ်ကွက် တူညီနေပါက မြစ်ကြီးနား၊ ဝိုင်းမော် မှတ်ပုံတင်ကိုင်ဆောင်ထားသူထက် ဖားကန့်/ကာမိုင်း မှတ်ပုံတင်ကိုင်ဆောင်ထားသူက အသာရမည်ဖြစ်ပြီး ဆက်လက်တူညီနေပါက အခြေခံသတ်မှတ်ဈေးနှုန်းထက် စပေါ်ငွေပိုတင်ထားသူက အသာရမည့်ပုံစံအဆင့်ဆင့် တိုင်းတာအကဲဖြတ်သွားမည် ဖြစ်သည်။

လက်လုပ်လက်စား လုပ်ကွက်တစ်ကွက်လျှင် ပြည်နယ်အစိုးရအဖွဲ့သို့ အခြေခံစပေါ်ငွေကျပ် ၅၀၀၀၀၀၊ မှတ်ပုံတင်ကြေး ငွေကျပ် ၃၀၀၀၊ လျှောက်လွှာတစ်စောင် ၁၀၀၀၊ ကွင်းဆင်းစစ်ဆေးခ ငွေကျပ် ၅၀၀၀၀ နှင့် လုပ်ငန်းလုပ်ကိုင်ခွင့်ရပါက CSR(ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ) အတွက် ငွေကျပ် ၁၀၀၀၀၀ တို့ကို ပေးသွင်းရမည်ဖြစ်ပြီး လုပ်ကိုင်ခွင့်ပြုသည့် တစ်နှစ်အတွင်း လေးပင်စနစ်၊



ကိုးပင်စနစ်၊ တွင်းလုံးစနစ်၊ မျောစနစ်၊ အင်းဖြဲစနစ်၊ လူးလက်ကြားစနစ်(လူအားဖြင့်သာ) တို့ကို ရေစုပ်စက်၊ လေပေးစက်၊ မီးစက်၊ ကျောက်ဖောက်စက် (Had Drill)၊ ဖြူန်းခါစက်များ အသုံးပြုလျက် လုပ်ကိုင်နိုင်မည်ဖြစ်သည်။

အခြေခံလက်လုပ်လက်စား လျှောက်ထားလုပ်ကိုင်သူများ မနစ်နာစေရေးအတွက် အလတ်စားနှင့် အသေးစား လုပ်ကွက် လုပ်ကိုင်ခွင့်ရထားသူများ ဝင်ရောက်လျှောက်ထားခွင့်မရှိဘဲ ကျောက်မျက်တူးဖော်ရေး ကုမ္ပဏီတစ်ခုခုမှ ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ပါဝင်သူများလည်း လျှောက်ထားခွင့်ပြုမည့်စာရင်းထဲ မပါဝင်ကြောင်း ကချင်ပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့၏ ထုတ်ပြန်ထားချက်များအရ သိရသည်။

လုပ်ကွက်လျှောက်ထားသူများအနေဖြင့် တူးဖော်ခွင့်မရရှိပါက ကချင်ပြည်နယ်အစိုးရအဖွဲ့ထံ တင်သွင်းထားသည့် အာမခံစပေါ်ငွေကို ပြန်လည်ထုတ်ပေးသွားမည်ဖြစ်ပြီး တူးဖော်ခွင့်ရရှိသူများအနေဖြင့် သတ္တုတွင်းဝန်ကြီးဌာန၏ ၁၉၉၉ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ထုတ်ပြန်ကြေညာသည့် အမိန့်ကြော်ငြာစာအမှတ် (၁၂၃/၉၉)အတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်သည့်အပြင် တူးဖော်ခွင့်ပြုသည့်တစ်နှစ်အတွင်း သတ်မှတ်ထားသော စည်းမျဉ်းများနှင့်ကိုက်ညီပါက ထပ်မံ နှစ်တိုးတူးဖော်ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

**တာလင်းမောင်(ပြန်/ဆက်)**

# MNL ပွဲစဉ် (၁၀) တွင် အသင်းကြီးအများစု အမှတ်ပြည့်ရရှိ

**ရန်ကုန် ဩဂုတ် ၂၃**

၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၀) ကို ဩဂုတ် ၂၂၊ ၂၃ ရက်က ဆက်လက်ကျင်းပရာ ရန်ကုန် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်၊ ရတနာပုံနှင့် ဧရာဝတီအသင်းတို့ အနိုင်ရရှိခဲ့သည်။




ရတနာပုံ တိုက်စစ်မှူး အောင်သူ အား/ကာသိပ္ပံအသင်းဘက်သို့ ထိုးဖောက်နေစဉ်။ ဓာတ်ပုံ-ဖိုးသော်ဇင်

ပွဲစဉ် (၁၀) တွင် ရတနာပုံအသင်းက အား/ကာသိပ္ပံအသင်းကို လေးဂိုး-ဂိုးမရှိ၊ ဧရာဝတီအသင်းက ရခိုင်အသင်းကို လေးဂိုး-ဂိုးမရှိ၊ ရန်ကုန်အသင်းက မကွေးအသင်းကို ခြောက်ဂိုး-ဂိုးမရှိ၊ ရှမ်းယူနိုက်တက်အသင်းက Southern အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ရတနာပုံသည် ဒုတိယပိုင်း သွင်းဂိုးများဖြင့် ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်ပြီး တိုက်စစ်မှူး အောင်သူလည်း ဟက်ထရစ် သွင်းယူခဲ့သည်။ ရတနာပုံအသင်းသည် ခြေစွမ်းအရ အကောင်းဆုံးအနေအထား မရှိသော်လည်း ဒုတိယပိုင်းတွင် ဂိုးများဆက်တိုက်ရခဲ့၍ ဂိုးပြတ်သွားခြင်းဖြစ်သည်။ ရတနာပုံအသင်းသည် ရဲကိုဦး၊ အောင်သူ၊ လှိုင်းဘိုဘို၊ ဝင်းနိုင်စိုးစသည့်အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာပြီး အသင်းသို့ ပြန်လည်ရောက်ရှိလာသည့် မြတ်ကောင်းခန့်ကိုလည်း လူစားလဲ အသုံးပြုခဲ့သည်။ ပြည်တွင်းကစားသမားများဖြင့် ဖွဲ့စည်းထားသည့်အသင်းနှစ်သင်းတွေ့ဆုံခြင်းဖြစ်ပြီး အား/ကာသိပ္ပံအသင်းက ကစားသမားအင်အားချင်းမယှဉ်နိုင်၍ တန်ပြန်တိုက်စစ်ဖြင့် ကစားခဲ့ရသည်။ ရတနာပုံအသင်းအတွက် ပထမဂိုးကို ၆၁ မိနစ်တွင် မျိုးကိုထွန်းက အဝေးကန်ချက်ဖြင့် သွင်းယူခဲ့သည်။ ရတနာပုံအတွက် အနိုင်ဂိုးများကို အောင်သူက ၈၃၊ ၈၆၊ ၉၀+၂ မိနစ်တို့တွင် သွင်းယူခဲ့၍ ၈၆ မိနစ်တွင် သွင်းယူသည့်ဂိုးမှာ ပယ်နယ်တီမှတစ်ဆင့် သွင်းယူခဲ့ခြင်းဖြစ်သည်။

ဒုတိယနေရာမှ ဧရာဝတီသည် ယခု ဂိုးပြတ်နိုင်ပွဲကြောင့် ထိပ်ဆုံးမှ ဟံသာဝတီအသင်းကို တစ်မှတ်အကွာဖြင့် ဖိအားပေးနိုင်ခဲ့ကာ ရာသီဝက်ချန်ပီယံဆုအတွက် မျှော်လင့်ချက်ရှိလာခဲ့ သည်။ ဧရာဝတီအသင်းသည် ပုံစံကောင်းပြသနိုင်ခဲ့ကာ ရခိုင်အသင်းမှာ အားနည်းချက်များရှိနေသဖြင့် ဂိုးပြတ် အရေးနိမ့်ခဲ့ရခြင်းဖြစ်သည်။ ဧရာဝတီအသင်းအတွက် အနိုင်ဂိုးများကို ၂၇ မိနစ်တွင် စိုးမိုး ကျော်၊ ၃၆၊ ၆၂မိနစ်တွင် ဆာဆက်နှင့် ၇၂မိနစ်တွင် သန်းထက်အောင်တို့က သွင်းယူခဲ့သည်။

ယမန်နေ့က ကျင်းပသည့်ပွဲတွင် လက်ရှိ ချန်ပီယံရှမ်းယူနိုက်တက်အသင်း နိုင်ပွဲရခဲ့သော်လည်း ခက်ခက်ခဲခဲကစားခဲ့ရပြီး နောက်ကျဂိုးဖြင့် အနိုင်ရခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် အသင်းခေါင်းဆောင် သီဟစည်သူမှလွဲ၍ ဒေးဗစ်ဒန်း၊ နန္ဒကျော်၊ ဟိန်းသီဟဇော်၊ မာတူနာ၊ မက်ဆီမင်တို့ဖြင့် လူစုံအသုံးပြုခဲ့ပြီး ပြည်တွင်းကစားသမားများဖြင့် ဖွဲ့စည်းထားသည့် Southern အသင်းမှာလည်း ကောင်းစည်သူ၊ ပြည့်ဖြိုးအောင် (ဂိုး) စသည့်အမာခံများကို အသုံးပြုခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးကို ၈၁ မိနစ်တွင် နန္ဒကျော်က သွင်းယူခဲ့သည်။

နာမည်ကြီး ရန်ကုန်အသင်းသည် ဇယားထိပ်ပိုင်းမှ ဟံသာဝတီနှင့် ဧရာဝတီကို အမီလိုက်နိုင်ရန် အားထုတ်ခဲ့ပြီး ဂိုးဒါဇင်ဝက်ဖြင့် အနိုင်ရခဲ့သည်။ ပြည်တွင်းကစားသမားများဖြင့် ဖွဲ့စည်းထားသည့် မကွေးအသင်းသည် ထူးထူးခြားခြား လုပ်မပြနိုင်ဘဲ အရေးနိမ့်ခဲ့ရသည်။ ရန်ကုန်အသင်းအတွက် အနိုင်ဂိုးများကို ၂၆ မိနစ်တွင် ဘာဖို၊ ၄၁ မိနစ်တွင် မောင်မောင်လွင်၊ ၄၅ မိနစ်တွင် အီမန်နျူရယ်၊ ၇၂ မိနစ်တွင် ရန်ပိုင်စိုး၊ ၈၂၊ ၈၉ မိနစ်တွင် ကြည်လင်းတို့က သွင်းယူခဲ့သည်။

ပွဲစဉ် (၁၀) အပြီးတွင် ဟံသာဝတီအသင်းက ၂၁ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး ဧရာဝတီအသင်းက ရမှတ် ၂၀၊ ရန်ကုန်အသင်းက ၁၇ မှတ်၊ ရှမ်းယူနိုက်တက်အသင်းက ၁၄ မှတ်၊ ရခိုင်အသင်းက ၁၃ မှတ်၊ စစ်ကိုင်းအသင်းက ၁၀ မှတ်၊ ရတနာပုံအသင်းက ခုနစ်မှတ်၊ မကွေးအသင်းက ခြောက်မှတ်၊ အား/ကာသိပ္ပံအသင်းက သုံးမှတ်၊ Southern အသင်းက တစ်မှတ်ရထားသည်။ ယခုအမှတ်ပေးဇယားမှာ အသင်းဖျက်သိမ်းသွားသည့် ဇွဲကပင်နှင့် ချင်းယူနိုက်တက်အသင်းတို့၏ ပွဲရလဒ်များကို ပယ်ဖျက်ကာ ပြန်လည်ရေးဆွဲထားခြင်းဖြစ်သည်။

**ညီမြတ်သော်တာ**

❒ *ကျောဖုံးမှ*

ဘာစီလိုနာအသင်းသည် ချန်ပီယံလိဂ်ကွာတားဖိုင်နယ်တွင် ဘိုင်ယန်မြူးနစ်အသင်းကို အံ့အားသင့်ဖွယ် ရှုံးနိမ့်ခဲ့သည့်အတွက် ဆက်တီယန်ကို နည်းပြအဖြစ်မှ ထုတ်ပယ်လိုက်ပြီးနောက် နှစ်ရက်အကြာတွင် အသက် ၅၇ နှစ်အရွယ်ရှိ ကိုးမန်းကို နည်းပြသစ်အဖြစ် ခန့်အပ်လိုက်ကာ နည်းပြသစ် ကိုးမန်းအနေဖြင့် အသင်းကို ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်လိုနေပြီး ကစားသမားသစ်များ ခေါ်ယူအားဖြည့်လိုနေခြင်းဖြစ်သည်။

**အောင်ဇော်**

## ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၂၃**

ယနေ့ နံနက် ၁၀ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် လေးပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း တစ်ပေခွဲခန့် ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

မော်လိုက်မြို့တွင် လေးပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ကလေးဝမြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း ပေဝက်ခန့်ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

မင်းကင်းမြို့တွင် နှစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း ပေဝက်ခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

မုံရွာမြို့တွင် ပေဝက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း တစ်ပေခွဲခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**သံလွင်မြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း လေးပေခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဖားဆောင်းမြို့တွင် ခုနစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း တစ်ပေခွဲခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်၍ ဖောင်းပြင်မြို့နယ်၊ မော်လိုက်မြို့နယ်၊ ကလေးဝမြို့နယ်၊ မင်းကင်းမြို့နယ်၊ မုံရွာမြို့နယ်၊ ဘားအံမြို့နယ်နှင့် ဖားဆောင်းမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# ဖိလစ်ပိုင်နိုင်ငံသို့ DHL (အမြန်ချောပို့) ဖြင့် ပို့ဆောင်မည့် ငွေကျပ် ၇၆၅ သိန်းကျော် တန်ဖိုးရှိ အိုက်စ် (မက်အက်ဖက်တမင်း) များနှင့် ပါဝင်ပတ်သက်သော နိုင်ဂျီးရီးယားနိုင်ငံသားများအား ဖမ်းဆီးရမိ

ရန်ကုန် ဩဂုတ် ၂၃

ဖိလစ်ပိုင်နိုင်ငံသို့ DHL (အမြန်ချောပို့) ဖြင့် ပို့ဆောင်မည့် ငွေကျပ် ၇၆၅ သိန်းကျော် တန်ဖိုးရှိ အိုက်စ် (မက်အက်ဖက်တမင်း) များနှင့် ပါဝင်ပတ်သက်သော နိုင်ဂျီးရီးယားနိုင်ငံသားများအား ဖမ်းဆီးရမိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်တွင် ရန်ကုန်မြို့ လှိုင်မြို့နယ် (၁၃) ရပ်ကွက် အင်းစိန်လမ်းမကြီးပေါ်ရှိ DHL ရုံးသို့ ဩဂုတ် ၁၉ ရက် မွန်းလွဲပိုင်းက ပါဆယ်ပစ္စည်း လာရောက်ပို့ဆောင်မှု၌ မသင်္ကာဖွယ်ရာ ပါဆယ်ထုပ်တွေ့ရှိကြောင်း သတင်းပို့ချက်အရ မြန်မာနိုင်ငံရဲတပ်ဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ ပါဆယ်ထုပ် လာရောက်ပို့ဆောင်သူ မမြင့်မြင့်ငြိမ်း (ခ) မိုးမိုး (၃၈) နှစ်၊ ဒေါ်မြင့်မြင့်ငြိမ်း (၅၆) နှစ်နှင့် သိန်းထွန်း (၃၄) နှစ် တို့ သုံးဦးအား တွေ့ရှိပြီး ပါဆယ်ထုပ်တွင် ပေးပို့သူလိပ်စာ၌ Ma Cho Zin Htoo, No 6, Shwe Hnin Street, Sher Mya Yar Industrial Zone, Hmawbi Tsp, Yangon, Myanmar နှင့် လက်ခံသူလိပ်စာ၌ TONABEL P-SAN, REDRO 036 PUROK 2 LOURDE S LUBAO PAMPANFA-2005-LUBAO.PM PAMPANGA-PHILIPPNES ဟုဖော်ပြပါရှိကြောင်း။




ဒေါ်မြင့်မြင့်ငြိမ်း၊ မမြင့်မြင့်ငြိမ်း (ခ) မိုးမိုး၊ သိန်းထွန်း၊ Mr.Obumkaemere Kelechi Thankgod တို့အား ဖမ်းဆီးရမိသည့် အိုက်စ် (မက်အက်ဖက်တမင်း) များနှင့်အတူ တွေ့ရစဉ်။

ပါဆယ်ထုပ်အား စစ်ဆေးရာ ကလေးစီးသည့်ကားနှင့် ၎င်းကားဘီး ၄ ဘီးအတွင်းမှ အိုက်စ် (မက်အက်ဖက်တမင်း) သုညဒသမ ၉၅၇ ကီလို (တန်ဖိုးငွေကျပ် ၇၆၅ ဒသမ ၅ သိန်း) ကို သိမ်းဆည်းရမိခဲ့၍ ကွင်းဆက်ဖော်ထုတ်ချက်အရ မူးယစ်ဆေးဝါးများ ပို့ဆောင်ခိုင်းသူ နိုင်ဂျီးရီးယားနိုင်ငံသား Mr. Obumkaemere Kelechi Thankgod (၃၂ နှစ်) အား ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် ရွှေနှင်းဆီအိမ်ရာ အမှတ် (၆၁) ရပ်ကွက် တိုက်(B-3) အခန်း (၁၅၀၇) တွင် ဖမ်းဆီးရမိခဲ့ကြောင်း၊ ၎င်းအား စစ်ဆေးရာ ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၂၂ ရက်တွင် မြန်မာနိုင်ငံမှ နိုင်ဂျီးရီးယားနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားသူ Mr. Agu Chukwunonso Peter က ဖိလစ်ပိုင်နိုင်ငံရှိ ၎င်း၏ဇနီးဖြစ်သူထံ အဆိုပါ ပါဆယ်ထုပ်ကို ပေးပို့ခိုင်းခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိကြောင်း။

Mr. Obumkaemere Kelechi Thankgod ငှားရမ်းနေထိုင်သည့် ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်ရှိ နေအိမ်ကို ဝင်ရောက်စစ်ဆေးစဉ် ၎င်းနှင့်အတူ နိုင်ဂျီးရီးယားနိုင်ငံသား Mr.Duru Tochukwu Christian ၂၂ နှစ်၊ Mr. Iziga Innocent Chinonso (၂၄ နှစ်) နှင့် Mr.Obiefuna Benjamin Tochukwu (၃၀ နှစ်) တို့ကိုလည်း တွေ့ရှိစစ်ဆေးရာ ဗီဇာသက်တမ်း ကျော်လွန်နေထိုင်ကြောင်း ပေါ်ပေါက်သဖြင့် ၎င်းတို့ကိုလည်း မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး အက်ဥပဒေအရ ဆက်လက်အရေးယူမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

သတင်းစဉ်




နိုင်ဂျီးရီးယားနိုင်ငံသား Mr.Iziga Innocent Chinonso ၊ Mr.Duru Tochukwu Christian နှင့် Mr.Obiefuna Benjamin Tochukwu တို့ သုံးဦးအား တွေ့ရစဉ်။

# မင်္ဂလာဒုံမြို့နယ်တွင် လက်ကိုင်ဖုန်းများ ခိုးယူသူ လေးဦးကို ဖမ်းဆီးရမိ

ရန်ကုန် ဩဂုတ် ၂၃

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး၏ ညွှန်ကြားချက်နှင့်အညီ မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးက ကြီးကြပ်၍ ခရိုင်မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များနှင့် မင်္ဂလာဒုံမြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဩဂုတ် ၁၄ ရက် မွန်းလွဲ ၃ နာရီတွင် မင်္ဂလာဒုံမြို့နယ် အတွင်း ခိုး၊ ဆိုး၊ လု၊ နှိုက် သတင်းများ စုံစမ်းဆောင်ရွက်နေစဉ် လက်ကိုင်ဖုန်း ခိုးမှုများ ကျူးလွန်ထားကြောင်း ကြိုတင်သတင်းရရှိထားသူ ပိုင်သူချစ်နှင့် ကျော်မိုးတို့ နှစ်ဦးကို (၂/က) ရပ်ကွက်၊ ပုညကာရီ လမ်းမပေါ်၌ တွေ့ရှိစစ်ဆေးရာ ၎င်းတို့ နှစ်ဦးသည် ကုလား (ခ)ထက်မြက်နိုင်၊ ကံပေါ် (ခ) အေးကို တို့နှင့်အတူ ဩဂုတ်လတွင် မင်္ဂလာဒုံမြို့နယ်အတွင်းရှိ နေအိမ်များမှ လက်ကိုင်ဖုန်းအမျိုးမျိုး ၁၁ လုံးကို ခိုးယူခဲ့ကြကြောင်း စစ်ဆေးပေါ်ပေါက်သည်။ အမှုမှပူးပေါင်းပါဝင်သူ ကုလား (ခ) ထက်မြက်နိုင်နှင့် ကံပေါ် (ခ) အေးကို တို့နှစ်ဦးကို ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ ဩဂုတ်၁၅ ရက် နံနက် ၉ နာရီ မိနစ် ၅၀ တွင် အဆိုပါနေရာ၌ အမှုဖြင့် အတည်ပြုထပ်မံဖမ်းဆီး ရမိခဲ့သည်။

သက်သေခံပစ္စည်း လက်ကိုင်ဖုန်းအမျိုးမျိုး ၁၁ လုံးကို ပြန်လည်သိမ်းဆည်းရရှိပြီးဖြစ်၍ ပိုင်ချစ်သူ ပါ လေးဦးကို ဥပဒေနှင့်အညီ တရားစွဲတင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရဲပြန်ကြား

# နမ္မတူမြို့နယ်၌ တရားမဝင် ဝင်ရောက်လာသော တရုတ်နိုင်ငံသား ၂၀ နှင့် ပို့ဆောင်ပေးသူများအား ဖမ်းဆီးရမိ

နမ္မတူ ဩဂုတ် ၂၃

ရှမ်းပြည်နယ် မြောက်ပိုင်း ကျောက်မဲခရိုင် နမ္မတူမြို့နယ်၌ ဩဂုတ် ၂၃ ရက်တွင် တရားမဝင် ဝင်ရောက်လာသော တရုတ်နိုင်ငံသား ၂၀၊ ပို့ဆောင်ပေးသူ မြန်မာနိုင်ငံသား ယာဉ်မောင်း ခုနစ်ဦး၊ ယာဉ်နောက်လိုက် တစ်ဦးတို့အား မော်တော်ယာဉ် တစ်စီး၊ ဆိုင်ကယ် ခြောက်စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၂၃ ရက် မွန်းလွဲ ၃ နာရီ ၁၅ မိနစ်ခန့်တွင် တရားမဝင် တရုတ်နိုင်ငံသားများ ဝင်ရောက်လာသည့် သတင်းအရ နမ္မတူမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့၊ နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနနှင့် ဆယ်အိမ်မှူး၊ ရာအိမ်မှူးများ ပါဝင်သောအဖွဲ့သည် နမ္မတူ ရပ်ကွက် (၃) မြို့နယ်တရားရုံးရှေ့လမ်းဆုံတွင် စောင့်ဆိုင်းနေစဉ် မန်တုံမြို့နယ် ပန်ဝါကျေးရွာဘက်မှ မန်စံကျေးရွာဘက်သို့ ယာဉ်မောင်း အောင်ထွန်းလေး နမ္မတူမြို့နယ်နေသူ မောင်းနှင်ပြီး ယာဉ်နောက်လိုက် အောင်ယုပန် နမ္မတူမြို့နယ်နေသူတို့ လိုက်ပါမောင်းနှင်လာသော ယာဉ်အမှတ် SHN-7X---- Hi-Lux Tiger 4WD အပြာရောင်ယာဉ်နှင့်အတူ တရားမဝင် ဝင်ရောက်လာသော တရုတ်နိုင်ငံသား ၁၅ ဦးအား လည်းကောင်း၊ ကျော်ဝမ်း (ခ) နေလင်း နမ့်ခမ်းကျေးရွာ မိုင်းဝှီးကျေးရွာနေသူ KENBO-125 ဆိုင်ကယ်ဖြင့် လမ်းပြခေါ်ဆောင်လာသူအားလည်းကောင်း၊ စိုးသူရ နမ္မတူမြို့နယ်နေသူ မောင်းနှင်လာသော CANDA-125 နှင့်အတူ အနောက်တွင် အထောက်အထားမဲ့ တရုတ်နိုင်ငံသား တစ်ဦးအား လည်းကောင်း၊ ဇော်လင်း နမ္မတူမြို့နယ်နေသူ မောင်းနှင်လာသော KENBO-125 နှင့်အတူ အနောက်တွင် အထောက်အထားမဲ့ တရုတ်နိုင်ငံသား တစ်ဦးအား လည်းကောင်း၊ ကျော်မင်းဦး နမ္မတူမြို့နယ်နေသူ မောင်းနှင်လာသော GAN-BO-125 နှင့်အတူ အနောက်တွင် အထောက်အထားမဲ့ တရုတ်နိုင်ငံသား တစ်ဦးအားလည်းကောင်း၊ ဇော်မြင့်သောင်း နမ္မတူမြို့နယ်နေသူ မောင်းနှင်လာသော CANDA-125 နှင့်အတူ အနောက်တွင် အထောက်အထားမဲ့ တရုတ်နိုင်ငံသား တစ်ဦးအား လည်းကောင်း၊ အောင်နိုင် နမ္မတူမြို့နယ်နေသူ မောင်းနှင်လာသော CANDA-125 နှင့် အတူ အနောက်တွင် အထောက်အထားမဲ့ တရုတ်နိုင်ငံသား တစ်ဦးအားလည်းကောင်း စုစုပေါင်း တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသား ၂၀ အား ပို့ဆောင်ပေးသူ မြန်မာနိုင်ငံသား ရှစ်ဦးနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှ သိရသည်။

ထိုသို့ဖမ်းဆီးရမိသည့် တရားမဝင် ဝင်ရောက်လာသော တရုတ်နိုင်ငံသားများမှာ စူးဂွျန်၊ လျိုချီ၊ ယင်ကျင်းလျံ၊ ဟန်ဂျူ၊ ဂျင်းဟူ၊ ဝမ်ကျင်းလိ၊ လီဟိုက်ဂျန်၊ ချန်အန်း၊ လီရှောင်လုံး၊ ကျုံးဆွတ်လျှန်၊ ရွှဲပင်း၊ ယောင်ယွမ်၊ ခမ်းပွန်း၊ လီဟိုက်ထောင်း၊ ကောကျင်း၊ ကျိန့်ယုန်ချမ်း၊ ကျန်ဆစ်ဟွာ၊ ယုံမင်းဖန်၊ ရင့်ရန်နှင့် ကျောင်းယွေဟောင် စသည့် အမျိုးသား ၂၀ ဖြစ်ပြီး မန်တုံမြို့နယ် ပန်ဝါကျေးရွာဘက်မှ နမ္မတူ-သီပေါ-မန္တလေးမှတစ်ဆင့် မြဝတီမြို့သို့ ထွက်ခွာမည်ဖြစ်ကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှ သိရသည်။

အဆိုပါ တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသား အမျိုးသား ၂၀၊ မြန်မာနိုင်ငံသား ယာဉ်မောင်း ခုနစ်ဦး၊ ယာဉ်နောက်လိုက် တစ်ဦးတို့အား နမ္မတူမြို့နယ် မြို့မရဲစခန်းတွင် ထိန်းသိမ်းထားရှိကာ အရေးယူဆောင်ရွက်နေကြောင်း သိရှိရသည်။

လူမော် (ပြန်/ဆက်)

# ခင်ဦးမြို့နယ်တွင် ယာဉ်တစ်စီး တိမ်းမှောက် တစ်ဦးသေ၊ ၂၇ ဦးဒဏ်ရာရ

ခင်ဦး ဩဂုတ် ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်၌ ကောက်စိုက်ရာမှ ပြန်လာသည့် ကောက်စိုက်သမ အမျိုးသမီး ၃၀ တင်ဆောင်လာသော ယာဉ်တစ်စီး တိမ်းမှောက်ရာ တစ်ဦးသေ၊ ၂၇ ဦးဒဏ်ရာရရှိကြောင်း မြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၂၂ ရက် ညနေ ၃ နာရီခန့်က ခင်ဦးမြို့နယ် ဝွေးကုန်းကျေးရွာအနီးတွင် ယာဉ်တစ်စီးတိမ်းမှောက်နေကြောင်း သတင်းအရ မြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူးဇော်ဆွေ၊ ဒုရဲအုပ် ဇော်မျိုးဦး၊ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ကျော်လင်းဖြိုးနှင့် တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးရာ ယာဉ်အမှတ် ၉၄/---- တုံဖုန်း ကားမောင်းနှင်သော ဇာနည် (၃၂) နှစ် သာဝတ္ထိကျေးရွာ ခင်ဦးမြို့နယ်နေသူသည် ဝွေးကုန်းကျေးရွာမှ ကောက်စိုက်ပြီးပြန်လာသော အမျိုးသမီး ၃၀ အား တင်ဆောင်၍ သာဝတ္ထိကျေးရွာသို့ မောင်းနှင်လာရာ ခင်ဦးမြို့နယ် ဝွေးကုန်းကျေးရွာရှေ့ ခင်ဦး-ရေဦးကားလမ်း မိုင်တိုင်အမှတ် (၉/၅) အနီး အရောက်တွင် အရှိန်မထိန်းနိုင်ဘဲ လမ်းဝဲဘက်ခြမ်းသို့ ထိုးကျတိမ်းမှောက်သွားသဖြင့် မမြတင်ဇာလွင် (၂၀ နှစ်) သာဝတ္ထိကျေးရွာ ခင်ဦးမြို့နယ်နေသူမှာ အခင်းဖြစ်နေရာတွင် သေဆုံးပြီး ကျန် ၂၇ ဦးမှာ ဒဏ်ရာများရရှိသွားသဖြင့် မြို့နယ်ကြက်ခြေနီအသင်းယာဉ်နှင့် နာရေးကူညီမှုအသင်းယာဉ်များမှ ခင်ဦး ပြည်သူ့ဆေးရုံမှ ရွှေဘိုပြည်သူ့ဆေးရုံနှင့် မန္တလေးပြည်သူ့ဆေးရုံသို့ အတွင်းလူနာအဖြစ် ပို့ဆောင်၍ ကုသလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း ဇာနည် (၃၂ နှစ်) အား ဒုရဲအုပ် ဇော်မျိုးဦးက တရားလိုပြုလုပ်၍ ခင်ဦးမြို့မရဲစခန်းတွင် အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

ချစ်စံ(ခင်ဦး)

# ရွှေပြည်သာမြို့နယ်တွင် ဖုန်းနှင့် ငွေ လုယက်မှုကျူးလွန်သူ သုံးဦးကို အချိန်တိုအတွင်း ဖမ်းဆီးရမိ

ရန်ကုန် ဩဂုတ် ၂၃

ရွှေပြည်သာမြို့နယ် (၁၂) ရပ်ကွက် ယင်းမာလမ်းနေ တရားလို ဒေါ်-----သည် ဩဂုတ် ၂၀ ရက် မွန်းလွဲ ၁ နာရီခွဲတွင် အလုပ်မှ နေအိမ်သို့ ပြန်လာရာ ယင်းမာလမ်းဘေးရှိ ရထားသံလမ်းကို ဖြတ်ကူးစဉ် အမျိုးသားသုံးဦးက ဓားဖြင့် ခြိမ်းခြောက်၍ ငွေ ၁၇၄၀၀ ကျပ်နှင့် OPPO အမျိုးအစား ဖုန်းတစ်လုံး ထည့်ထားသော ပိုက်ဆံအိတ်ကို လုယူထွက်ပြေးသောကြောင့် ပတ်ဝန်းကျင်သို့ အကူအညီတောင်းခံခဲ့ကြောင်း၊ အမှတ် (၁၂) ရပ်ကွက် အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ပြည်သူများနှင့်အတူ ရွှေပြည်သာမြို့နယ် ရဲတပ်ဖွဲ့မှ လှည့်ကင်းဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များက အဆိုပါ အမျိုးသား သုံးဦးကို လိုက်လံဖမ်းဆီးခဲ့ရာ ရွှေပြည်သာမြို့နယ် အမှတ် (၂) ရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်းလမ်း ရထားသံလမ်းဂိတ်အနီး၌ တင်စိုးဦး၊ စည်သူအောင်နှင့် ထက်လင်းအောင်တို့ သုံးဦးကို ခြိမ်းခြောက်လုယူသွားသည့် သက်သေခံပစ္စည်း၊ ငွေတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့ သုံးဦးကို ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား

# အစ္စရေးဆန္ဒပြသူများ နေတန်ယာဟု နုတ်ထွက်ပေးရေးတောင်းဆို

ဂျေရုဆလင် ဩဂုတ် ၂၃

ကြွေးကြော်သံများနှင့်အတူ ဂျေရုဆလင်တွင် ဝန်ကြီးချုပ် နေတန်ယာဟု နုတ်ထွက်ပေးရေး တောင်းဆိုဆန္ဒပြမှု ဖြစ်ပွားပြီးနောက် အစ္စရေးရဲအဖွဲ့က ဆန္ဒပြသူ ၃၀ ကို ဖမ်းဆီးလိုက်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။

အချို့က ဂီတတူရိယာများ တီးခတ်ကြလျက် ဆန္ဒပြနေသူများသည် ဝန်ကြီးချုပ်အိမ်တော်တွင် ဩဂုတ် ၂၂ ရက်ညက စုဝေးခဲ့ကြသည်။

အဆိုပါစုဝေးသူများသည် အရေအတွက်အားဖြင့် အယောက် ၁၀၀၀၀ ခန့်ရှိမည်ဖြစ်ကြောင်း ပြည်တွင်းသတင်းမီဒီယာများတွင် ဖော်ပြသည်။

ဩဂုတ် ၂၃ ရက် အစောပိုင်းက ထုတ်ပြန်လိုက်သော ရဲကြေညာချက်တွင် ဆန္ဒပြမှုဖြစ်စဉ်၌ အဓိကရုဏ်းများဖြစ်ပွားခဲ့ပြီး ရဲအရာရှိများ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဖော်ပြထားသည်။ ဆန္ဒပြမှုဖြစ်စဉ်အတွင်း ရဲသုံးဦး ဆန္ဒပြသူများကြောင့် ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားထားသည်။

ဆန္ဒပြသူများထဲမှ သုံးဦးကို ဖမ်းဆီးထားပြီး ၎င်းတို့ကို ဩဂုတ် ၂၃ ရက်တွင် ရုံးထုတ်မည်ဖြစ်ကြောင်း အဆိုပါကြေညာချက်တွင် ဖြည့်စွက်ဖော်ပြထားသည်။

ဆန္ဒပြသူများက နေတန်ယာဟုကို ခြောက်မြားစွာသောအကျင့်ပျက်ခြစားမှု စွဲချက်များဖြင့်သာမက ကိုဗစ်-၁၉ ရောဂါ ကိုင်တွယ်မှုမှားယွင်းခြင်းကြောင့် မကြာသေးမီသီတင်းပတ်များအတွင်း ကိုဗစ်-၁၉ ကူးစက်ခံရသူ မြင့်တက်လာသဖြင့် ရာထူးမှနုတ်ထွက်ပေးရန် ဆန္ဒပြတောင်းဆိုခဲ့ကြသည်။

အစ္စရေးသည် ကိုဗစ်-၁၉ ကပ်ရောဂါကို အစောပိုင်းကိုင်တွယ်ဖြေရှင်းမှုနှင့်ပတ်သက်ပြီး ချီးကျူးမှုများရရှိခဲ့သော်လည်း နောက်ပိုင်းတွင် ကန့်သတ်ချက်များ ပြန်လည်ဖြေလျှော့ပေးလိုက်ပြီးနောက် ကိုဗစ်-၁၉ ကူးစက်မှုများ ပြန်လည်မြင့်တက်လာခဲ့သည်။ နေတန်ယာဟုက ၎င်းကိုယ်၎င်း စီးပွားရေးကို မြန်မြန်လမ်းဖွင့်ပေးခဲ့သည်ဟု မှတ်ချက်ပြုခဲ့သည်။ **အေအက်ဖ်ပီ**



အစ္စရေး၌ ဆန္ဒပြနေသူများကိုတွေ့ရစဉ်။



ယူဂန္ဓာကျန်းမာရေးဝန်ကြီး သတင်းစာရှင်းလင်းပွဲပြုလုပ်နေစဉ်။

# နိုင်ငံခြားကျောင်းသားများအတွက် ဂျပန်နိုင်ငံသို့ ဝင်ခွင့်ကန့်သတ်ချက်များ ဖြေလျှော့ပေးမည်

တိုကျို ဩဂုတ် ၂၃

ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုများ နှိမ်နင်းရန်အတွက် ပြည်ဝင်ခွင့်ကို ကန့်သတ်ချက်များပြုလုပ်ထားရာ နိုင်ငံရပ်ခြားကျောင်းသားများ ဂျပန်နိုင်ငံအတွင်း ဝင်ရောက်ခွင့် ကန့်သတ်ချက်ကို ဖြေလျှော့ပေးရန် ဆုံးဖြတ်ထားကြောင်းသိရသည်။

နေထိုင်ခွင့် ရရှိထားသည့် နိုင်ငံခြား ကျောင်းသားများအား ပြန်လည်ဝင်ရောက်ခွင့် ကန့်သတ်ချက်ကို လာမည့်လအစောပိုင်းတွင် အပြည့်အဝ ဖယ်ရှားပေးသွားမည်ဖြစ်သည်ဟု သတင်းအရင်းအမြစ်များအရသိရသည်။

ဂျပန်အစိုးရက ထောက်ပံ့ပေးထားသည့် နိုင်ငံခြားကျောင်းသားများအပေါ် ကန့်သတ်ချက်ကို အစောဆုံး ဖယ်ရှားပေးမည်ဖြစ်ပြီး နောက်ပိုင်းတွင် ကိုယ်ပိုင်စရိတ်ဖြင့် ကျောင်းလာတက်သည့် ကျောင်းသားများကိုလည်း ကန့်သတ်ချက်များ ဖြေလျှော့ပေးသွားမည်ဟုသိရသည်။

နိုင်ငံခြားကျောင်းသားများသည် ဂျပန်နိုင်ငံသို့ ဝင်ရောက်သည့်အခါ ကိုဗစ် -၁၉ ကင်းစင်ကြောင်းဆေးစစ်မှုခံယူရမည်ဟုလည်း သတင်းအရင်းအမြစ်တွင် ဖော်ပြထားသည်။

ထို့နောက် ၎င်းတို့၏ကျန်းမာရေး အခြေအနေကို စောင့်ကြည့်ရန် နှစ်ပတ်ကြာ သီးခြားနေထိုင်ရမည်ဖြစ်သည်။ ဂျပန်နိုင်ငံသည် နိုင်ငံနှင့် ဒေသပေါင်း ၁၄၆ ခုကို ဝင်ခွင့် ပိတ်ပင်ထားသည်။

ဂျပန်အစိုးရသည် လတ်တလောတွင် ထိုင်းနိုင်ငံနှင့်ဗီယက်နမ်နိုင်ငံတို့ အပါအဝင် နိုင်ငံပေါင်း ၁၆ နိုင်ငံမှ စီးပွားရေးသမားများကို ပြည်ဝင်ခွင့်ပေးရန် ဆုံးဖြတ်ခဲ့သည်။

ဩဂုတ် ၂၂ ရက်တွင် ဂျပန်နိုင်ငံအတွင်း ကိုဗစ် -၁၉ ကူးစက်ခံရသူစုစုပေါင်း ၁၀၀၀ ထပ်မံတွေ့ရှိခဲ့သည်။ တိုကျိုအစိုးရသည်ကူးစက်မှု နောက်ထပ် ပျံ့နှံ့လာနိုင်သေးကြောင်း သတိပေးထားသည်။ **ကျိုဒို**

# ယူဂန္ဓာမြောက်ပိုင်းအကျဉ်းစခန်းတစ်ခုတွင် အကျဉ်းသား ၁၅၃ ဦး ကိုဗစ်-၁၉ ရောဂါကူးစက်ခံရ

ကမ်ပါလာ ဩဂုတ် ၂၃

ယူဂန္ဓာမြောက်ပိုင်း အကျဉ်းစခန်း တစ်ခုတွင် အကျဉ်းသား ၁၅၃ ဦး ကိုဗစ်-၁၉ ကူးစက်ခံရကြောင်း ယူဂန္ဓာကျန်းမာရေးဝန်ကြီး ရှသ်အန့်စ်က မကြာသေးမီက ပြောကြားလိုက်သည်။

ယူဂန္ဓာတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ အသစ်ထပ်တိုး အတည်ပြုလူနာပေါင်း ၃၁၈ ဦးရှိခဲ့ပြီး ၎င်းတို့အနက် မြောက်ပိုင်း အမ်မူရူ အကျဉ်းစခန်းမှ အကျဉ်းသား ၁၅၃ ဦး နှင့် အကျဉ်းစခန်းဝန်ထမ်း တစ်ဦးတို့ ပါဝင်ကြောင်း ကျန်းမာရေးဝန်ကြီးက သတင်းထောက်များကို ပြောကြားလိုက်သည်။

ပြီးခဲ့သည့် သီတင်းပတ်က အကျဉ်းသားတစ်ဦး ကိုဗစ်-၁၉ ကူးစက်ခံရသည့် လက္ခဏာအချို့ ရှိသောကြောင့် ကျန်းမာရေးဝန်ကြီးဌာန အရေးပေါ်အဖွဲ့က အဆိုပါ အကျဉ်းစခန်းသို့ သွားရောက်၍ ရောဂါဖြစ်ပွားသူအား သီးခြားခွဲထားခြင်း၊ အနီးကပ်ထိတွေ့သူများအား အတည်ပြုခြင်းနှင့် ရောဂါစစ်ဆေးခြင်းများပြုလုပ်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။

ယူဂန္ဓာတွင် လက်ရှိအချိန်အထိ ရောဂါကူးစက်ခံရသူ ကျန်းမာရေးဝန်ထမ်း ၇၃ ဦးရှိကြောင်း ၎င်းက ပြောသည်။ မြို့တော် ကမ်ပါလာသည် ရပ်ရွာအတွင်း ကူးစက်မှုမြင့်မားသည့် နေရာတစ်ခုဖြစ်ပြီး လွန်ခဲ့သော သီတင်းပတ်က အသစ်ထပ်တိုးလူနာ ၃၄၂ ဦးအထိရှိခဲ့သည်။ သုတေသနဌာန၊ ပုဂ္ဂလိကဆေးရုံအချို့နှင့် မီဒီယာအဖွဲ့အစည်းလေးခုတွင် အစုလိုက်အပြုံလိုက် ရောဂါကူးစက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ရောဂါပြန့်ပွားမှု တားဆီးရန် လုပ်ငန်းခွင်အတွင်း သတ်မှတ်စည်းကမ်းများကို တိကျစွာလိုက်နာရန်နှင့် ထိရောက်သည့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ လုပ်ဆောင်ကြရန် ၎င်းက အလေးပေးပြောကြားထားသည်။ ယူဂန္ဓာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏ ကိန်းဂဏန်းများအရ ဩဂုတ် ၂၂ ရက်အထိ နိုင်ငံအတွင်း အတည်ပြုလူနာ ၂၁၆၆ ဦးရှိပြီး သေဆုံးသူ ၂၀ ရှိကြောင်း သိရသည်။ **ဆင်ဟွာ**



ဂျပန်နိုင်ငံသို့ ရောက်ရှိနေသော နိုင်ငံခြားကျောင်းသားများကို ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁၄ ရက်က တွေ့ရစဉ်။

# ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ အတည်ပြုကူးစက်ခံရသူ ၂၃ သန်း ကျော်လွန်လာချိန်တွင် တောင်ကိုရီးယား၌ ကိုဗစ်-၁၉ ထိန်းချုပ်ရေးများ အရှိန်မြှင့်တင်လုပ်ဆောင်

ဆိုးလ် ဩဂုတ် ၂၃

တစ်ကမ္ဘာလုံးတွင် ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ ရှစ်သိန်းကျော်လွန်လာသလို တောင်ကိုရီးယားနိုင်ငံတွင်လည်း ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေးများ ပြန်လည်တင်းကျပ်လျက်ရှိကြောင်း သိရသည်။

အမေရိကန်နိုင်ငံ ဂျွန်ဟော့ကင်းတက္ကသိုလ်၏ ဩဂုတ် ၂၂ ရက်က ထုတ်ပြန်သည့် ကိန်းဂဏန်းများအရ ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူစုစုပေါင်း ၂၃၁၁၀၇၃၂ ဦးရှိကြောင်းသိရပြီး စုစုပေါင်း သေဆုံးသူ ၈၀၂၆၁၀ ရှိခဲ့သည်။

အမေရိကန်နိုင်ငံသည် တစ်ကမ္ဘာလုံးတွင် ကပ် ရောဂါအခြေအနေအဆိုးဆုံးဖြစ်ကြောင်းသိရပြီး ကိုဗစ်-၁၉ အတည်ပြုလူနာ ၅၆၆၄၇၃၆ ဦးရှိပြီး သေဆုံးသူ ၁၇၆၃၁၇ ဦးရှိကြောင်း သိရသည်။

**လမ်းဆုံတွင်ရောက်နေ**

တောင်ကိုရီးယားနိုင်ငံတွင် ဩဂုတ် ၂၁ ရက်မှ ၂၂ ရက်အထိ ၂၄ နာရီအတွင်း ကိုဗစ်-၁၉ အသစ်ထပ်တိုးအတည်ပြုလူနာ ၃၃၂ ဦးရှိခဲ့ရာ ၎င်းမှာ နှစ်ရက်ဆက်တိုက်နေ့စဉ်ကိုဗစ်-၁၉ အတည်ပြုလူနာ ၃၀၀ ကျော်ရှိလာခြင်းဖြစ်ကြောင်း တောင်ကိုရီးယားနိုင်ငံ ဗဟိုရောဂါကာကွယ်ရေးဌာနက ဩဂုတ် ၂၂ ရက်က ထုတ်ပြန်ခဲ့သည်။

တောင်ကိုရီးယားနိုင်ငံသည် ကပ်ရောဂါအမြောက်အမြား ပြန့်ပွားမည့် လမ်းဆုံတွင် ရောက်နေခြင်းဖြစ်ပြီး အခြေအနေမှာ စိုးရိမ်ရကြောင်း၊ အစိုးရအနေဖြင့် ဩဂုတ် ၂၃ ရက်မှစကာ တစ်နိုင်ငံလုံး တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ရန် သတ်မှတ်ပေးလိုက်ကြောင်း ကျန်းမာရေးနှင့်လူမှုဖူလုံရေးဝန်ကြီး ပွဲခ်နွန်ဟိုးကပြောကြားလိုက်သည်။

**လူနာဦးရေ ထပ်တိုး**

ကာဂျစ္စတန်နိုင်ငံတွင် ဩဂုတ် ၂၀ ရက်မှစကာ တရုတ်နိုင်ငံအပါအဝင် နိုင်ငံပေါင်း ၃၁ နိုင်ငံအား ပြည်ဝင် ခွင့်ပြုလိုက်ကြောင်း ကာဂျစ္စတန် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးညွှန်ကြားမှုအဖွဲ့က လွန်ခဲ့သောရက်က ကြေညာခဲ့သည်။

ဂျာမနီနိုင်ငံတွင်လည်း ဩဂုတ် ၂၂ ရက်တွင် အသစ်ထပ်တိုးအတည်ပြုလူနာအရေအတွက်သည် လွန်ခဲ့သော ရက်ကထက် ၂၀၃၄ ဦးထပ်တိုးလာရာမှ ဧပြီ ၂၅ ရက်နောက်ပိုင်း တစ်ရက်အတွင်း အသစ်ထပ်တိုးလူနာအရေအတွက် စံချိန်သစ်တင်မြင့်တက်ခဲ့ကြောင်း ဂျာမနီနိုင်ငံ ရောဘတ်ကိုချ်သုတေသနဌာန၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

**ဆင်ဟွာ**

# အမေရိကန်တွင် ကိုဗစ် -၁၉ နေ့စဉ်ကူးစက်မှု ၅၀၀၀၀ အောက် ကျဆင်းလာသည်မှာ ခုနစ်ရက် ဆက်တိုက်ရှိပြီဖြစ်

ဝါရှင်တန် ဩဂုတ် ၂၃

**အမေရိကန်နိုင်ငံတွင် ဩဂုတ် ၂၂ ရက်က ကိုဗစ် -၁၉ ကူးစက်ခံရသူ ၄၆၇၅၄ ဦးရှိသည့်အတွက် နေ့စဉ်ကူးစက်မှုနှုန်း ၅၀၀၀၀ အောက်ကျဆင်းလာသည်မှာ ခုနစ်ရက်ဆက်တိုက်ရှိပြီဟု ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးစင်တာက အစီရင်ခံထားသည်။**

ဇူလိုင်လမှစတင်ကာ နွေရာသီခရီးသွားကာလပြီးနောက် ကူးစက်မှုတစ်ဟုန်ထိုးမြင့်တက်လာရာ နေ့စဉ်ကူးစက်မှုနှုန်းလျော့ကျလာခြင်းမှာ ယခုတစ်ကြိမ်သည် ပထမဆုံးအကြိမ်လည်း ဖြစ်သည်။

ပြီးခဲ့သည့် သီတင်းလေးပတ်တာ ကာလအတွင်း တိုးတက်မှုများရှိလာသည်ဟု ယူဆရကြောင်း ရှေ့ဆက်ပြီးလည်း အလားအလာကောင်းမည်ဟု မျှော်လင့်ရကြောင်း ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးစင်တာမှ ညွှန်ကြားရေးမှူး ရောဘတ်ရက်ဖီးက ဩဂုတ် ၂၁ ရက်က ပြောသည်။

ဆေးစစ်မှုများ တိုးမြှင့်လုပ်ဆောင်ပေးလျက်ရှိပြီး အမေရိကန်တစ်လွှား ကိုဗစ်-၁၉ တွေ့ရှိမှု လျော့ကျလာခြင်းမှာဖြစ်နိုင်ကြောင်း အစီရင်ခံတင်ပြထားသည်။ ဆေးရုံတွင်တက်ရောက် ကုသရမှုနှုန်းမှာလည်း ကျဆင်းလာသည်မှာ သုံးပတ်ဆက်တိုက် ရှိလာပြီဖြစ်သည်။

သို့သော်လည်းသေဆုံးမှုနှုန်းမှာမူ တစ်နေ့လျှင် ၁၀၀၀ အထက်တွင် ရှိနေဆဲဖြစ်သည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်ကြည့်လျှင် ဇူလိုင် ၂၃ ရက် ကိုဗစ် -၁၉ ကူးစက်မှုမြင့်တက်နေချိန်မှစ၍ ဆေးရုံတက်ရောက်ကုသရမှုနှုန်းမှာ ၂၇ ရာခိုင်နှုန်းကျဆင်းလာသည်ဟု သိရသည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်ကြည့်လျှင် တိုးတက်မှုရှိလာသော်လည်း ကျွမ်းကျင်သူများကမူ စိုးရိမ်နေကြဆဲဖြစ်သည်။ ကူးစက်မှုနှုန်းမြင့်နေသည့် ပြည်နယ် ၁၀ ခု ကျော်အထက်ရှိနေသည်။

အမေရိကန်တွင်ကျောင်းများ၊ တက္ကသိုလ်များ ပြန်ဖွင့်ရန် သင့်မသင့် အငြင်းပွားနေစဉ် ကူးစက်မှုလျော့ကျလာခြင်းဖြစ်သည်။ သို့သော်လည်း တက္ကသိုလ်ဝန်းကျင်တွင် ကိုဗစ် -၁၉ ကူးစက်မှုရှိနေသည်ဟု အကြောင်းကြားသည့် ပြည်နယ်များလည်း ရှိနေသည်။

အမေရိကန်ပြည်ထောင်စုတွင် ကိုဗစ် -၁၉ ကူးစက်မှုမှာ ဩဂုတ် ၂၂ ရက်က ၅ ဒသမ ၆၆ သန်းရှိပြီးသေဆုံးသူမှာ ၁၇၆၃၀၀ ရှိလာသည်ဟု ဂျွန်ဟော့ကင်းတက္ကသိုလ်၏ အချက်အလက်များအရ သိရသည်။

ဆင်ဟွာ



မက်ဆာချူးဆက်ပြည်နယ်တွင် ကိုဗစ်-၁၉ စစ်ဆေးပေးနေသည်ကို တွေ့ရစဉ်။

# အိန္ဒိယနိုင်ငံတွင် ကိုဗစ် –၁၉ ကူးစက်ခံရသူ သုံးသန်းကျော်ရှိလာ

နယူးဒေလီ ဩဂုတ် ၂၃

အိန္ဒိယနိုင်ငံတွင် ကိုဗစ် –၁၉ ကူးစက်မှုနှုန်းမှာ သုံးသန်းကျော်ရှိလာသည်ဟု သိရသည်။

တိုင်းပြည်အတွင်း နေ့စဉ်ကူးစက်မှုနှုန်းမှာ ၇၀၀၀၀ နီးပါးရှိနေသည်။ ဩဂုတ် ၂၃ ရက်တွင် နောက်ထပ်ကူးစက်ခံရသူ ၆၉၀၀၀ ထပ်မံတွေ့ရှိခဲ့သည်ဟု အစိုးရအတည်ပြုထားရာ စုစုပေါင်းကူးစက်ခံရသူမှာ ၃၀၄၄၀၀၀ ရှိသည်။

အိန္ဒိယနိုင်ငံသည် အမေရိကန်နှင့် ဘရာဇီးတို့ပြီးလျှင် တတိယမြောက် ကူးစက်မှု အမြင့်ဆုံးနိုင်ငံဖြစ်ပြီး ကူးစက်ခံရသူပေါင်း သုံးသန်းကျော်ရှိသည်။ အိန္ဒိယနိုင်ငံ၏ နေ့စဉ်ကူးစက်မှုနှုန်းမှာ အမေရိကန်ထက်ပင် များပြားကြောင်း ဂျွန်ဟော့ကင်းတက္ကသိုလ်က ပြောသည်။ သေဆုံးသူဦးရေမှာမူ ၅၆၀၀၀ ရှိလာပြီဖြစ်သည်။ အိန္ဒိယအစိုးရသည် ခရီးသွားလာမှုနှင့် စီးပွားရေးလုပ်ငန်းများအပေါ် ကန့်သတ်ချက်များကို ဖြေလျှော့ပေးခဲ့ပြီးဖြစ်သည်။



ဟိုက်ဒရာဘတ်မြို့တွင် ဩဂုတ် ၂၂ ရက်က ကိုဗစ်–၁၉ စစ်ဆေးမှုများ ပြုလုပ်ပေးနေစဉ်။

နယူးဒေလီမြို့သည် ကူးစက်မှု ဗဟိုချက်မနေရာအဖြစ် ရှိနေဆဲဖြစ်သည်။ သို့သော်လည်း အခြားသော ဒေသတွင်းမြို့များ၊ အထူးသဖြင့် တောင်ပိုင်းပြည်နယ်များမှ မြို့များတွင် ကူးစက်မှုများ မြင့်တက်နေသည်။ အောက်တိုဘာလအထိ ကူးစက်မှုများ မြင့်တက်နေဦးမည်ဟုလည်း ကျွမ်းကျင်သူအချို့က သတိပေးထားသည်။

အချို့သော ပြည်နယ်များတွင်မူ လူများ၏ သွားလာလှုပ်ရှားမှုနှင့် ပတ်သက်ပြီး ကန့်သတ်ချက်များ ပြန်လည်ချမှတ်လာသည်ကို တွေ့ရသည်။

**အင်န်အိတ်ချ်ကေ**

# အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ်တွင် လူပေါင်း ၈ ဒသမ ၃ သန်းကျော် ရေကြီးမှုဒဏ် ခံစားရ

နယူးဒေလီ ဩဂုတ် ၂၃

အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ်တွင် လူပေါင်း ၈ ဒသမ ၃ သန်းကျော် ရေကြီးမှုဒဏ်ခံစားရသည်ဟု အာဏာပိုင်များက ဩဂုတ် ၂၂ ရက်တွင် ပြောကြားခဲ့ကြသည်။ ဘီဟာပြည်နယ် သဘာဝဘေးစီမံခန့်ခွဲမှုဌာန၏ ပြောကြားချက်အရ လက်ရှိဖြစ်ပေါ်နေသည့်ရေကြီးမှုကြောင့် ခရိုင်ခြောက်ခရိုင်မှ လူပေါင်း ၈၃၆၂၄၁၅ ဦးမှာ ရေကြီးမှုဒဏ်ကို ခံစားရကြောင်း သိရသည်။

ရေကြီးမှုခံစားရသည့်ဒေသများတွင် မြစ်ချောင်းအင်းအိုင်များမှာ စိုးရိမ်ရေမှတ်ထက် ကျော်လွန်နေပြီး လူနေအိမ်များအထိ ရေကြီးမှုဖြစ်ပေါ်ကာ ရေကာတာများကျိုးပေါက်မည့် အန္တရာယ်နှင့်ကြုံတွေ့နေရသည်။ နေအိမ်များအတွင်းသို့ ရေဝင်နေသည့်အတွက် တစ်နေရာမှတစ်နေရာသို့ သွားလိုလျှင် လှေဖြင့်သာ သွားနေရသည်။

ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရန်အတွက် သဘာဝဘေးအန္တရာယ် တုံ့ပြန်ရေးအဖွဲ့ ၂၆ ဖွဲ့ကို ရေကြီးမှုဒဏ်ခံဒေသများသို့ စေလွှတ်ထားကြောင်း အာဏာပိုင်များကပြောသည်။

လူဦးရေသန်းတစ်ဝက်နီးပါးကိုလည်း ကယ်တင်ပြီးဖြစ်သည်ဟု သိရသည်။ ဘီဟာပြည်နယ်တွင် ရေကြီးမှုမှာ ဇူလိုင် ၁၃ ရက်မှစတင်ကာ ယခုအချိန်အထိ ဆက်လက်ဖြစ်ပေါ်နေဆဲဖြစ်သည်။

ဆင်ဟွာ

# အမေရိကန်သမ္မတထရမ့်၏ ဖိနှိပ်မှုကို TikTok မှ တရားစွဲသွားမည်

ဝါရှင်တန် ဩဂုတ် ၂၃

တရုတ်နိုင်ငံမှ လူကြိုက်များသည့် မီဒီယာ ပလက်ဖောင်းဖြစ်သော TikTok ဗီဒီယိုအက်ပလီကေးရှင်းအပေါ် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် အစိုးရအဖွဲ့က ဖိနှိပ်သည်ဟု ဆိုကာ တရားရုံးတွင် အမှုရင်ဆိုင်သွားမည်ဟု TikTok မှတာဝန်ရှိသူများက ပြောသည်။

TikTok အက်ပလီကေးရှင်းမှာ အမျိုးသားလုံခြုံရေးကို ချိုးဖောက်သည်ဟု အမေရိကန်ဘက်မှ စွပ်စွဲထားသည်။ ကမ္ဘာ့စီးပွားရေးအင်အားကြီး နိုင်ငံနှစ်ခုကြားတွင် တင်းမာမှုများ မြင့်တက်နေပြီး ဘိုက်ဒန်းစ်ပိုင် TikTok ကို ၄၅ ရက်အတွင်း ပိတ်သွားရန် အမေရိကန်သမ္မတထရမ့်က ဩဂုတ် ၆ ရက်တွင် လက်မှတ်ရေးထိုးခဲ့သည်။ ကုမ္ပဏီနှင့် သုံးစွဲသူများအတွက် တရားမျှတမှု ရှိ မရှိ တရားဥပဒေ စိုးမိုးရေးကို ပြသရန် ရွေးချယ်စရာလမ်း မရှိသော်လည်း တရားရေးမှတစ်ဆင့် ရင်ဆိုင်သွားမည်ဟု TikTok ကုမ္ပဏီဘက်က သတင်းထုတ်ပြန်သည်။

အမေရိကန်အစိုးရဘက်မှ စိုးရိမ်နေမှုများကို လက်မခံကြောင်း၊ တစ်နှစ်နီးပါး အချိန်ကြာသည့် တိုင်အောင် TikTok သည် အပြုသဘောဆောင်သည့် အဖြေရှာမှုမျိုးကိုသာ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ကုမ္ပဏီဘက်မှ ပြောသည်။

TikTok ကို အမေရိကန်တွင် ဒေါင်းလုပ်ခ်လုပ်သည့်အကြိမ် အရေအတွက်မှာ ၁၇၅ သန်းရှိပြီး ကမ္ဘာတစ်ဝန်းအနေအထားဖြင့်ကြည့်လျှင် အကြိမ်ပေါင်း တစ်ဘီလီယံနီးပါးအထိ ရှိကြောင်း သိရသည်။

**အေအက်ဖ်ပီ**




# ကပ်ရောဂါကြားမှ ဘရာဇီးနိုင်ငံ၏ လိမ္မော်သီး တင်ပို့သည့်လုပ်ငန်း အလုပ်ဖြစ်နေ

ရီယိုဒီဂျနေးရိုး ဩဂုတ် ၂၃

ကိုဗစ်–၁၉ ကပ်ရောဂါဖြစ်ပွားနေသည့်အတွက် လိမ္မော်ရည်ထုတ်လုပ်ရန် ပြည်ပသို့ လိမ္မော်သီးတင်ပို့မှု မြင့်တက်နေသည့်အတွက် ဘရာဇီးနိုင်ငံအတွင်းအသီးခူးဆွတ်မှု များပြားလျက်ရှိကြောင်း သိရသည်။

ဘရာဇီးနိုင်ငံသည် ကမ္ဘာပေါ်တွင် လိမ္မော်သီးစိုက်ပျိုးထုတ်လုပ် မှု ထိပ်တန်းနိုင်ငံဖြစ်ပြီး အသီးထက်ဝက်နီးပါးကို အရည်အဖြစ် ထုတ်လုပ်ကြောင်း ဘရာဇီးအစိုးရက ပြောသည်။

တစ်ကမ္ဘာလုံးအနှံ့ ကိုဗစ် –၁၉ ဖြစ်ပွားနေသည့်အတွက် လူများမှာ နေအိမ်အတွင်း၌သာနေရပြီး လိမ္မော်သီးဝယ်လိုအားမှာလည်း မြင့်တက်လျက်ရှိသည်ဟု အစိုးရကပြောသည်။

ပြီးခဲ့သည့်နှစ်နှင့် နှိုင်းယှဉ်ကြည့်လျှင် ဘရာဇီးနိုင်ငံ၏ လိမ္မော်သီးတင်ပို့မှုမှာ ၁၇ ရာခိုင်နှုန်း တိုးလာသည်ဟုသိရသည်။ ကမ္ဘာအနှံ့မှ ဖျော်ရည်ထုတ်လုပ်သူများသည်လည်း ဘရာဇီးနိုင်ငံအတွင်းမှ လိမ္မော်သီးစိုက်ပျိုးသူများနှင့်ဆက်သွယ်မှုပြုလုပ်ကြကြောင်း ဘရာဇီးအစိုးရက ပြောသည်။ ဘရာဇီးနိုင်ငံသည် အမေရိကန်ပြည်ထောင်စုပြီးလျှင် ကိုဗစ် –၁၉ ဒုတိယမြောက် ကူးစက်မှုအမြင့်ဆုံးနိုင်ငံဖြစ်သည်။

လက်တင်အမေရိကနိုင်ငံဖြစ်သည့် ဘရာဇီးနိုင်ငံတွင် လူဦးရေ ၁၀ သန်းနီးပါးမှာ အလုပ်အကိုင်များဆုံးရှုံးရပြီး အများစုမှာ စားသောက်ဆိုင်လုပ်ငန်းမှ ဝန်ထမ်းများ ဖြစ်ကြသည်။

**အင်န်အိတ်ချ်ကေ**

# ကိုဗစ် – ၁၉ ကြောင့် ကမ္ဘာတစ်ဝန်းသေဆုံးသူ ရှစ်သိန်းကျော်လာချိန်မှာ နိုင်ငံအားလုံး ကိုဗစ် – ၁၉ ရောဂါထပ်မံမဖြစ်ပွားအောင် အားသွန်ခွန်စိုက်ကြိုးစားလျက်ရှိ

**ထွန်းသစ်စ**

**ကိုဗစ် – ၁၉ ကြောင့် ကမ္ဘာတစ်ဝန်းသေဆုံးမှုဟာ အခုတော့ ရှစ်သိန်းကျော်လွန်လာခဲ့ပါပြီ။ ကမ္ဘာ့နိုင်ငံအများစုဟာ ကိုဗစ် – ၁၉ ထပ်မံဖြစ်ပွားမှုကို တားဆီးနိုင်ဖို့ အရှိန်မြှင့်တင်ဆောင်ရွက်နေကြပါတယ်။ အနောက်ဥရောပ၊ အထူးသဖြင့် စပိန်၊ အီတလီ၊ ဂျာမနီနဲ့ ပြင်သစ်နိုင်ငံတို့မှာ ကူးစက်မှုနှုန်းဟာ တိုးလာခဲ့တဲ့အတွက် ကိုဗစ် – ၁၉ ဒုတိယလှိုင်းထပ်မံ ဖြစ်ပွားလာမယ့်အရေးကို စိုးရိမ်နေကြပါတယ်။**

## ကိုဗစ် – ၁၉ ကာကွယ်တားဆီးဖို့ ဆောင်ရွက်

တောင်ကိုရီးယားနိုင်ငံဟာလည်း ကိုဗစ်–၁၉ အသစ်ထပ်မံဖြစ်ပွားမှုကို တားဆီးကာကွယ်ဖို့ ကြိုးစားတဲ့အနေနဲ့ ကန့်သတ်ချက်တွေကို မြှင့်တင်တော့မယ်လို့ကြေညာလိုက်တဲ့ နောက်ဆုံးနိုင်ငံ ဖြစ်လာပါတယ်။

လွန်ခဲ့တဲ့ ၁၇ ရက်လောက်က ကိုဗစ် – ၁၉ ကြောင့် သေဆုံးသူ ၁၀၀၀၀၀ အပါအဝင် ကမ္ဘာတစ်ဝန်းလုံး ကိုဗစ် – ၁၉ ကြောင့် သေဆုံးသူပမာဏဟာ ဇွန် ၆ ရက်ကစပြီး နှစ်ဆလောက်အထိတိုးလာကာ ၈၀၀၀၀၀ ကျော်အထိရောက်ရှိလာခဲ့ပါတယ်။ ထို့အတူ ကမ္ဘာတစ်ဝန်း ကိုဗစ် – ၁၉ အတည်ပြုလူနာအရေအတွက်ဟာလည်း ၂၃ သန်းကျော်လွန်လာခဲ့ပါပြီ။

လက်တင်အမေရိကဟာ ကိုဗစ် – ၁၉ ကူးစက်ပျံ့နှံ့မှုကို အဆိုးဆုံးခံစားခဲ့ရတဲ့ ဒေသဖြစ်ပြီး ကိုဗစ် – ၁၉ ကြောင့် ကမ္ဘာ့သေဆုံးမှုရဲ့ ထက်ဝက်ကျော်ဟာ အမေရိကန်ပြည်ထောင်စု၊ ဘရာဇီး၊ မက္ကဆီကိုနဲ့ အိန္ဒိယနိုင်ငံတို့မှဖြစ်ပါတယ်။


## နှစ်နှစ်မပြည့်မီမှာ ထိန်းချုပ်နိုင်မယ်

ကမ္ဘာကြီးဟာ ကိုဗစ် – ၁၉ ရောဂါကို နှစ်နှစ်မပြည့်မီအချိန်အတွင်းမှာ ထိန်းချုပ်ကောင်း ထိန်းချုပ်နိုင်တယ်လို့ ကုလသမဂ္ဂကျန်းမာရေးအေဂျင်စီက ဩဂုတ် ၂၁ ရက်က ပြောကြားပြီးနောက်မှာ ကိုဗစ် – ၁၉ ကူးစက်ပျံ့နှံ့မှုဟာ ရုတ်တရက်ပြန်လည် တိုးလာခဲ့တာဖြစ်ပါတယ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ တက်ဒရော့စ် အက်ဒါနွန်ဂီဘရီယက်စ်ဆုစ်က ၁၉၁၈ ခုနှစ်က ဖြစ်ပေါ်ခဲ့တဲ့ တုပ်ကွေးကပ်ရောဂါကြောင့် လူပေါင်း သန်း ၅၀ တို့ရဲ့ အသက်တွေဆုံးရှုံးခဲ့ရတဲ့အခြေအနေနဲ့ အခုကိုဗစ် – ၁၉ ရောဂါအခြေအနေတို့ကို နှိုင်းယှဉ်ပြောကြားခဲ့ပါတယ်။

မိမိတို့ဟာ ကမ္ဘာ့ရွာကြီးဖြစ်လာတာ၊ နီးကပ်မှုတွေရှိလာတာ၊ ဆက်သွယ်မှုတွေရှိလာတာဟာ ပိုပြီးထူးခြားတဲ့အခြေအနေ မဟုတ်တော့ဘဲ နည်းပညာဖွံ့ဖြိုးတိုးတက်လာတာက သာလွန်ကောင်းမွန်တဲ့အခြေအနေတစ်ခုဖြစ်လာကြောင်း၊ နှစ်နှစ်မပြည့်မီ အချိန်အတွင်းမှာ ကိုဗစ် – ၁၉ ရောဂါဟာ ပြီးဆုံးသွားမယ်လို့ မျှော်လင့်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲက ပြောကြားလိုက်ပါတယ်။

ဖြစ်နိုင်တဲ့နည်းပညာတွေကို များများအသုံးချပြီး ကာကွယ်ဆေးကဲ့သို့သော အရာတွေရရှိနိုင်ကြောင်းနဲ့ ၁၉၁၈ တုပ်ကွေးကပ်ရောဂါထက် ပိုမိုတိုတောင်းတဲ့ အချိန်အတွင်းမှာ ဒီကိုဗစ် – ၁၉ ရောဂါကို အဆုံးသတ်နိုင်ဖို့ မျှော်လင့်ထားကြောင်း တက်ဒရော့စ်က ပြောခဲ့ပါတယ်။



ကိုဗစ် – ၁၉ ရှိ မရှိ အပူချိန်တိုင်းတာ စစ်ဆေးနေသည်ကို တွေ့ရစဉ်။

## ကလေးတွေလည်း ပါးစပ်နှာခေါင်းစည်း တပ်ဆင်ရမယ်

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ကိုဗစ် – ၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရန် အသက် ၁၂ နှစ်ကျော်တဲ့ကလေးတွေလည်း လူကြီးတွေနည်းတူ ပါးစပ်နှာခေါင်းစည်းတွေ တပ်ဆင်သွားလာကြဖို့ တိုက်တွန်းထားပါတယ်။

စိတ်ချရတဲ့ကာကွယ်ဆေးထွက်ပေါ်မလာသေးခင်မှာ ကမ္ဘာ့အစိုးရတွေရဲ့ ထိရောက်တဲ့ ကိုဗစ် – ၁၉ ထိန်းချုပ်နည်းတွေကတော့ အိမ်ထဲမှာပဲနေထိုင်ရေးနဲ့ တစ်ဦးနဲ့တစ်ဦး ခပ်ခွာခွာနေထိုင်ရေး နည်းလမ်းတွေပဲ ဖြစ်ပါတယ်။

တောင်ကိုရီးယားနိုင်ငံမှာလည်း လွန်ခဲ့တဲ့ ၂၄ နာရီအတွင်း ကိုဗစ် – ၁၉ အတည်ပြုလူနာ ၃၃၂ ဦးတိုးလာတဲ့အတွက် ကိုဗစ် – ၁၉ ဆိုင်ရာ တားမြစ်ကန့်သတ်ချက်တွေကို အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိပါတယ်။

## အလွန်ကိုသတိထားရမယ်

မိမိတို့အနေနဲ့ နိုင်ငံအတွင်း ကိုဗစ် – ၁၉ ဒုတိယလှိုင်း ပြန်လည်စတင်နိုင်ခြေရှိနေတဲ့ အခြေအနေကို တွေ့မြင်နေရတဲ့အတွက် အလွန်ကိုသတိထားနေထိုင်ရမယ့်အခြေအနေပဲလို့ ကျန်းမာရေးဝန်ကြီး ပါ့ခ်နွန်ဟိုက သတင်းစာရှင်းလင်းပွဲတစ်ခုမှာ ပြောကြားလိုက်ပါတယ်။

ကိုဗစ် – ၁၉ ကူးစက်ပျံ့နှံ့မှုမရှိအောင် ထိန်းချုပ်ခြင်းဟာ အဆင့်မြင့်ဦးစားပေးလုပ်ငန်းဖြစ်တာကြောင့် ကိုဗစ် – ၁၉ ကူးစက်ပျံ့နှံ့မှုမရှိစေရေး ဆောင်ရွက်ချက်များတွင် လူစုလူဝေးပြုလုပ်ခြင်းနဲ့ အလုံပိတ်အားကစားပွဲတွေ ပြုလုပ်ခြင်းအပါအဝင် ကျယ်ကျယ်ပြန့်ပြန့်တားမြစ်မှုတွေ ပြုလုပ်ထားတယ်လို့ သူက ဆက်ပြောထားပါတယ်။ ထို့အတူ နိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ ကမ်းခြေတွေကိုလည်း ပိတ်ထားပါတယ်။

## အသွားအလာကန့်သတ်ထိန်းချုပ်မှုတွေ လုပ်ဆောင်

တစ်ချိန်က ကိုဗစ် – ၁၉ ကူးစက်မှုဗဟိုချက်နေရာဖြစ်ခဲ့ဖူးတဲ့ အီတလီနိုင်ငံမှာ လွန်ခဲ့တဲ့ ၂၄ နာရီအတွင်း ကိုဗစ် – ၁၉ အတည်ပြုလူနာ ၁၀၀၀ ကျော် ထပ်မံတွေ့ရှိခဲ့ပါတယ်။ မေလမှာ အသွားအလာကန့်သတ်ထိန်းချုပ်မှုလုပ်ဆောင်တဲ့အချိန်ကတည်းက အခုအချိန်အထိ အများဆုံးတွေ့ရှိခဲ့တဲ့ ပမာဏတစ်ခုလည်းဖြစ်ပါတယ်။

အလားတူ စပိန်၊ ဂျာမနီနဲ့ ပြင်သစ်နိုင်ငံတို့မှာလည်း ထိုနည်းလည်းကောင်းပဲဖြစ်ပါတယ်။

ကိုဗစ် – ၁၉ ကူးစက်ခံရသူအများစုမှာ လူငယ်လူရွယ်တွေဖြစ်ကြပြီး တချို့က ရောဂါလက္ခဏာမပြဘဲ ကူးစက်ခံနေရတာဖြစ်ပါတယ်။ အီတလီကျန်းမာရေးဝန်ကြီးကတော့ သူတို့ကိုအိမ်ထဲမှာနေဖို့ တိုက်တွန်းပြောကြားထားပါတယ်။

လက်ဘနွန်နိုင်ငံမှာလည်း ညမထွက်ရအမိန့် ထုတ်ပြန်ထားပါတယ်။ လက်ဘနွန်နိုင်ငံ ဘေရွတ်ဆိပ်ကမ်းပေါက်ကွဲမှုကြောင့် လူအများအပြားသေဆုံးခဲ့ရသလို စီးပွားရေးလည်းထိခိုက်ခဲ့ရတဲ့အခြေအနေမှာ ကိုဗစ် – ၁၉ ဒုတိယလှိုင်းကို စိုးရွံ့တဲ့အတွက် အခုလိုအသွားအလာကန့်သတ်ပိတ်ဆို့မှုတွေကို ထုတ်ပြန်လိုက်တာဖြစ်သလို ညမထွက်ရအမိန့်လည်း ထုတ်ပြန်လိုက်တာဖြစ်ပါတယ်။

## ဒုက္ခတွေ အကျပ်အတည်းတွေနဲ့ ရင်ဆိုင်ရနိုင်

နောက်ထပ် ကိုဗစ် – ၁၉ သာ ထပ်မံဖြစ်ပွားခဲ့မယ်ဆိုရင် လက်ဘနွန်နိုင်ငံရဲ့ ကျန်းမာရေးစနစ်၊ အကျပ်အတည်းတွေ တွေ့နိုင်တယ်ဆိုပြီး အခုလို လုပ်ဆောင်ခဲ့တာဖြစ်ပါတယ်။ ဘေရွတ်ဆိပ်ကမ်းဖုံး ပေါက်ကွဲမှုမှာ ဆိပ်ကမ်းနားက ဆေးရုံတွေလည်း ပျက်စီးခဲ့ပါတယ်။

အမေရိကန်ကတော့ ကမ္ဘာ့ ကိုဗစ် – ၁၉ ကြောင့် သေဆုံးသူ ထက်ဝက်ကျော်လောက်ပမာဏရှိခဲ့ပါတယ်။ မိမိတို့ဟာ ကိုဗစ် – ၁၉ ကြောင့် သေဆုံးမှုမှာ ကမ္ဘာကြီးကို ဦးဆောင်နေပါတယ်လို့ ဂျိုးဘိုင်ဒင်က ပြောပါတယ်။ ၅ ဒသမ ၇ သန်းကူးစက်ခံနေရတဲ့အချိန်မှာ သေဆုံးသူအရေအတွက်ဟာ ၁၇၆၃၃၂ ရှိခဲ့ပါတယ်။

## သမ္မတဖြစ်လာပါက ကိုဗစ် – ၁၉ တိုက်ဖျက်ဖို့ အမျိုးသားစီမံကိန်း အကောင်အထည်ဖော်မယ်

သူ့အနေနဲ့ အမေရိကန်သမ္မတတာဝန်ထမ်းဆောင်ရမယ်ဆိုပါက ပထမဆုံးနေ့မှာ ကိုဗစ် – ၁၉ ကူးစက်ရောဂါကို တိုက်ဖျက်ဖို့ အမျိုးသားစီမံကိန်းတစ်ခုကို အကောင်အထည်ဖော်သွားမှာပါလို့ ပြောထားပါတယ်။

အမေရိကန်နိုင်ငံရဲ့ နေ့စဉ် ကိုဗစ် – ၁၉ အလားအလာဟာ အကျဘက်သို့ ဦးတည်နေသော်လည်း အမေရိကန်တွေဟာ ဒီ ကိုဗစ် – ၁၉ ရောဂါကို ထိန်းချုပ်နိုင်မလားဆိုတာ စိုးရိမ်မိတယ်လို့ ကျွမ်းကျင်သူတွေက သုံးသပ်ထားပါတယ်။

အခုတော့ ကမ္ဘာ့နိုင်ငံတိုင်းက ကိုဗစ် – ၁၉ နောက်ထပ်တစ်ခါ ထပ်မံဖြစ်ပွားလာမယ့်အရေးကို စိုးရိမ်လျက်ရှိပါတယ်။ ။

**ကိုးကား – အေအက်ဖ်ပီ**

❒ **ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ကိုဗစ်–၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရန် အသက် ၁၂ နှစ် ကျော်တဲ့ကလေးတွေလည်း လူကြီးတွေနည်းတူ ပါးစပ်နှာခေါင်းစည်းတွေ တပ်ဆင်သွားလာကြဖို့ တိုက်တွန်းထားပါတယ်။**

❒ **စိတ်ချရတဲ့ကာကွယ်ဆေး ထွက်ပေါ်မလာသေးခင်မှာ ကမ္ဘာ့အစိုးရတွေရဲ့ ထိရောက်တဲ့ ကိုဗစ် – ၁၉ ထိန်းချုပ်နည်းတွေကတော့ အိမ်ထဲမှာပဲနေထိုင်ရေးနဲ့ တစ်ဦးနဲ့တစ်ဦး ခပ်ခွာခွာနေထိုင်ရေး နည်းလမ်းတွေပဲဖြစ်ပါတယ်။**

# နိုင်ငံတကာသတင်းတိုထွာ

### ကိုဗစ် - ၁၉ ကာကွယ်ဆေး ဦးစားပေးထိုးပေးရမည့်သူများအား ကျွမ်းကျင်သူများအဖွဲ့အတည်ပြု

တိုကျို ဩဂုတ် ၂၃

ကိုဗစ် – ၁၉ ကာကွယ်ဆေးကို ဆေးဝန်ထမ်းများ၊ အသက်အရွယ်ကြီးသူများ၊ အခြားရောဂါအခံရှိသူများအတွက် ဦးစားပေးအသုံးပြုရန် ဂျပန်အစိုးရ၏ အစီအစဉ်ကို ကျွမ်းကျင်သူများအဖွဲ့က ယေဘုယျအားဖြင့် အတည်ပြုခဲ့ကြောင်း သိရသည်။

လွန်ခဲ့သောရက်က ကျင်းပခဲ့သော ကျွမ်းကျင်သူများအဖွဲ့အစည်းအဝေးသို့ ကိုရိုနာဗိုင်းရပ်စ်တန်ပြန်ရေးဆိုင်ရာ ဝန်ကြီး နီရှိမူရာ ယာစုတိုရှိနှင့် ကျန်းမာရေးဝန်ကြီး ခါ့တိုခတ်ဆုနိုဘုတို့ တက်ရောက်ခဲ့ကြသည်။ ဆေးဝန်ထမ်းများသည် ရောဂါကူးစက်နိုင်ခြေအန္တရာယ်များပြီး အသက်အရွယ်ကြီးသူများ၊ အခြားရောဂါအခံရှိသူများသည် ကိုဗစ် – ၁၉ ကူးစက်ခံရပါက အခြေအနေဆိုးရွားလာနိုင်သောကြောင့် ဦးစားပေးရွေးချယ်ခြင်းဖြစ်ကြောင်း သိရသည်။ အရေးပေါ်တာဝန်ကျဝန်ထမ်းများ၊ ပြည်သူ့ကျန်းမာရေးဌာနဝန်ထမ်းများ၊ အသက်အရွယ်ကြီးရင့်သူများအား စောင့်ရှောက်မှုပေးနေသူများနှင့် ကိုယ်ဝန်ဆောင်များကိုလည်း ဦးစားပေးမလားဆိုသည်ကို ဆက်လက်စဉ်းစားနေကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

### အရွယ်မရောက်သေးသော ကလေးများလည်း နှာခေါင်းစည်းတပ်ဆင်ရန် ညွှန်ကြားချက်များထုတ်ပြန်

ဂျီနီဗာ ဩဂုတ် ၂၃

အရွယ်မရောက်သေးသော ကလေးငယ်များ နှာခေါင်းစည်းတပ်ဆင်ခြင်းဆိုင်ရာ ညွှန်ကြားအကြံပြုချက်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာ ကလေးများရန်ပုံငွေအဖွဲ့တို့က ပူးပေါင်း၍ ဩဂုတ် ၂၁ ရက်က ထုတ်ပြန်ကြောင်း သိရသည်။

အဆိုပါထုတ်ပြန်ချက်တွင် အရွယ်ရောက်ပြီးသောလူကြီးများ ပါးစပ်နှာခေါင်းစည်းတပ်ဆင်ရန် လိုအပ်သည့်နေရာများတွင် အသက် ၁၂ နှစ်အထက်ကလေးများလည်း နှာခေါင်းစည်းတပ်ဆင်ရမည်ဖြစ်ကြောင်း အကြံပြုထားသည်။

တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်၍မရသည့်နေရာများ၊ ကိုဗစ် – ၁၉ ပြန့်ပွားမှုအန္တရာယ်မြင့်မားသည့်နေရာများတွင် ဖော်ပြပါကလေးများအနေဖြင့် နှာခေါင်းစည်းတပ်ဆင်ရန် အထူးလိုအပ်ကြောင်း၊ အသက် ၆ နှစ်မှ ၁၁ နှစ်အရွယ်ကလေးငယ်များမှာမူ ဗိုင်းရပ်စ်ပြန့်ပွားသည့်နေရာများနှင့် စာသင်ကျောင်းစသည့်နေရာများတွင် နှာခေါင်းစည်းတပ်ဆင်သင့်ကြောင်း အကြံပြုထားသည်။ ငါးနှစ်အောက်ကလေးများကိုလည်း ပါးစပ်နှာခေါင်းစည်းတပ်ဆင်ရာတွင် လူကြီးများက စောင့်ကြည့်ပေးရမည်ဖြစ်ကြောင်း၊ ကလေးငယ်များ နှာခေါင်းစည်းတပ်သည့်အခါ ခံစားချက်နှင့် စိုးရိမ် ပူပန်မှုများကိုလည်း အမြဲတမ်းသတိပြုနေရမည်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာကလေးများရန်ပုံငွေအဖွဲ့က တိုက်တွန်းနှိုးဆော်ထားသည်။

**ဆင်ဟွာ**

# အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

- မဲစာရင်းတွင် မိမိအမည်ပါရှိမှသာ မဲပေးခွင့်ရရှိနိုင်မည်။
- ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် အိမ်ထောင်စုတစ်ခုလျှင် အနည်းဆုံး တစ်ဦး မပျက်မကွက် လာရောက်ကြည့်ရှု စစ်ဆေးခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်သွားကြရန်။
- မဲပေးခွင့် မဆုံးရှုံးစေရန် ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းများ ဆောင်ရွက်ကြရန်။

**ရွေးကောက်ပွဲ ကျင်းပရန်**

**၇၆ ရက်သာ**

**လိုတော့သည်။**

## ပြည်တွင်းရှိ သက်ဆိုင်ရာမဲဆန္ဒနယ် ပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်း

- ✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မိမိတို့ဌာန တည်ရှိရာ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ဆက်သွယ်၍ ပုံစံ (၁၅) များကို တောင်းခံသွားရန်၊
- ✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မဲဆန္ဒရှင်များက ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၂၆-၈-၂၀၂၀ ရက် အရောက်ပေးပို့သွားရန်၊
- ✤ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များကို သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများသို့ ၇-၁၀-၂၀၂၀ ရက် အရောက်ပေးပို့ရန်၊
- ✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများတွင် ၈-၁၀-၂၀၂၀ ရက်မှ ၂၁-၁၀-၂၀၂၀ ရက်အတွင်း သင့်လျော်သည့်ရက်၌ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ရန်၊
- ✤ ဆန္ဒပြုပြီး ကြိုတင်ဆန္ဒမဲလက်မှတ်ပါ စာအိတ်များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၈-၁၁-၂၀၂၀ ရက်နေ့ ညနေ ၄ နာရီထက် နောက်မကျဘဲ အရောက်ပေးပို့သွားရန်။

## မုံးကိုးမြို့၌ ဒေသခံပြည်သူ ၂၄၁ ဦးကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်

မုံးကိုး ဩဂုတ် ၂၃

ရှမ်းပြည်နယ် မြောက်ပိုင်း မူဆယ်ခရိုင် မုံးကိုးမြို့၌ ရွေးကောက်ပွဲ မဲစာရင်းတွင် အမည်စာရင်းပါရှိပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား မရှိသည့် ဒေသခံပြည်သူစုစုပေါင်း ၂၄၁ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြား လက်ဝယ်အရောက်ပေးအပ်ခြင်းအခမ်းအနားကို ယမန်နေ့က မုံးကိုးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

"မုံးကိုးမြို့ ရှောက်ရွှေစင်ကျေးရွာအုပ်စု မန့်ယန်ကျေးရွာအုပ်စုနဲ့ ဖောင်းဆိုင်ကျေးရွာအုပ်စုတွေမှာ နေထိုင်ကြတဲ့ ဒေသခံတိုင်းရင်းသား ပြည်သူစုစုပေါင်း ၂၄၁ ဦးဟာဆိုရင် ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲ မဲဆန္ဒစာရင်းမှာ အမည်ပါရှိသော်လည်း နိုင်ငံသားစိစစ်ရေး ကတ်ပြား မရှိသေးတဲ့အတွက် စနစ်တကျကွင်းဆင်းစိစစ်မှုတွေ ဆောင်ရွက်ကာ သစ္စာစီမံချက်နဲ့ (အခမဲ့) ပြုလုပ်ပေးပြီး လက်ဝယ်အရောက်ပေးအပ်တာဖြစ်ပါတယ်" ဟု လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မုံးကိုးမြို့ (ရှေ့တန်းရုံး) မြို့ဦးစီးမှူး ဦးစောချမ်းသာက ပြောသည်။

အခမ်းအနားတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မုံးကိုးမြို့ (ရှေ့တန်းရုံး) မြို့ဦးစီးမှူးနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးအုပ်ကြီးဦးနိုင်ထွန်းတို့က အမှာစကား ပြောကြားသည်။ ဆက်လက်ပြီး တာဝန်ရှိသူတို့က နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများ လက်ဝယ်ပေးအပ်ကာ ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ တိုင်းရင်းသားယဉ်ကျေးမှု အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဆလိုင်းဗန်ရိုးထန် (ပြန်/ဆက်)**

✽ *ရှေ့ဖုံးမှ*

မြို့နယ် ကော်မရှင်အဖွဲ့ခွဲရုံးတွေမှာ ကျွန်တော်တို့ ကော်မရှင်က ဝန်ထမ်းတွေနဲ့ ရပ်ကျေးကော်မရှင်အဖွဲ့ဝင်တွေ ပူးပေါင်းပြီး အခြားဌာနတွေက ကွန်ပျူတာကျွမ်းကျင်တဲ့ ဝန်ထမ်း ငါးဦးစီနဲ့အတူ ဩဂုတ်လကုန်မှာ အပြီး ပြင်ဆင်ဖြည့်စွက်နိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ ဒ့ါအပြင် ပြန်လည်ဖြည့်စွက်ပြင်ဆင်ပြီးတဲ့ မဲစာရင်းတွေအရ ပြည့်စုံမှန်ကန်မှုရှိစေဖို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ ကူညီမှုနဲ့ အိမ်တိုင်ရာရောက် ကွင်းဆင်းပြီး လိုက်လံစိစစ်လျက်ရှိပါတယ်။ ဒါကြောင့် အသက် ၁၈ နှစ်ပြည့်ပြီးသူတိုင်း မဲပေးခွင့်မဆုံးရှုံးစေဖို့ နောက်ဆုံးအခွင့်အရေးဖြစ်တဲ့ အောက်တိုဘာလအတွင်းမှာ ဒုတိယအကြိမ်အဖြစ် ၁၄ ရက် ထပ်မံကြေညာပေးမယ့် မဲစာရင်းတွေကို လာရောက်ကြည့်ရှုကြဖို့ တိုက်တွန်းလိုပါတယ်'' ဟု ၎င်းက ပြောသည်။

ယခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအတွင်းမှ မဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင် စာရင်းမှာ ၄၅၇၈၀၁၃ ဦးရှိပြီး ၎င်းမဲစာရင်းများအား ပထမအကြိမ်အဖြစ် ကပ်ထားကြေညာခဲ့သည့် ဇူလိုင် ၂၅ ရက်မှ ဩဂုတ် ၁၄ ရက်အထိ ၂၁ ရက်တာကာလအတွင်း လာရောက်ကြည့်ရှုသူ ၁၄၃၉၄၁၆ ဦးရှိပြီး ၎င်းတို့အနက် ပုံစံ(၃)ဖြင့် တောင်းဆိုသူ ၁၄၆၆၁၃ ဦး၊ ပုံစံ(၄)ဖြင့် ကန့်ကွက်သူ ၃၄၈၉၈ ဦး၊ ပုံစံ(၄-က)ဖြင့် ပြင်ဆင်သူ ၆၈၂၃၂ ဦး စုစုပေါင်း ၂၄၉၇၄၃ ဦးရှိကြောင်း သိရသည်။

အဆိုပါ မဲဆန္ဒရှင်စာရင်းများအရ မဲပေးပိုင်ခွင့်ရှိသူ ၄၅၇၈၀၁၃ ဦးအနက် မသန်စွမ်းဦးရေမှာ အမျိုးသား ၄၂၈၂ ဦးနှင့် အမျိုးသမီး ၄၈၇၁ ဦး စုစုပေါင်း ၉၁၅၃ ဦး ပါဝင်နေပြီး မသန်စွမ်း မဲဆန္ဒရှင်အများဆုံးမှာ မြင်းခြံခရိုင်ဖြစ်ပြီး ရမည်းသင်းခရိုင်၌ မသန်စွမ်း မဲဆန္ဒရှင်ဦးရေ အနည်းဆုံးဖြစ်ကြောင်းနှင့် မသန်စွမ်းအများဆုံးရှိသည့် မဲဆန္ဒနယ်မြေများတွင် စံပြမဲရုံများထားရှိရန် စီစဉ်ထားကြောင်း သိရသည်။

ယခုနှစ်တွင် ကျင်းပမည့် ရွေးကောက်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအတွင်း အဆိုပါစာရင်းများအရ မဲရုံပေါင်း ၅၄၅၅ ရုံ ဖွင့်လှစ်ရန် လျာထားပြီး ပါတီပေါင်း ၂၀ နှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်း ၅၄၂ ဦး ဝင်ရောက်ယှဉ်ပြိုင် အရွေးခံရန် အမည်စာရင်းတင်သွင်းထားကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ ( ဆ ) အရ ရွေးကောက်ပွဲတစ်ခုခုတွင် မိမိဆန္ဒမဲပေးပိုင်ခွင့်ရှိသော လွှတ်တော်မဲဆန္ဒနယ်အတွက် တစ်ကြိမ်ထက်ပို၍ ဆန္ဒမဲပေးခြင်း မပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရနိုင်သည်။

## ရွေးကောက်ပွဲများသည်-

- ➤ ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။
- ➤ ဒီမိုကရေစီ ရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။
- ➤ ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မ ဖြစ်သည်။

# ကျန်းမာရေးလောက်ကြီးမားတဲ့ လာဘ်လာဘမရှိ



ယခုအခါ စစ်တွေမှာ Covid ရောဂါပိုး တွေ့ရှိထားမှုများနေတာ ပြည်သူများ သိပြီးထင်ပါတယ်။ ရောဂါရသူ မည်သူမဆို စိတ်မချမ်းမသာ ဘယ့်လောက်ဖြစ်မယ်ဆိုတာ မှန်းဆနိုင်တာကြောင့် မပြောချင်ပေမဲ့ အများပြည်သူ သတိရှိနိုင်ရန်အတွက် ပြောပါရစေ။ ချမှတ်ထားတဲ့ စည်းမျဉ်းတွေကို ချိုးဖောက်ပြီး အလည်အပတ်ခရီးထွက်ခဲ့တဲ့ ဝန်ထမ်း ၃-၄ ဦးကတစ်ဆင့် Covid ရောဂါ ပြန့်ပွားမှုကြောင့် ယခု စစ်တွေမှာ အိမ်တွင်းနေရန် ညွှန်ကြားချက်နဲ့ အခြား Covid ရောဂါ ထိန်းချုပ်ရေးဆိုင်ရာ စည်းမျဉ်းများ ထုတ်ပြန်ထားရပါပြီ။ ရောဂါထိန်းချုပ်နိုင်ဖို့အတွက် လူအင်အား၊ ငွေအင်အားအများအပြား ထုတ်သုံးနေရပါပြီ။

ကျန်းမာရေးလောက်ကြီးမားတဲ့ လာဘ်လာဘ မရှိပါဘူး။ ပြည်သူတွေ သတိထားကြပါ။ ပြည်သူသာလျှင် အဓိကပါ။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၂၁-၈-၂၀၂၀ ရက်နေ့တွင် ဖေ့စ်ဘွတ်၌ ရေးသားဖော်ပြချက်မှ ကောက်နုတ်ချက်)

# ကိုဗစ်-၁၉ ရောဂါပိုးရှိသူ ကိုးဦးထပ်မံတွေ့ရှိ ရောဂါပိုးရှိသူ စုစုပေါင်း ၄၅၀ ရှိသွားပြီ

**နေပြည်တော် ဩဂုတ် ၂၃**

ယနေ့တွင် ကိုဗစ်-၁၉ ရောဂါပိုးရှိသူ ကိုးဦးထပ်မံတွေ့ရှိသဖြင့် ယနေ့အထိ ရောဂါပိုးရှိသူ စုစုပေါင်း ၄၅၀ ရှိသွားပြီ ဖြစ်ပြီး ပိုးတွေ့ရှိသူ ကိုးဦးမှာ အိန္ဒိယနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူ တစ်ဦးနှင့် ပြည်ပသို့ ခရီးသွားရာဇဝင် မရှိသူ ရှစ်ဦး ဖြစ်ကြောင်း သိရသည်။

ရောဂါပိုးတွေ့ရှိသူ ၄၅၀ အနက် သေဆုံးသူ ခြောက်ဦး၊ ပိုးမတွေ့ရှိတော့သူ ၃၄၁ ဦး၊ ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သူ ၃၃၅ ဦးနှင့် ဩဂုတ် ၂၂ ရက် မွန်းတည့် ၁၂ နာရီမှ ဩဂုတ် ၂၃ ရက် မွန်းတည့် ၁၂ နာရီအတွင်း စောင့်ကြည့်လူနာအသစ် ၂၈ ဦးရှိကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ယနေ့ထုတ်ပြန်ချက်များအရ သတင်းရရှိသည်။

သတင်းစဉ်

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၄၅၁၆၇ | ၄၅၀ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၃၄၁ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၇၂၅၂

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၃၃၅ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၃၀၂ | ၅ |
| ၂ | ရခိုင် | ၇၅ | |
| ၃ | ချင်း | ၁၈ | |
| ၄ | ပဲခူး | ၉ | ၁ |
| ၅ | စစ်ကိုင်း | ၉ | |
| ၆ | မွန် | ၇ | |
| ၇ | ကရင် | ၅ | |
| ၈ | ရှမ်း(တောင်) | ၄ | |
| ၉ | မန္တလေး | ၄ | |
| ၁၀ | ရှမ်း(မြောက်) | ၃ | |
| ၁၁ | မကွေး | ၃ | |
| ၁၂ | ရှမ်း(ရှေ့) | ၃ | |
| ၁၃ | နေပြည်တော် | ၂ | |
| ၁၄ | ဧရာဝတီ | ၂ | |
| ၁၅ | ကချင် | ၂ | |
| ၁၆ | တနင်္သာရီ | ၂ | |
| စုစုပေါင်း | | ၄၅၀ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၂၃-၈-၂၀၂၀ ရက်၊ ည (၈) နာရီ

## ၂၃-၈-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၅၈၄၂၀၅၃ | ၃၁၄၈၀၈၀ | ၁၈၀၁၉၁ |
| ၂။ | ဘရာဇီး | ၃၅၈၃၃၀၈ | ၂၇၀၉၆၃၈ | ၁၁၄၂၈၇ |
| ၃။ | အိန္ဒိယ | ၃၀၅၀၃၂၆ | ၂၂၈၂၃၅၈ | ၅၆၈၈၃ |
| ၄။ | ရုရှား | ၉၅၆၇၄၉ | ၇၇၀၆၃၉ | ၁၆၃၈၃ |
| ၅။ | တောင်အာဖရိက | ၆၀၇၀၄၅ | ၅၀၄၁၂၇ | ၁၂၉၈၇ |
| ၆။ | ပီရူး | ၅၈၅၂၃၆ | ၃၉၁၁၄၄ | ၂၇၄၅၃ |
| ၇။ | မက္ကဆီကို | ၅၅၆၂၁၆ | ၃၈၀၄၉၂ | ၆၀၂၅၄ |
| ၈။ | ကိုလံဘီယာ | ၅၃၃၁၀၃ | ၃၅၉၇၉၂ | ၁၆၉၆၈ |
| ၉။ | စပိန် | ၄၀၇၈၇၉ | စိစစ်ဆဲ | ၂၈၈၃၈ |
| ၁၀။ | ချီလီ | ၃၉၅၇၀၈ | ၃၆၉၇၃၀ | ၁၀၇၉၂ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၃- ၈ - ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဖိလစ်ပိုင် | ၁၈၉၆၀၁ | ၁၃၁၃၆၇ | ၂၉၉၈ |
| အင်ဒိုနီးရှား | ၁၅၃၅၃၅ | ၁၀၇၅၀၀ | ၆၆၀၈ |
| စင်ကာပူ | ၅၆၃၅၃ | ၅၃၉၂၀ | ၂၇ |
| မလေးရှား | ၉၂၆၇ | ၈၉၅၉ | ၁၂၅ |
| ထိုင်း | ၃၃၉၅ | ၃၂၂၀ | ၅၈ |
| ဗီယက်နမ် | ၁၀၁၆ | ၅၆၃ | ၂၇ |
| မြန်မာ | ၄၅၀ | ၃၄၁ | ၆ |
| ကမ္ဘောဒီးယား | ၂၇၃ | ၂၆၃ | ၀ |
| ဘရူနိုင်း | ၁၄၃ | ၁၃၉ | ၃ |
| လာအို | ၂၂ | ၂၀ | ၀ |

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၂၃-၈-၂၀၂၀) ရက်နေ့၊ နံနက်(၈:၀၀)နာရီ

၁။ (၂၂-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL)မှ ဒုတိယအသုတ်အနေဖြင့် ဓာတ်ခွဲနမူနာ (၂၅၂) ခုနှင့်
- ရန်ကုန်မြို့၊ တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၁၄၇) ခုတို့အား ထပ်မံစစ်ဆေးပြီးစီးခဲ့ရာ
- • COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် (၃) ဦးတွေ့ရှိပါသည်။

၂။ သို့ဖြစ်ရာ (၂၂-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)(NHL) မှ ဓာတ်ခွဲနမူနာ (၅၉၂) ခု၊
- ဆေးသုတေသနဦးစီးဌာန(DMR) မှ ဓာတ်ခွဲနမူနာ (၁၂၇) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး) မှ ဓာတ်ခွဲနမူနာ (၂၇၆) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၁၀၉) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ဓာတ်ခွဲနမူနာ (၃၉) ခု၊
- ရန်ကုန်မြို့၊ တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၁၄၇) ခု၊
- • စုစုပေါင်း (၁,၂၉၀) ခုအား စစ်ဆေးခဲ့ခြင်းဖြစ်ပြီး COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၉) ဦး တွေ့ရှိခဲ့ပါသည်။ (ဓာတ်ခွဲအတည်ပြု လူနာသစ် (၆) ဦး တွေ့ရှိကြောင်းကို (၂၂-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီသတင်းတွင် ထုတ်ပြန်ပြီးဖြစ်ပါသည်။)

၃။ (၂၃-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၄၄၄)ဦး ရှိပြီဖြစ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက်**
**ဓာတ်ခွဲစစ်ဆေးမှုအခြေအနေထုတ်ပြန်ချက်**
**(၂၃-၈-၂၀၂၀) ရက်နေ့၊ နံနက်(၈:၀၀) နာရီ**

| | |
|---|---|
| (၂၂-၈-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL) မှ (ဒုတိယအသုတ်) ထပ်မံစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၅၂) ခု |
| (၂၂-၈-၂၀၂၀) ရက်နေ့တွင် ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)မှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၄၇) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၃) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၂၃-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၃) ဦး | (၄၄၄) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၀) ဦး | (၃၃၈) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**
**(၂၃-၈-၂၀၂၀) ရက်နေ့၊ နံနက်(၈:၀၀)နာရီ**

| လူနာ အမှတ်စဉ် | အသက် | ကျား/ မ | နေထိုင်ခဲ့သည့် လိပ်စာ | COVID-19 ရောဂါ အတည်ပြုလူနာများနှင့် ထိတွေ့မှု | ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ / မရှိ | ယခု ဆေးကုသမှု ခံယူလျက်ရှိသည့် / ခံယူစေမည့် ဆေးရုံ | COVID-19 ဓာတ်ခွဲ အဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 442 | ၂၄ နှစ် | ကျား | တီးတိန်မြို့နယ်၊ ချင်းပြည်နယ် | မရှိပါ | ရှိ (အိန္ဒိယနိုင်ငံ) | ပြည်သူ့ဆေးရုံ တီးတိန်မြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (တွန်းဇံမြို့) |
| 443 * | ၅၈ နှစ် | ကျား | သံတွဲမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိပါ | မရှိပါ | ခရိုင်ပြည်သူ့ဆေးရုံ သံတွဲမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (သံတွဲမြို့) |
| 444 * | ၂၀ နှစ် | ကျား | သံတွဲမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိပါ | မရှိပါ | ခရိုင်ပြည်သူ့ဆေးရုံ သံတွဲမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (သံတွဲမြို့) |

(*) လွန်ခဲ့သော (၁၄) ရက်အတွင်း စစ်တွေမြို့သို့ သွားရောက်ခဲ့သည့် ခရီးသွားရာဇဝင်ရှိပါသည်။

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၂၃-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၂၃-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)(NHL)မှ(ပထမအသုတ်) ဓာတ်ခွဲနမူနာ (၄၆၉)ခု၊
- ဆေးသုတေသနဦးစီးဌာန(DMR)မှ ဓာတ်ခွဲနမူနာ (၂၂၇)ခု
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး)မှ ဓာတ်ခွဲနမူနာ (၁၆၈)ခုနှင့်
- ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ဓာတ်ခွဲနမူနာ (၄၁)ခု

  စုစုပေါင်း (၉၀၅)ခု အား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -
- • COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၆) ဦး တွေ့ရှိရပါသည်။

၂။ (၂၃-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါဓာတ်ခွဲ အတည်ပြုလူနာ (၄၅၀) ဦး ရှိပြီ ဖြစ်ပါသည်။

၃။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ (၃)ဦး (Case - 219, 257, 324) ရှိသဖြင့် စုစုပေါင်း (၃၄၁) ဦးရှိပြီ ဖြစ်ပါသည်။ ၎င်းတို့အနက် (၃၃၅) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၂၂-၈-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၂၃-၈-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၂၈) ဦးရှိပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၂၃-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၂၃-၈-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)(NHL)မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၄၆၉) ခု |
| (၂၃-၈-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာန(DMR)မှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၂၇) ခု |
| (၂၃-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး)မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၆၈) ခု |
| (၂၃-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၄၁) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၆) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၂၃-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၆) ဦး | (၄၅၀) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၃) ဦး | (၃၄၁) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

**(၂၃-၈-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID-19 လူနာတွေ့ရှိမှု**
**ည (၈:၀၀) နာရီ**

| လူနာ အမှတ်စဉ် | အသက် | ကျား/ မ | နေရပ်လိပ်စာ | COVID-19 ရောဂါ အတည်ပြု လူနာများ နှင့်ထိတွေ့မှု | ပြည်ပသို့ ခရီးသွား ရာဇဝင် ရှိ/ မရှိ | ဆေးကုသမှု ခံယူစေမည့် ဆေးရုံ | COVID-19 ဓာတ်ခွဲ အဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 445 | ၄၄ နှစ် | မ | စစ်တွေမြို့၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | ရောဂါကူးစက်နိုင်ခြေများသော အုပ်စုအား စစ်ဆေးခြင်း ဖြစ်ပါသည်။ |
| 446 | ၃၈ နှစ် | မ | စစ်တွေမြို့၊ ရခိုင်ပြည်နယ် | ရှိ (C-398, 417) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | |
| 447 | ၂၉ နှစ် | မ | စစ်တွေမြို့၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | |
| 448 | ၄၁ နှစ် | မ | စစ်တွေမြို့၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | |
| 449 | ၄၇ နှစ် | မ | စစ်တွေမြို့၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | |
| 450 | ၁၈ နှစ် | မ | စစ်တွေမြို့၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | စောင့်ကြည့်လူနာ (ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့) |

# ကိုဗစ်-၁၉ လူနာများအားကုသရန်အတွက် သွေးရည်ကြည်များလှူဒါန်းခဲ့သည့် အလှူရှင်များအား ဂုဏ်ပြုပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၂၃**

ကိုဗစ်-၁၉ လူနာများအား ကုသရန်အတွက် သွေးရည်ကြည်များ လှူဒါန်းခဲ့သည့် ကိုဗစ်-၁၉ မှ ပြန်လည်သက်သာကောင်းမွန်သွားသူများအား ဂုဏ်ပြုပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ဆေးသုတေသနဦးစီးဌာန၌ ကျင်းပသည်။

ရှေးဦးစွာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ဖြစ်ပွားမှုကို ယခုနှစ် မတ်လတွင် စတင်တွေ့ရှိခဲ့ရပြီး ရောဂါသစ်ဖြစ်သည့် ကိုဗစ်-၁၉ ကို ကုသရန် သီးသန့်ကုထုံးမရှိသဖြင့် လူနာများအား အကောင်းဆုံးကုသမှုပေးနိုင်ရေးအတွက် ပါမောက္ခများဖြင့် ဆွေးနွေးတိုင်ပင်ခဲ့ပါကြောင်း၊ ပါမောက္ခများက ကမ္ဘာ့နိုင်ငံများတွင် ကိုဗစ်-၁၉ ကုသမှုများနှင့် သက်သာပျောက်ကင်းမှု အခြေအနေများကို လေ့လာခဲ့ပြီး မိမိထံသို့ တင်ပြလာခဲ့ပါကြောင်း၊ မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ ကို ကုသမှု ပိုမိုထိရောက်စေရန်နှင့် ရောဂါကြောင့် သေဆုံးမှုနည်းပါးစေရေးအတွက် သွေးရောဂါ ပါမောက္ခဒေါက်တာရဲမြ ဦးဆောင်ပြီး ပါမောက္ခများ ပါဝင်သောအဖွဲ့အနေဖြင့် ကုသမှုသုတေသနပုံစံဖြင့် ဆောင်ရွက်ရန် ပြန်လည်သက်သာကောင်းမွန်သွားသော ကိုဗစ်-၁၉ လူနာ၏ သွေးရည်ကြည်ဖြင့် ကိုဗစ်-၁၉ ပိုးတွေ့လူနာများအား စမ်းသပ်ကုသနိုင်ရေးအတွက် Ad hoc အကြံပေးအဖွဲ့ ကို ၂၀၂၀ ပြည့်နှစ် ဧပြီ ၁၆ ရက်တွင် မိမိမှ ဖွဲ့စည်းပေးခဲ့ပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက သွေးရည်ကြည်လှူဒါန်းခဲ့သည့် အလှူရှင်တစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။

**ဂုဏ်ယူလေးစား**

ယခုအချိန်အထိ ဝေဘာဂီအထူးကုဆေးရုံကြီးတွင် ရောဂါပြင်းထန်သော ကိုဗစ်-၁၉ လူနာ ရှစ်ဦးကို အဆိုပါ သွေးရည်ကြည်သွင်းကုသမှုဖြင့် အောင်မြင်စွာ ကုသမှုပေးနိုင်ခဲ့ပါကြောင်း၊ ထိုသို့ကုသမှုပေးနိုင်ရေး၊ လူနာများ၏ အသက်ကယ်တင်နိုင်ရေးအတွက် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ခဲ့သော ဆေးပညာရှင်များ အားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ ကိုဗစ်-၁၉ မှ ပြန်လည်သက်သာကောင်းမွန်ခဲ့သူများ၏ သွေးရည်ကြည်တွင် ကိုဗစ်-၁၉ ကို တိုက်ဖျက်နိုင်သော ပဋိပစ္စည်း (antibody) များပါဝင်ပြီး ကိုဗစ်-၁၉ လူနာများအား အဆိုပါ သွေးရည်ကြည်ဖြင့် ကုသခြင်းဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ကိုယ်တိုင် ကိုဗစ်-၁၉ ရောဂါကိုဖြစ်ပွားခံစားခဲ့ရပြီး ပြန်လည်သက်သာခဲ့သူများအနေဖြင့် ကိုယ်ချင်းစာစိတ်ပြည့်ဝစွာ၊ စေတနာပြည့်ဝစွာဖြင့် သွေးရည်ကြည်ကို လှူဒါန်းခဲ့သည့်အပေါ် မိမိအနေဖြင့် ကျေးဇူးတင်ရှိ ဂုဏ်ယူလေးစားပါကြောင်း။

**တစ်ဦးချင်းအား ကျေးဇူးတင်ရှိ**

ထိုသို့ကုသမှုများအပြင် ဆေးသုတေသနဦးစီးဌာနအနေဖြင့်လည်း ကိုဗစ်-၁၉ ကို ဖြစ်ပွားစေသည့် SARS-CoV-2 ဗိုင်းရပ်စ်ပိုး၏ မျိုးဗီဇတစ်ခုလုံးကို အောင်မြင်စွာ ဖော်ထုတ်နိုင်ခဲ့ပါကြောင်း၊ လက်ရှိ၌ ရခိုင်ပြည်နယ်တွင် ဖြစ်ပွားပျံ့နှံ့နေသည့် SARS-CoV-2 ဗိုင်းရပ်စ်ပိုး၏ မျိုးဗီဇကိုလည်း စစ်ဆေးရန် လုပ်ဆောင်လျက်ရှိပါကြောင်း၊ Coronavirus Disease (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အပါအဝင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအားလုံးနှင့်ပူးပေါင်း၍ ရခိုင်ပြည်နယ်တွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနေမှုကို အမြန်ဆုံးထိန်းချုပ်နိုင်ရန်နှင့် အခြားဒေသများသို့ ပြန့်ပွားခြင်းမရှိစေရန် အချိန်နှင့်တစ်ပြေးညီ အထူးအလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကို ကာကွယ်ထိန်းချုပ်ရာတွင် ပုံသေဆောင်ရွက်၍မရဘဲ ပြောင်းလဲလာသော ကမ္ဘာ့နိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် မိမိတို့နိုင်ငံတွင် ရောဂါကူးစက်ပျံ့နှံ့မှု ပုံသဏ္ဌာန်၊ ရောဂါပိုး၏ ပြုမူပုံသဘောသဘာဝ၊ တွေ့ရှိချက်အသစ်များနှင့် မိမိတို့တွင်ရှိသော အရင်းအမြစ်များအားလုံးတို့ကို ချိန်ထိုးစဉ်းစားကာ နည်းဗျူဟာများ ချမှတ်ဆောင်ရွက်ရခြင်း ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသမှုလုပ်ငန်းများတွင် ဝိုင်းဝန်းဆောင်ရွက်နေသူ တစ်ဦးချင်းအား ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

**သွေးရည်ကြည်များကို အလှူခံ**

ထို့နောက် ပြန်လည်သက်သာကောင်းမွန်သွားသော ကိုဗစ်-၁၉ လူနာ၏ သွေးရည်ကြည်ဖြင့် ကိုဗစ်-၁၉ ပိုးတွေ့လူနာများအား စမ်းသပ်ကုသနိုင်ရေးအတွက် Ad hoc အကြံပေးအဖွဲ့၏ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာရဲမြက ကိုဗစ်-၁၉ သက်သာပျောက်ကင်းသွားသူများထံမှ သွေးရည်ကြည်ဖြင့်ကုသမှုပေးရန်အတွက် ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်မှုဖြင့် ဆောင်ရွက်ရာတွင် မိမိတို့အနေဖြင့် နိုင်ငံတကာတွင် ကုသမှုပေးနေပုံများကို အမြဲလေ့လာနေပြီး ကုသမှုဆောင်ရွက်ရာတွင် "ဆေးပညာကျင့်ဝတ်" များနှင့်အညီ ဖြစ်စေရေး အလေးထားဆောင်ရွက်ရပါကြောင်း၊ ကိုဗစ်-၁၉ ကို တိုက်ဖျက်နိုင်သော ပဋိပစ္စည်းများသည် ရောဂါလက္ခဏာပြင်းထန်ခဲ့သည့် လူနာများ၏သွေးရည်ကြည်တွင်သာ ပမာဏလုံလောက်စွာ ပါဝင်နိုင်သဖြင့် အဆိုပါလူနာဟောင်းများထံမှ သွေးရည်ကြည်များကို အလှူခံရယူခဲ့ပါကြောင်း။

ယခုအချိန်အထိ အဆိုပါ သွေးရည်ကြည်ကုထုံးဖြင့် ရောဂါပြင်းထန်ခဲ့ပြီး အသက် အန္တရာယ်ရှိနိုင်သည့် ကိုဗစ်-၁၉ လူနာ ရှစ်ဦးအား အောင်မြင်စွာ ကုသမှုပေးနိုင်ခဲ့ပါကြောင်း၊ အဆိုပါလူနာရှစ်ဦးတွင် အသက်အရွယ်ကြီးသူများ၊ သွေးတိုး၊ ဆီးချိုရောဂါအခံရှိသူများ၊ ကိုယ်အင်္ဂါအစားထိုးထားသူများ၊ ကိုယ်အင်္ဂါလှူဒါန်းထားသူများနှင့် လမစေ့သေးသည့် ကိုယ်ဝန်ဆောင်တို့ ပါဝင်ပါကြောင်း၊ ထိုကိုယ်ဝန်ဆောင်လူနာကို လမစေ့သေးသော်လည်း ရောဂါသက်သာလာချိန်တွင် ခွဲစိတ်မွေးဖွားမှုပြုလုပ်ခဲ့ရပြီး နောက်တစ်လအကြာ ရက်ချိန်း ပြန်လာပြသရာတွင် မိခင်ရော၊ ကလေးပါကျန်းမာကြောင်းကိုလည်း အလှူရှင်များ ဝမ်းမြောက်စေရန် ပြောကြားလိုပါကြောင်း၊ ထိုသို့ လူနာများကို ကုသမှုပေးရာတွင် ဆေးပညာဘာသာရပ်အသီးသီးမှ ပညာရှင်ကြီးများအားလုံး စုစည်းဝိုင်းဝန်းဆောင်ရွက်ခဲ့ကြခြင်း ဖြစ်ပါကြောင်း၊ သွေးရည်ကြည်တွင် ပဋိပစ္စည်းပါဝင်မှုအခြေအနေကို တိုင်းတာနိုင်သည့်စက်နှင့် သွေးရည်ကြည်နှင့် သွေးနီဥသီးခြားခွဲထုတ်ရယူနိုင်သည့်စက်များ လိုအပ်ကြောင်း ပြည်ထောင်စုဝန်ကြီးထံ တင်ပြခဲ့ရာ ဖြည့်ဆည်းပေးခဲ့သဖြင့် ယခုအခါ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ မွန်မြတ်သော စေတနာများဖြင့် သွေးရည်ကြည်များ လှူဒါန်းခဲ့သူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသာထွန်းကျော်၊ ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဦး၊ ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာ ဇော်သန်းထွန်းနှင့် ပါမောက္ခဒေါက်တာရဲမြတို့က သွေးရည်ကြည်များ လှူဒါန်းခဲ့သူများအား ဂုဏ်ပြုလက်မှတ်များ ပေးအပ်သည်။

ဆက်လက်၍ သွေးရည်ကြည် အလှူရှင်များ၏ ကိုယ်စား ဦးပြည့်စုံအောင်နှင့် ဒေါက်တာမြင့်မြင့်စိန်တို့က ပီတိဝမ်းမြောက်စကား ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဆေးသုတေသနဦးစီးဌာနရှိ အဆင့်မြင့်မော်လီကျူးသုတေသနဌာန (Advanced Molecular Research Center) သို့ သွားရောက်ကာ မော်လီကျူးနည်းပညာအသုံးချဌာနခွဲနှင့် ဇီဝနည်းပညာအချက်အလက်နည်းပညာဌာနခွဲတို့မှ ကိုဗစ်-၁၉ ဓာတ်ခွဲစစ်ဆေးမှုများနှင့် SARS-CoV-2 ဗိုင်းရပ်စ်ပိုး၏မျိုးဗီဇ တစ်ခုလုံးကို လေ့လာမှု ပြုလုပ်နေသည်များကို လှည့်လည်ကြည့်ရှုခဲ့ရာ ဆေးသုတေသန ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မကွေးတိုင်းဒေသကြီးသို့ ကိုဗစ်-၁၉ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ၊ စားနပ်ရိက္ခာ၊ တိရစ္ဆာန်အစာများ ပေးအပ်လှူဒါန်း

**နတ်မောက် ဩဂုတ် ၂၃**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ အားကစားခန်းမ၌ ဩဂုတ် ၂၂ ရက်က ရှမ်းပြည်နယ် ပြည်သူလူထုစားနပ်ရိက္ခာထောက်ပံ့ရေး ကော်မတီမှ မကွေးတိုင်းဒေသကြီးသို့ ကိုဗစ်-၁၉ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ နှင့် နတ်မောက်မြို့နယ် အတွင်းရှိ အခြေခံပြည်သူများ အတွက် စားနပ်ရိက္ခာများ၊ အလှူငွေများနှင့် ခိုင်းနွားများအတွက် အစာများ ထောက်ပံ့ပေးအပ်လှူဒါန်းပွဲ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက အမှာစကားပြောကြားပြီး ရှမ်းပြည်နယ် စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီး ဦးစိုးညွန့်လွင်က လှူဒါန်းမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။




ထို့နောက် ရှမ်းပြည်နယ်ပြည်သူလူထုစားနပ်ရိက္ခာ ထောက်ပံ့ရေးကော်မတီက မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ထံသို့ နတ်မောက်မြို့ ဒီပင်္ကရာ ကျောင်းတိုက်အတွက် ငွေကျပ် ၂၆ သိန်းတန်ဖိုးရှိ ဆန်၊ ဆီ၊ လှူဖွယ်ပစ္စည်းများကို လည်းကောင်း၊ နတ်မောက်မြို့ ဗိုလ်ချုပ်နေအိမ်ပြတိုက်အတွက် ငွေကျပ်သိန်း ၁၀၀ ကို လည်းကောင်း၊ ပြည်သူ့ဆေးရုံ၊ အခြေခံပညာ အထက်တန်းကျောင်းနှင့် အခြေခံပြည်သူများ အတွက် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ စီ အပါအဝင် ငွေကျပ်သိန်း ၅၀ ကို လည်းကောင်း၊ နတ်မောက်ကွန်ရက် ပရဟိတလူမှု အကျိုးပြုအသင်းနှင့် ရင်ခွင်မဲ့လျှော့ချရေး လူမှုအကျိုးပြု အသင်းအတွက် ငွေကျပ် ၁၀ သိန်းစီကို လည်းကောင်း၊ ခိုင်းနွားများအတွက် နွားစာမြက်များ၊ ဖွဲနုများ ဝယ်ယူနိုင်ရန်အတွက် ငွေကျပ်သိန်း ၁၂၀ ကို လည်းကောင်း၊ သမြားကျေးရွာ ရန်ပုံငွေအတွက် ငွေကျပ် ၁၀ သိန်းကို လည်းကောင်း၊ ရုံးဆိပ်ကျေးရွာ မီးလင်းရေးအတွက် ငွေကျပ်သိန်း ၅၀ ကို လည်းကောင်း စုစုပေါင်း တန်ဖိုးငွေကျပ် ၅၇၄ သိန်းကျော်ကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်က ရှမ်းပြည်နယ် ပြည်သူလူထုစားနပ်ရိက္ခာ ထောက်ပံ့ရေးကော်မတီအနေဖြင့် တိုင်းဒေသကြီးကို ယခုလို လာရောက်လှူဒါန်းခြင်းမှာ ဒုတိယအကြိမ်ရှိပြီ ဖြစ်ပါကြောင်း၊ ကော်မတီကို အမိကပံ့ပိုးကူညီလှူဒါန်းပေးနေသော ကမ္ဘောဇဘဏ်သည် ၂၀၁၅ ခုနှစ်ကတည်းကပင် လှူဒါန်းမှုများ ပြုလုပ်ခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ် ဧပြီလတွင် မကွေးတိုင်းဒေသကြီး အတွင်းရှိ အခြေခံပြည်သူများ ကိုဗစ်-၁၉ ကြောင့် စားနပ်ရိက္ခာအခက်အခဲမရှိစေရန် ဆန်အိတ်ပေါင်း ၁၀၀၀ ပေးပို့လှူဒါန်းခြင်း၊ ၂၀၁၆ ခုနှစ် ဧပြီလတွင် အယ်နီညိုကြောင့် သေဆုံးဒဏ်ရာရရှိခဲ့သည့် လယ်ယာသုံး ခိုင်းနွားများအတွက် တစ်ကောင်လျှင် ငွေကျပ် ၁၀ သိန်းနှုန်းဖြင့် လှူဒါန်းခြင်း၊ မိုးခေါင်သည့်ဒဏ်ကြောင့် အစာရေစာပြတ်လပ်နေသည့် ခိုင်းနွားများအတွက် အစာများဝယ်ယူနိုင်ရန် လှူဒါန်းခြင်း၊ ယခု လှူဒါန်းခြင်းများအတွက် အထူးပင် ကျေးဇူးတင် ဝမ်းမြောက်ပါကြောင်း ပြောကြားသည်။

ရှမ်းပြည်နယ် ပြည်သူလူထုစားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီသို့ ငွေကျပ်သိန်း ၁၅၀၀၀ လှူဒါန်းထားသည့် ကမ္ဘောဇဘဏ်သည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေး လုပ်ငန်းများအတွက် ရောဂါမဖြစ်ပွားခင် ဖေဖော်ဝါရီ ၂၆ ရက်မှ စတင်ပြီး ယနေ့အချိန်ထိ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ငွေကျပ် ၆၀၃၄၂ သိန်း လှူဒါန်းထားရှိပြီး ဖြစ်ကြောင်း သိရသည်။

**မကွေး(ပြန်/ဆက်)**

# YBS ခရီးသည်များအား နှာခေါင်းစည်းတပ်ဆင်ရေး လှုပ်ရှားမှုပြုလုပ်

**ရန်ကုန် ဩဂုတ် ၂၃**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် YBS စီးနင်းသည့် ခရီးသွားပြည်သူများအား ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ရန် နှိုးဆော်ခြင်း၊ ပါးစပ်နှာခေါင်းစည်းများ လှူဒါန်းခြင်းလှုပ်ရှားမှုကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ဆူးလေဘုရားနှင့် မြို့တော်ခန်းမအနီးရှိ ဘတ်စ်ကားမှတ်တိုင်များတွင် ပြုလုပ်သည်။ **(အောက်ပုံ)**

အဆိုပါလှုပ်ရှားမှုကို ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ (YRTA)မှ ကြီးမှူး၍ YBS ခရီးသည်တင် ယာဉ်လိုင်းများနှင့် ကုမ္ပဏီများက ဝိုင်းဝန်းအသိပညာပေး လှုပ်ရှားခြင်းဖြစ်သည်။

ယနေ့ လှုပ်ရှားမှုတွင် ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ (YRTA) က ယာဉ်လိုင်းများကို ပံ့ပိုးသည့်အနေဖြင့် ပါးစပ်၊ နှာခေါင်းစည်းများ ထုတ်ဝေပေးခဲ့ပြီး ယာဉ်မောင်းများ အားလုံးကို ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်မောင်းနှင်စေခဲ့ကြောင်း၊ ခရီးသွားပြည်သူများ ပါးစပ်နှာခေါင်းစည်းတပ်ဆင်ခြင်းလှုပ်ရှားမှုကို ရန်ကုန်မြို့တော်ခန်းမအနီးရှိ ဘတ်စ်ကားမှတ်တိုင်များတွင်သာမက သဃ်န်းကျွန်း စံပြဈေးမှတ်တိုင်၌ လည်း ပြုလုပ်ခဲ့ကြောင်း သိရသည်။ ထို့အပြင် ဩဂုတ် ၂၅ ရက်တွင် ယာဉ်လိုင်းအားလုံးပါဝင်၍ ယခုထက် ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

YBS ယာဉ်များတွင် ခရီးသည်စီးနင်းမှုအနေဖြင့် ဇွန်လမှစ၍ နေ့စဉ် လူဦးရေ ၁၀ သိန်းကျော် စီးနင်းလျက်ရှိပြီး ယခုအခါ ၁၁ သိန်းကျော် စီးနင်းလျက်ရှိသည့်အတွက် ကိုဗစ်-၁၉ ရောဂါမဖြစ်ပွားမီကာလ၏ ၆၃ ရာခိုင်နှုန်းခန့် ပြန်လည် စီးနင်းလျက်ရှိကြောင်း သိရသည်။ ပြေးဆွဲသည့် မော်တော်ယာဉ်စီးရေနှင့် ခရီးသည်စီးနင်းမှုအနေဖြင့် ဩဂုတ် ၂၁ ရက်တွင် ယာဉ်အစီးရေ ၄၀၇၀ ဖြင့် ခရီးသည်ပေါင်း ၁၂ သိန်းကျော်အထိ သယ်ယူပို့ဆောင်ပေးနိုင်ခဲ့ပြီး ဩဂုတ် ၂၂ ရက်တွင် မော်တော်ယာဉ်စီးရေ ၃၉၀၀ ကျော်ဖြင့် ခရီးသည် ၁၁ သိန်းကျော်ကို သယ်ယူ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း (ကမာရွတ်)**
**ဓာတ်ပုံ - လင်းညွန့်**



# မြေယာလျော်ကြေးငွေများ ပေးအပ်

**လယ်ဝေး ဩဂုတ် ၂၃**

ပေါင်းလောင်းရေလွှဲဆည်၊ ချောင်းမငယ်ရေလှောင်တမံနှင့် ဖောင်းလောင်ရေလှောင်တမံစီမံကိန်းဧရိယာများတွင် ပါဝင်သွားသော မြေဧရိယာများအတွက် နစ်နာကြေး၊ လျော်ကြေးပေးအပ်ခြင်းအခမ်းအနားကို ယမန်နေ့ နံနက်က နေပြည်တော် ဒက္ခိဏခရိုင် လယ်ဝေးမြို့နယ် သီရိမင်္ဂလာခန်းမ၌ ကျင်းပသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက စီမံကိန်းတွင် ပါဝင်သည့် မြေဧရိယာများအတွက် လျော်ကြေး၊ နစ်နာကြေးများအား တောင်သူများကိုယ်စား သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများထံ ပေးအပ်သည်။

အဆိုပါ ရေလွှဲဆည်နှင့်ရေလှောင်တမံစီမံကိန်းဧရိယာများတွင် ပါဝင်သွားသည့် ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်၊ ဇေယျာသီရိမြို့နယ်နှင့် ဥတ္တရသီရိမြို့နယ်တို့မှ ကျေးရွာအုပ်စု ၁၄ အုပ်စု၊ တောင်သူ ၁၂၇၀ တို့၏ စိုက်ပျိုးမြေ ဧရိယာ ၃၅၉၁ ဒသမ ၇၃ ဧကအတွက် လျော်ကြေး၊ နစ်နာကြေး စုစုပေါင်းငွေကျပ် သိန်းပေါင်း ရှစ်ထောင်သုံးဆယ်ကို ပေးအပ်ခဲ့ကြောင်း သိရ သည်။

**မောင်မွှေး**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၃ - ၈ - ၂၀၂၀

| ရွှေ | | | | |
|---|---|---|---|---|
| ရန်ကုန် ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၈၀၀၀ |
| ရန်ကုန် ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၄၀၀၀ |
| ရန်ကုန် ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၁၀၀ |
| မန္တလေး ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၈၀၀၀ |
| မန္တလေး ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၄၀၀၀ |
| မန္တလေး ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၁၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၄၅/၅၉၀ | ကျပ် | ၅၇၅/၅၉၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၅၅/၆၀၀ | ကျပ် | ၅၉၀/၆၀၅ | ကျပ် |
| အောက်တိန်း ၉၂ | ၄၉၅/၅၃၅ | ကျပ် | ၅၅၅/၅၇၀ | ကျပ် |
| အောက်တိန်း ၉၅ | ၆၂၅/၆၅၀ | ကျပ် | ၆၈၀/၇၁၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

| နိုင်ငံတကာ ငွေကြေးများ | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၅၉ . ၈ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၀၆ . ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၉၃ . ၈၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၉၅ . ၃ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၈၈ . ၅ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၇၅ . ၆၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၆ . ၆၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၁၆၃ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၄ . ၄၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၅ . ၄၃ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၃ . ၁၂၀ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၀၀၀ | ၉၉၀၀၀ | ၁၁၀၄ | ၁၀၉၆၁၁၀၀ |
| MTSH | ၃၈၀၀ | ၃၈၀၀ | ၁၁၅၉ | ၄၄၀၄၂၀၀ |
| MCB | ၇၉၀၀ | ၇၉၀၀ | ၈ | ၆၃၂၀၀ |
| FPB | ၂၁၅၀၀ | ၂၂၀၀၀ | ၁၅ | ၃၂၇၅၀၀ |
| TMH | ၂၇၀၀ | ၂၇၅၀ | ၄၄၀ | ၁၁၉၀၀၀၀ |
| EFR | ၃၀၅၀ | ၃၁၀၀ | ၁၁၀ | ၃၄၀၅၀၀ |

ခင်ရတနာ - စုစည်းသည်




### အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**


## မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်းသတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း | - | ဇော်ပိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

# ကျွန်တော်နဲ့ တာဝန်ကျေပွန်တဲ့ ရင်းနှီးမြှုပ်နှံမှု



ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်

**နိုင်ငံတစ်နိုင်ငံရဲ့စီးပွားရေးဖွံ့ဖြိုးမှုအတွက် အလွန်အရေးပါတဲ့အချက်တစ်ခုက ရင်းနှီးမြှုပ်နှံမှုပမာဏဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုကတစ်ဆင့် တိုင်းပြည်ရဲ့ ထုတ်လုပ်မှုကို တွန်းအားပေးရာ ရောက်ပါတယ်။ အမှန်တော့ ရင်းနှီးမြှုပ်နှံမှုဟာ အနာဂတ်အတွက် မြှုပ်နှံမှုတွေသာဖြစ်တယ်။ ဒါကြောင့် နိုင်ငံတိုင်းမှာ ရင်းနှီးမြှုပ်နှံမှုကို အားပေးလျက်ရှိပါတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံတွေတင်သာမက ဖွံ့ဖြိုးပြီးနိုင်ငံတွေအနေနဲ့လည်း ရင်းနှီးမြှုပ်နှံမှုကို ကြိုဆိုကြတယ်။ အားပေးကြတာတွေ့ရပါတယ်။ ရင်းနှီးမြှုပ်နှံမှုကို စဉ်းစားတဲ့နေရာမှာ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုနဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု နှစ်ပိုင်းရှိတာကို သတိပြုရမှာဖြစ်ပါတယ်။**

ရင်းနှီးမြှုပ်နှံမှုနဲ့ပတ်သက်ပြီး အခြေခံစဉ်းစားချက်က ရင်းနှီးမြှုပ်နှံသူရဲ့ သဘောထားဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံသူရဲ့ယုံကြည်မှုသည် ပဓာနကျတဲ့အချက် ဖြစ်တာတွေ့ရတယ်။ ဒါကြောင့် နိုင်ငံတိုင်းမှာ ရင်းနှီးမြှုပ်နှံမှုကို အားပေးတဲ့၊ ကြိုဆိုတဲ့ ပတ်ဝန်းကျင်ကို ဖန်တီးနိုင်အောင် ကြိုးစားလျက်ရှိတာ တွေ့ရပါတယ်။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သက်လာရင် နိုင်ငံတိုင်းက အပြိုင်အဆိုင် ဆွဲဆောင်နေကြတယ်။ ယှဉ်ပြိုင်မှုအရှိန်အဟုန် အလွန်မြင့်မားတာတွေ့ရမှာဖြစ်တယ်။ မက်လုံးတွေ အမျိုးမျိုးပေးပြီး ဆွဲဆောင်နေကြတာ တွေ့ရတယ်။ သူ့ထက်ကိုယ်သာအောင် ကြိုးစားနေကြတယ်။ ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်နဲ့ ပတ်သက်လာရင် လမ်းပန်းဆက်သွယ်ရေး၊ ရေ၊ မီး၊ အခြေခံအဆောက်အအုံ ပြီးပြည့်စုံမှု၊ ကျွမ်းကျင်လိမ္မာတဲ့ ဝန်ထမ်းရရှိရေး၊ ဥပဒေအာမခံပေးနိုင်ရေး၊ လုံလောက်တဲ့ အခွန်အခကင်းလွတ်မှု ရရှိရေး စတဲ့အချက်တွေဟာ အလွန်အရေးကြီးလှပါတယ်။ ဒီပတ်ဝန်းကျင်တစ်ရပ် ပေါ်လာနိုင်ဖို့ နိုင်ငံတော်အစိုးရက တစ်ဖက်က ဦးဆောင်ဖို့ လိုအပ်သလို တစ်ဖက်ကလည်း ရင်းနှီးမြှုပ်နှံသူတွေရဲ့ တာဝန်ယူမှု၊ တာဝန်ခံမှုဟာ အရေးကြီးမှာဖြစ်တယ်။

### ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အခန်းကဏ္ဍ

ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်ဖန်တီးတဲ့နေရာမှာ အလွန်အရေးပါတဲ့သော့ချက်က ရင်းနှီးမြှုပ်နှံမှုကော်မရှင်တွေဖြစ်ပါတယ်။ နိုင်ငံအသီးသီးမှာ အစိုးရတွေအနေနဲ့ ရင်းနှီးမြှုပ်နှံမှုကို ကြိုဆိုစိစစ်တဲ့ ယန္တရားတစ်ရပ်အနေနဲ့ ကော်မရှင်တွေကို တည်ထောင်ဖွဲ့စည်းကြပါတယ်။ အခေါ်အဝေါ် မတူညီပေမယ့် အနှစ်သာရက တူညီတာတွေ့ရှိရပါတယ်။

အာဆီယံနိုင်ငံတိုင်းမှာ ကော်မရှင်တွေကို တည်ထောင်ပြီး လှုပ်ရှားနေတာ တွေ့ရတယ်။ မြန်မာနိုင်ငံမှာ(နဝတ)အစိုးရလက်ထက်ကစပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ကို ဖွဲ့စည်းခဲ့ပါတယ်။ အစိုးရအဆက်ဆက်မှာ ကော်မရှင်ဟာ လှုပ်ရှားခဲ့ပါတယ်။

လက်ရှိအစိုးရလက်ထက်မှာ ကော်မရှင်ဖွဲ့စည်းမှုကို ပုံစံအသစ်တစ်ခုအနေနဲ့ ဆောင်ရွက်ခဲ့တယ်။ ပုံမှန်အားဖြင့် ကော်မရှင်ဥက္ကဋ္ဌလုပ်သူဟာ တစ်ဖက်မှာ ဝန်ကြီးအဖွဲ့ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သလို တစ်ဖက်မှာလည်းဥက္ကဋ္ဌတာဝန်ကို ပူးတွဲယူခဲ့တယ်။ ယခုအချိန်မှာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအသစ်တစ်ခုကို ဖွဲ့စည်းခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက ကော်မရှင်ဥက္ကဋ္ဌအဖြစ် တာဝန်ယူလျက်ရှိတာ တွေ့ရပါတယ်။ အင်ဒိုနီးရှားနိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ ဖြစ်သူဟာ တခြားတာဝန်တွေမရှိဘဲ ကော်မရှင်တာဝန်ကို ဝန်ကြီးအဆင့်ဖြင့် တာဝန်ယူလျက်ရှိတာ တွေ့ရပါတယ်။ ထိုင်းနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌကို ဝန်ကြီးချုပ်ကိုယ်တိုင်တာဝန်ယူထားတာ တွေ့ရှိရပါတယ်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှာ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး ဒုတိယဥက္ကဋ္ဌတာဝန်ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က တာဝန်ယူလျက်ရှိပါတယ်။ အဖွဲ့ဝင်တွေအနေနဲ့ ရှေ့နေချုပ် ဦးထွန်းထွန်းဦး ပါဝင်ပြီး ကျန်အဖွဲ့ဝင်များက အစိုးရဌာနဆိုင်ရာ အကြီးအကဲတွေ၊ အသိပညာရှင် အတတ်ပညာရှင်တွေ အပါအဝင် စုစုပေါင်း ၁၃ ဦးနဲ့ လှုပ်ရှားလျက်ရှိပါတယ်။ အတွင်းရေးမှူးတာဝန်ကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနရဲ့ ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ ဦးသန့်ဇင်လွင်က တာဝန်ယူလျက်ရှိပါတယ်။

ရင်းနှီးမြှုပ်နှံမှုကော်မရှင် အစည်းအဝေးတွေကို ရန်ကုန်မြို့မှာ နှစ်ပတ်တစ်ကြိမ် ပုံမှန်ကျင်းပပါတယ်။ ကိုဗစ်-၁၉ ကာလမှာ Zoom meeting ကို အသုံးပြုပြီး ဆောင်ရွက်ခဲ့ပါတယ်။ ယခုအချိန်မှာ ပုံမှန်အတိုင်း အစည်းအဝေးတွေ ကျင်းပလျက်ရှိပါတယ်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရဲ့ အဓိကတာဝန်နှစ်ရပ် ရှိပါတယ်။ ရင်းနှီးမြှုပ်နှံသူတွေ တင်သွင်းသော အဆိုပြုလွှာတွေကို စိစစ်မှုသည် ပထမတာဝန်ဖြစ်ပါတယ်။ အခုလို စိစစ်မှုမပြုမီ အဆိုပြုလွှာများကို အလွယ်တကူ တင်သွင်းနိုင်ဖို့ အွန်လိုင်းစနစ်နဲ့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနဲ့ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုကို ချောမွေ့စွာ

> **“ရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သက်လာရင် “မ” သုံးလုံးကို ဦးထိပ်ထားဖို့ လိုအပ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုတွေ “များ” ဖို့ လိုတယ်။ “မြန်” ဖို့လိုတယ်။ “မှန်” ဖို့ လိုပါတယ်။ “မှန်”ခြင်း ဆိုတာဟာ တာဝန်ကျေပွန်တဲ့ ရင်းနှီးမြှုပ်နှံမှုသာ ဖြစ်ပါတယ်”**

အဆင်ပြေမှုရှိဖို့ ခေတ်မီနည်းစနစ်တွေ အသုံးပြုပြီး ဆောင်ရွက်နေတာဖြစ်ပါတယ်။ ခွင့်ပြုသင့်မသင့် စဉ်းစားဆုံးဖြတ်တဲ့နေရာမှာ အခြေခံစဉ်းစားချက်က တာဝန်ကျေပွန်တဲ့ရင်းနှီးမြှုပ်နှံမှုဖြစ်ရမယ်ဆိုတဲ့ပေတံကို အသုံးပြုလျက်ရှိပါတယ်။ တစ်နည်းပြောရရင် ရင်းနှီးမြှုပ်နှံမှုပမာဏသာမက ရင်းနှီးမြှုပ်နှံမှုရဲ့ အရည်အသွေးကိုလည်း ဆန်းစစ်တွက်ချက်လျက် ရှိပါတယ်။

### တာဝန်ကျေပွန်တဲ့ ရင်းနှီးမြှုပ်နှံမှု

တာဝန်ကျေပွန်တဲ့ ရင်းနှီးမြှုပ်နှံမှုကို သုံးသပ်ရာမှာ ပုံစံအမျိုးမျိုးနဲ့ စိစစ်နိုင်တာ တွေ့ရပါတယ်။ အသုံးများတဲ့ ပုံစံတစ်ခုက ESG ပေတံဖြစ်တယ်။ Environment(E) ပတ်ဝန်းကျင်၊ Social(S) လူမှုရေး၊ Governance(G) စီမံအုပ်ချုပ်မှုဆိုတဲ့ အချက်သုံးချက်အပေါ်အခြေခံပြီး သုံးသပ်တာဖြစ်တယ်။ ပထမအချက်ဖြစ်တဲ့ ပတ်ဝန်းကျင်ဟာ အလွန်အရေးကြီးလှပါတယ်။ အထူးသဖြင့် မြန်မာနိုင်ငံအနေအထားနဲ့ ဆင်ခြင်သုံးသပ်တဲ့နေရာမှာ ပိုပြီးသတိပြုရမှာဖြစ်တယ်။ ပတ်ဝန်းကျင် ထိန်းသိမ်းမှုကိုအလေးမထားတဲ့ ရင်းနှီးမြှုပ်နှံမှုတွေ၊ စီးပွားရေးလုပ်ငန်းတွေကို နိုင်ငံအနှံ့မှာ တွေ့ရှိရပါတယ်။

စီးပွားရေးအကျိုးအမြတ်တစ်ခုတည်း သုံးသပ်ပြီး သဘာဝပတ်ဝန်းကျင်ကို ထိခိုက်တဲ့လုပ်ငန်းတွေ ဆောင်ရွက်ခဲ့တယ်။ ဆောင်ရွက်နေတာ တွေ့ရပါတယ်။ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်ရမယ့် တာဝန်လုပ်ငန်းအားလုံးက ဦးထိပ်ထားရမှာဖြစ်တယ်။ တစ်လောက ကချင်ပြည်နယ် ဖားကန့်ဒေသမှာ ဖြစ်ပေါ်လာခဲ့တဲ့ အနေအထားတွေဟာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု အားနည်းမှုကြောင့်ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ တန်ဖိုးမဖြတ်နိုင်တဲ့ အလွန်လှပတဲ့ သဘာဝပတ်ဝန်းကျင်တွေ ရှိပါတယ်။ ဥပမာအားဖြင့် မြိတ်ကျွန်းစုဟာ တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ နှိုင်းယှဉ်ပါက အလွန်ထူးခြားတဲ့ သဘာဝပတ်ဝန်းကျင်တစ်ရပ် ဖြစ်ပါတယ်။ ဒီဒေသမှာ ဟိုတယ်ခရီးသွားလုပ်ငန်းတွေနဲ့ပတ်သက်ပြီး ရင်းနှီးမြှုပ်နှံလိုတဲ့သူတွေရှိတာ တွေ့ရတယ်။ ဒါပေမယ့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေနဲ့ အဆိုပြုလွှာတွေကို သတိထားပြီး စိစစ်ခဲ့ပါတယ်။ ဒုတိယအချက်ဖြစ်တဲ့ (Social) လူမှုရေးအကျိုးဆက်တွေဟာ အရေးကြီးလှပါတယ်။ ရင်းနှီးမြှုပ်နှံမှုဟာ လူမှုရေးနဲ့ပတ်သက်တဲ့ ဆိုးကျိုးတွေမဖြစ်အောင် ဂရုစိုက်ပြီး စိစစ်ခဲ့ပါတယ်။

နောက်ဆုံးအချက်ကတော့ စီမံအုပ်ချုပ်မှု Governance (G) ဖြစ်တယ်။ ရင်းနှီးမြှုပ်နှံမှုအဆိုပြုလွှာတင်သွင်းတဲ့ ကုမ္ပဏီလုပ်ငန်းတွေရဲ့ စီမံအုပ်ချုပ်မှုဟာ အလွန်အရေးကြီးလှပါတယ်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရဲ့ အတွင်းရေးမှူးအဖွဲ့ဟာ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနဖြစ်ပါတယ်။ ဦးစီးဌာနဟာ မြန်မာနိုင်ငံမှာ ကုမ္ပဏီတွေဖွဲ့စည်းပြီး စီးပွားရေးလုပ်ငန်းတွေ လုပ်လိုတဲ့ ကုမ္ပဏီတွေကို မှတ်ပုံတင်ပေးတဲ့ဦးစီးဌာန ဖြစ်ပါတယ်။ ကုမ္ပဏီတစ်ခုရဲ့ စီမံအုပ်ချုပ်မှုဟာ အလွန်အရေးကြီးတဲ့ အခြေခံတစ်ခုဖြစ်ပါတယ်။ အခုချိန်မှာ အများပိုင်ကုမ္ပဏီ ဖွဲ့စည်းမှုဟာ ခေတ်စားနေတာတွေ့ရပါတယ်။ ဒါကြောင့် နေရာတိုင်းမှာ အများပိုင်ဆိုတဲ့ အသုံးအနှုန်းကို သုံးစွဲနေတာတွေ့ရပါတယ်။ အမှန်တော့ အများပိုင်ကုမ္ပဏီတစ်ခုမှာ ရှိသင့်ရှိအပ်တဲ့အရည်အချင်းတွေ၊ လုပ်ထုံးလုပ်နည်း တွေရှိပါတယ်။ အခုလိုကုမ္ပဏီတွေကို စနစ်တကျဖွဲ့စည်းမှုရှိခြင်းဟာ အခြေခံတစ်ခုဖြစ်ဖို့ လိုအပ်ပါတယ်။

### စီးပွားရေးလုပ်ငန်းများနှင့် လူမှုရေးတာဝန်ရှိခြင်း

အများပိုင်ကုမ္ပဏီနဲ့ပတ်သက်တဲ့ စီမံအုပ်ချုပ်မှုမှာ အုပ်ချုပ်ရေးအဖွဲ့ဖြစ်တဲ့ Board of Directors ဟာ အလွန်အချက်အချာကျပါတယ်။ စနစ်တကျဖွဲ့စည်းဖို့ လိုအပ်ပါတယ်။ ဒါရိုက်တာအဖွဲ့ဝင်တွေရဲ့ အတွေ့အကြုံ အရည်အချင်းဟာ အရေးကြီးလှပါတယ်။ အထူးသဖြင့် ဒါရိုက်တာအဖွဲ့ဝင်တွေကို စနစ်တကျသင်တန်းပေးဖို့ လိုအပ်တာဖြစ်ပါတယ်။ တာဝန်ကျေပွန်တဲ့ ရင်းနှီးမြှုပ်နှံမှုကို လက်တွေ့ဖော်ဆောင်နိုင်ရန်အတွက် Corporate Social Responsibility (CSR) ဆောင်ရွက်မှုဟာ အလွန်အရေးပါလာပါတယ်။ စီးပွားရေးလုပ်ငန်းများအနေနဲ့ လူမှုရေးတာဝန်ရှိခြင်းကို ဖော်ဆောင်ခြင်းဖြစ်တယ်။ တစ်ချိန်က စီးပွားရေးလုပ်ငန်းတွေအနေနဲ့ အမြတ်ရရှိရေး တာဝန်တစ်ခုသာရှိကြောင်း သတ်မှတ်ခဲ့တယ်။ စီးပွားရေးလုပ်ငန်းကို ထိရောက်စွာ ဆောင်ရွက်နိုင်မှုပေတံဟာ အမြတ်ရရှိရေးကို အာရုံပြုဖို့ အာရုံထားခဲ့ပါတယ်။ အခုခေတ်မှာတော့ စီးပွားရေးလုပ်ငန်းတွေမှာ PPP တာဝန်သုံးရပ်ရှိကြောင်း လက်ခံအသိအမှတ်ပြုခဲ့ပါတယ်။ ပထမ P က (Profit) အမြတ်ဖြစ်ပြီး ဒုတိယ P က (People) လူတွေ ဖြစ်ပါတယ်။ လူလို့ပြောတဲ့နေရာမှာ ဝန်ထမ်းတွေသာမက ဖောက်သည်တွေ၊ ပိုင်ရှင်တွေ၊ လုပ်ငန်းရှင်တွေ ပါဝင်ပါတယ်။ တတိယ P ကတော့ (Planet) ကမ္ဘာမြေကြီး သဘာဝပတ်ဝန်းကျင် ဖြစ်ပါတယ်။ ဒါကြောင့် ကုမ္ပဏီဟာ အမြတ်ကိုကြည့်ဖို့ လိုအပ်တယ်။ လူတွေကိုလည်း ဂရုစိုက်ရမှာဖြစ်ပြီး သဘာဝပတ်ဝန်းကျင်ကိုလည်း ထိန်းသိမ်းကာကွယ်ရမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေနဲ့ ရင်းနှီးမြှုပ်နှံလိုတဲ့ အဆိုပြုလွှာတွေ တင်သွင်းတဲ့နေရာမှာ CSR နဲ့ ပတ်သက်ပြီး အနည်းဆုံးနှစ်စဉ် အမြတ်ငွေရဲ့ ၂%-၅% ကိုအသုံးပြုဖို့ အကြံပြုခဲ့ပါတယ်။ CSR ဆောင်ရွက်မှုနဲ့ ပတ်သက်ပြီး အလှူအတန်းဆောင်ရွက်မှုတွေသာမက မိမိလုပ်ငန်းနဲ့ ဆက်စပ်နေတာနဲ့ ပတ်သက်ပြီး (CSR )လုပ်ငန်းစဉ်တွေကို ဖော်ထုတ်ဖို့အကြံပြုပါတယ်။ တစ်ဆက်တည်းမှာ အဆိုပြုလွှာတင်သွင်းတဲ့ ကုမ္ပဏီတွေအနေနဲ့ ကုလသမဂ္ဂအဖွဲ့အစည်းအနေနဲ့ ဖော်ထုတ်ခဲ့တဲ့ (UN Global Compact) အဖွဲ့ဝင်အဖြစ် ပါဝင်ဖို့တိုက်တွန်းခဲ့ပါတယ်။ အဖွဲ့ဝင်ကုမ္ပဏီများအနေနဲ့ တာဝန် လေးရပ်ကို တာဝန်ယူဖို့ ကတိပြုရမှာ ဖြစ်တယ်။ ပထမအချက်က လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ဖို့ တာဝန်ခံရမှာဖြစ်တယ်။ ဒုတိယအချက်ကတော့ ဝန်ထမ်းတွေအပေါ် ပြုစုစောင့်ရှောက်ဖို့ ဖြစ်ပြီး တတိယအချက်က သဘာဝပတ်ဝန်းကျင်ကို ကာကွယ်စောင့်ရှောက်ထိန်းသိမ်းမှု ဖြစ်ပါတယ်။

နောက်ဆုံးအချက်ကတော့ အဂတိလိုက်စားမှုကို လုံးဝဆန့်ကျင်ဖို့ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်ရဲ့အကြံပြုချက်ကို အဆိုပြုလွှာတင်သွင်းတဲ့ ကုမ္ပဏီတွေအနေနဲ့ ကြည်ကြည်ဖြူဖြူလက်ခံတာတွေ့ရပါတယ်။ အဖွဲ့ဝင်ကုမ္ပဏီတွေအနေနဲ့ ကုလသမဂ္ဂအဖွဲ့အစည်း အသိအမှတ်ပြုကုမ္ပဏီဖြစ်လာပြီး မိမိရဲ့ ပုံမှန်လုပ်ငန်းတွေအတွက် အကျိုးသက်ရောက်မှုတွေ ရှိခဲ့ပါတယ်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်အနေနဲ့ ရင်းနှီးမြှုပ်နှံမှုကို တစ်ဖက်မှကြိုဆိုခဲ့သလို တစ်ဖက်မှာမြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံရန် ကြိုဆိုတဲ့ဖိတ်ခေါ်တဲ့ ဆောင်ရွက်ချက်တွေ လုပ်ခဲ့ပါတယ်။ ဥက္ကဋ္ဌဦးစီးတဲ့အဖွဲ့တွေဟာ ပြည်ပခရီးစဉ်တွေကတစ်ဆင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို ဖိတ်ခေါ်ခဲ့ပါတယ်။

ကိုဗစ်-၁၉ ကာလအတွင်း ထင်မှတ်ခဲ့သလို ရင်းနှီးမြှုပ်နှံမှုတွေ ရပ်ဆိုင်းသွားခဲ့ခြင်း မရှိတာကို ဝမ်းသာစရာတွေ့ရပါတယ်။ မကြာမီကာလက ထင်ရှားလှတဲ့ နိုင်ငံခြားကုမ္ပဏီကြီးတွေဟာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်ထံ အဆိုပြုလွှာတွေ တင်သွင်းလာခဲ့ပါတယ်။ သာမန်ကုမ္ပဏီတွေမဟုတ်ဘဲ အလွန်ကြီးမားလှတဲ့ လုပ်ငန်းတွေဖြစ်တာ တွေ့ရပါတယ်။ ကော်မရှင်က သတ်မှတ်ထားတဲ့ ရင်းနှီးမြှုပ်နှံမှု ရည်မှန်းချက်တွေကို ပြည့်မီနိုင်မှာ ဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သက်လာရင် “မ” သုံးလုံးကို ဦးထိပ်ထားဖို့ လိုအပ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုတွေ “များ” ဖို့ လိုတယ်။ “မြန်” ဖို့လိုတယ်။ “မှန်” ဖို့လိုပါတယ်။ “မှန်” ခြင်းဆိုတာဟာ တာဝန်ကျေပွန်တဲ့ ရင်းနှီးမြှုပ်နှံမှုသာ ဖြစ်ပါတယ်။ ။

---

## ကချင်ပြည်နယ် လီဆူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး တနိုင်းမြို့နယ်ရှိ ဘာသာရေးကျောင်းများသို့ ဆန်နှင့်အလှူငွေများ ထောက်ပံ့လှူဒါန်း

**တနိုင်း ဩဂုတ် ၂၃**

ကချင်ပြည်နယ် တနိုင်းမြို့နယ်တွင် ပြည်နယ် လီဆူတိုင်းရင်းသားရေးရာဝန်ကြီး ဦးအားတီယောဟန်က မြို့နယ်အတွင်းရှိ ဘာသာရေးကျောင်းများသို့ ဆန်နှင့် အလှူငွေများကို ဩဂုတ် ၂၁ ရက်က ထောက်ပံ့လှူဒါန်းသည်။

ယင်းသို့လှူဒါန်းရာတွင် တနိုင်းမြို့နယ် မုန်ဒိန်ရပ်ကွက် AG ဘုရားကျောင်းအတွက် ဆန်အိတ် ၃၅ အိတ်နှင့် ငွေကျပ် နှစ်သိန်း၊ ဆွတ်ငိုရပ်ကွက် COC ဘုရားကျောင်းအတွက် ဆန်အိတ် ၄၀ နှင့် ငွေကျပ် နှစ်သိန်းကို ပြည်နယ်လီဆူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ထောက်ပံ့လှူဒါန်းကာ အသင်းတော်အသီးသီးမှ ဘာသာရေးဆရာများ၊ ပြည်သူများနှင့် တွေ့ဆုံကြပြီး ပြည်သူတို့၏ လိုအပ်ချက်၊ တင်ပြချက်များကို လျင်မြန်စွာ ဆောင်ရွက်ပေးနိုင်ရန်အတွက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့များက ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်ကြကြောင်း သိရသည်။

စိုင်းထင်ကျော်(ပြန်/ဆက်)

# ကချင်ပြည်နယ်ဝန်ကြီးချုပ် စီတာပူရပ်ကွက်အတွင်း ရေဝပ်ရေအိုင်ဖြစ်ပေါ်နေသည့်နေရာများနှင့် ရပ်ကွက်အတွင်းလမ်းများ အဆင့်မြှင့်တင်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**မြစ်ကြီးနား ဩဂုတ် ၂၃**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ စီတာပူရပ်ကွက်အတွင်း မိုးရွာသွန်းမှုကြောင့် ရေဝပ်ရေအိုင်မှု ဖြစ်ပေါ်နေသည့်နေရာများတွင် ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးနှင့် မြို့ပေါ် ရပ်ကွက်လမ်းများ အဆင့်မြှင့်တင်ဆောင်ရွက်နေမှုကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်သည် ယမန်နေ့က ကြည့်ရှုစစ်ဆေးသည်။(ယာပုံ)

ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ စီတာပူရပ်ကွက်၊ ကျို့ရွှမ်းနယ်မြေနှင့် တက္ကသိုလ်လမ်းဘေးရှိ ရပ်ကွက်အတွင်း လမ်းများနှင့် လူနေအိမ်များအတွင်း ရေဝပ်ရေအိုင်မှုဖြစ်ပေါ်လျက်ရှိသော လမ်းဘေးဝဲ/ ယာရေနုတ်မြောင်းများအတွင်း ရေစီးဆင်းမှုတို့ကို ကြည့်ရှုစစ်ဆေးကာ ပြည်နယ်ဝန်ကြီးချုပ်က မြောင်းရှင်းလင်းရေး၊ အမှိုက်များစွန့်ပစ်မှုမရှိစေရေး၊ ရေစီးရေလာကောင်းမွန်ရေး၊ ပင်မမြောင်းများနှင့် ဆက်သွယ်စီးဆင်းနိုင်ရေးအတွက် ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး အဆိုပါ ရပ်ကွက်အတွင်း ဆိမ်ဆာ့လမ်းနှင့် တက္ကသိုလ်လမ်းထောင့်ရှိမြေနေရာနှင့် စီတာပူဈေးမြေနေရာများတွင် ရပ်ကွက်ပိုင် မြေယာကိစ္စများနှင့်ပတ်သက်၍ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် ရှမ်းစုတောင်ရပ်ကွက်အတွင်း စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် စက်မှုကျောင်းလမ်းအရှည်ပေ ၈၈၀ လမ်းကို အကျယ် ၃၂ ပေ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နေမှုနှင့် ရှမ်းစုတောင်နှင့်ရှမ်းစုမြောက်ရပ်ကွက်အတွင်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေဖြင့် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်နေသော ရပ်ကွက်အတွင်းလမ်းများနှင့် ရေကျော်ကွန်ကရစ်တံတားများ ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လမ်းများ အဆင့်မြှင့်တင်ဆောင်ရွက်ရာတွင် ဘေးဝဲ/ယာရေနုတ်မြောင်းများ ပါဝင်ဆောင်ရွက်ရေးမှာကြားသည်။

**ပြည်နယ်(ပြန်/ဆက်)**



## မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းပိုင်းရှိ ကျိုးကျသွားသည့် ဖုန်အင်ချောင်းကူးတံတား ပြန်လည်ပြင်ဆင်

**မြစ်ကြီးနား ဩဂုတ် ၂၃**

မြစ်ကြီးနား-ဆွမ်ဘရာဘွမ်-ပူတာအိုကားလမ်း မိုင်တိုင်အမှတ် ၁၃၈/၆ နှင့် ၁၃၈/၇ ကြား တံတားအမှတ် (၁၀/၁၃၉)၊ ၂၅၅ ပေရှိ ဖုန်အင်တံတားသည် ၂၁-၈-၂၀၂၀ ရက် နံနက် ၄ နာရီခန့်က မြစ်ကြီးနားဘက်မှ ပူတာအိုဘက်သို့ ဘိလပ်မြေအိတ် ၂၀၀၊ ဆိုင်ကယ်အစီး ၃၀ တင်၍ ယာဉ်မောင်း ဦးမင်းမင်း မောင်းနှင်လာသည့် ၁၀ ဘီးယာဉ် တံတားပေါ်ဖြတ်မောင်းစဉ် တံတားကျိုးကျကာ ကားပြုတ်ကျမှု ဖြစ်ပွားခဲ့သည်။



တံတားကျိုးပြီး ယာဉ်ပြုတ်ကျမှုကြောင့် ယာဉ်ပေါ်၌ ပါသွားသော ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်နှစ်ဦးတို့ ထိခိုက်ဒဏ်ရာများ ရရှိသွားသဖြင့် ဆေးရုံတင်ထားရကြောင်း သိရသည်။

တံတားကျိုးကျမှုအား သိလျှင်သိချင်း တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁)နှင့် မြစ်ကြီးနားလမ်းဦးစီးဌာနတို့ ပူးပေါင်းပြီး ပြန်လည် ပြုပြင်နိုင်ရေးအတွက် ဘေလီသံပေါင်များ စတင်တပ်ဆင်နေပြီဖြစ်သည်။

တံတားပြုပြင်ရေး လုပ်ငန်းကို ၃ ရက်မှ ၅ ရက်အတွင်း အပြီးတည်ဆောက်မည် ဖြစ်ကြောင်း မြစ်ကြီးနားလမ်းဦးစီးဌာနမှ သိရသည်။

**ခရမ်းစိုးမြင့်**

## မန္တလေးတောင်တော်ပေါ်သို့ တက်ရောက်ခွင့် ရက်အကန့်အသတ်မရှိ ပိတ်ပင်ထား

**မန္တလေး ဩဂုတ် ၂၃**

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် မန္တလေးတောင်တော်ပေါ်သို့ တက်ရောက်ခွင့်ကို ဩဂုတ် ၂၂ ရက်က စတင်၍ ရက်အကန့်အသတ်မရှိ ပိတ်ပင်ထားကြောင်း သိရသည်။

မန္တလေးတောင်တော်ပေါ်သို့ တက်ရောက်ခြင်းကို လုံးဝ(လုံးဝ) ခွင့်မပြုကြောင်း မန္တလေးတောင်တော်စောင့်ရှောက်ရေး ဆရာတော်များနှင့် မန္တလေးတောင်တော် ဂေါပကအဖွဲ့တို့က တောင်တော်တက်လမ်းထိပ်တွင် အသိပေးကြေညာထားကြောင်း သိရသည်။

ထို့ပြင် မန္တလေးတောင်တော်ပေါ်သို့ စက်ဘီးဖြင့်သော်လည်းကောင်း၊ ခြေကျင်လမ်းလျှောက်၍သော်လည်းကောင်း တက်ရောက်၍ အားကစားလုပ်ခြင်းများကိုလည်း ရက်အကန့်အသတ်မရှိ ပိတ်ထားကြောင်းကို အသိပေးမေတ္တာရပ်ခံချက် ထုတ်ပြန်ကြေညာထားသည်။

အလားတူ မန္တလေးကျုံးဘေး ပလက်ဖောင်းများတွင် အများပြည်သူအပန်းဖြေအနားယူခြင်းများနှင့် ကျုံးဘေးတွင် တပ်ဆင်ထားသော အားကစားပစ္စည်းများကို အသုံးပြု၍ ကျန်းမာရေးအတွက် ကိုယ်ကာယလေ့ကျင့်ခန်းများပြုလုပ်ခြင်းကိုလည်း ဩဂုတ် ၂၂ ရက် ညနေပိုင်းက စတင်၍ ပိတ်ပင်တားမြစ်ထားကြောင်း သိရသည်။

**ဇော်လင်းဦး(အောင်စံ)**

## မန္တလေး-မြစ်ကြီးနား ရထားလမ်းပိုင်း ဆားမှော်-မြစ်ကြီးနားကြား ရထားလမ်း တံတားရေတိုက်စားသဖြင့် တံတားအုတ်ခုံနိမ့်ကျမှုဖြစ်

**မြစ်ကြီးနား ဩဂုတ် ၂၃**

မန္တလေး-မြစ်ကြီးနား ရထားလမ်းပိုင်းတွင် ဩဂုတ် ၂၁ ရက်က မိုးများပြီး ရေတိုက်စားမှုဒဏ်ကြောင့် ဆားမှော်ဘူတာမှ မြစ်ကြီးနားဘူတာဘက်အထွက် တံတားအမှတ် BR655 တောင်ပံရေစားပြီး ပြိုကျသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလျှံပြီးတံတားများရေတိုက်စားခံနေရကြောင်းနှင့်ပတ်သက်၍ တိုင်း (၁) လက်ထောက်မန်နေဂျာ ဦးကြည်စန်းက "တံတားရေတိုက်စားသွားတယ်ဆိုတာကို ဩဂုတ် ၂၂ ရက်က သိရပါတယ်။ ဖြစ်ဖြစ်ချင်းပဲ တိုင်း(၁)မြန်မာ့ရထားက တာဝန်ရှိသူတွေနဲ့ လမ်းဗိုလ်တွေ သွားရောက်စစ်ဆေးခဲ့ပါတယ်။ တံတားအုတ်ခုံကြီးက နိမ့်သွားတဲ့အတွက် သံလမ်းတွေကို ဖယ်ပြီးအစားထိုးထည့်ရမယ်။ ကရိန်းကိုတော့ အကူအညီတောင်းထားပါတယ်။ လူအားနဲ့ မလုံလောက်ဘူး။ နယ်မြေခံတပ်က တပ်မတော်သားတွေနဲ့အတူ ဆားမှော်က မီးသတ်တပ်ဖွဲ့ဝင်တွေလည်း ကူညီပေးနေကြပါတယ်။ အမြန်ဆုံး ပြီးစီးအောင်ဆောင်ရွက်နေတာပါ"ဟု ပြောသည်။

တံတားရေတိုက်စား ပျက်စီးမှုကြောင့် မြစ်ကြီးနားမှထွက်လာသည့် အမှတ် ၅၆ အစုန်အထူး အမြန်ရထားမှာ မိုးကောင်းဘူတာတွင်လည်းကောင်း၊ အမှတ် ၄၂ အစုန်ရထားမှာ နမ္မတီးဘူတာတွင် လည်းကောင်း၊ အမှတ် ၄၁ အဆန်ရထားမှာ ဟိုပင်ဘူတာတွင်လည်းကောင်း ရပ်နားထားရကြောင်း တိုင်း(၁)လက်ထောက်မန်နေဂျာထံမှ သိရသည်။

**လှအောင်(ကသာ)**



## အင်းတော်မြို့နယ်၌ Cash For Work စီမံကိန်းဖြင့် ဆောင်ရွက်လျက်ရှိသည့် ကျေးရွာလုပ်ငန်းများအား ကွင်းဆင်းစစ်ဆေး

**အင်းတော် ဩဂုတ် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်အတွင်း ဆောင်ရွက်နေသည့် အလုပ်ပေးငွေပေး (Cash For Work) စီမံကိန်းဝင် ကျေးရွာများတွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေမှုများကို ဩဂုတ် ၂၀ ရက်က တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးအောင်၊ ကသာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဦးစီးမှူး ဦးအောင်မြင့်သန်း၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မင်းနိုင်နှင့် ဝန်ထမ်းများ ကွင်းဆင်းစစ်ဆေးကြည့်ရှုသည်။

အင်းတော်မြို့နယ်အနေဖြင့် Cash For Work စီမံကိန်းဝင်ကျေးရွာခြောက်ရွာရှိသည့်အနက် နန်းကင်ကျေးရွာတွင် ရွာတွင်းလမ်း သဲကျောက်ခင်းခြင်း (၃၆၂၀ ပေ- ၁၂ ပေ- ၆ လက်မ) လုပ်ငန်း၊ မအူကုန်းကျေးရွာတွင် ရွာတွင်းလမ်း သဲကျောက်ခင်းခြင်း (၃၆၂၀ ပေ-၁၂ ပေ- ၆ လက်မ) လုပ်ငန်း၊ နဘားကျေးရွာတွင် နေနုတ်မြောင်းပြုပြင်ခြင်း (ပေ ၁၃၀၀) နှင့် သောက်ရေကန် ခြံစည်းရိုးကာခြင်း လုပ်ငန်း၊ ပါအော့ကျေးရွာတွင် မူလတန်းကျောင်းဝင်းမြေဖို့ မြေညှိခြင်း ပေ (၅၀၀- ၂၅၀) လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ရေကြည်မြို့နယ်တွင် တံတားတစ်စင်း ရေတိုက်စားပြီး တံတားအုတ်တိုင်များ ပျက်စီး

**ရေကြည် ဩဂုတ် ၂၃**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ပန်းချောင်းကျေးရွာရှိ ရိုးကူးတံတားသည် ဩဂုတ် ၂၁ ရက်က မိုးသည်းထန်စွာ ရွာသွန်းကာ ရေတိုက်စားပြီး တံတားအုတ်တိုင်များပြိုကျပျက်စီးသည်။

အဆိုပါ တံတားမှာ အလျားပေ ၂၀၊ အနံ ၁၀ ပေရှိ သစ်သားလျှောက်လမ်းသွပ်မိုးထားပြီး ကျေးရွာသူ ကျေးရွာသားများ စုပေါင်းဆောက်လုပ်ထားသည့် တံတားဖြစ်ကြောင်း၊ အဆိုပါတံတား၏ သက်တမ်းမှာ ၁၁ နှစ်ကျော်ခန့်ရှိကာ ရေတိုက်စားပြီး အုတ်တိုင်များ ပြိုကျပျက်စီးခြင်းဖြစ်ကြောင်း ရပ်မိရပ်ဖဦးလှရှိန်က ပြောသည်။ ယင်းတံတားမှာ ဖက်သလက်ကျေးရွာအုပ်စုနှင့် ဆပ်ဖြူကျေးရွာတို့သို့ ဆက်သွယ်ထားသော တံတားဖြစ်ကာ ဇူလိုင် ၁၈ ရက်က ရေတိုက်စားပြီး ယိုင်နဲ့မှုကြောင့် ကျေးရွာသူ ကျေးရွာသားများက ပြန်လည်ပြုပြင်ခဲ့ကြသော်လည်း ဩဂုတ် ၂၁ ရက်တွင် ရေတိုက်စားမှုကြောင့် ပျက်စီးကြောင်း ချောင်းဖျားကျေးရွာ အုပ်ချုပ်ရေးမှူး ဦးမြင့်ကြည်ထံမှ သိရသည်။

ယခုအခါတွင် ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ သွားလာရေး အဆင်ပြေစေရန် ဝါးတိုင်များနှင့် ယာယီဝါးတံတား ထိုးထားကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူးထံမှ သိရသည်။

**ဆန်းတင့် (ရေကြည်)**



# မြန်မာစာနှင့် ပါဠိ(၂)

## မောင်ခင်မင် (ဓနုဖြူ)

"အရင်တစ်ပတ်က စကားစရင်းနဲ့ မြန်မာစာအရေးအသား မပေါ်ပေါက်ခင်ကတည်းက မြန်မာနိုင်ငံမှာ ပါဠိစကားကိုအသုံးပြုနေပြီဆိုတဲ့ အကြောင်းပြောခဲ့တာ မှတ်မိလား"

"မှတ်မိပါတယ် ဆရာ"

"အခုမြန်မာစကားနဲ့ပါဠိစကား ဆက်သွယ်ပုံ အကြောင်း ပြောမယ်ဆိုတော့ အဲဒီအကြောင်းက စရင်ကောင်းမယ် ထင်လို့လေ။ မြန်မာစာအရေးအသားမပေါ်ခင် ပျူလူမျိုးတွေ ထင်ထင်ရှားရှား ရှိနေတဲ့ သရေခေတ္တရာခေတ်ကတည်းက ဗုဒ္ဓသာသနာရောက်နေပြီဆိုတာ သရေခေတ္တရာတစ်ဝိုက်မှာရှိတဲ့ ဘုရားပုထိုးတွေ၊ စာအရေးအသားအထောက်အထားတွေက သက်သေပြနေတယ် မဟုတ်လား"

"ဟုတ်ပါတယ်ဆရာ။ သရေခေတ္တရာက ဘောဘောကြီးဘုရားတို့၊ ဘဲဘဲဘုရားတို့ ခုအထိ အထင်အရှား ရှိနေတာပဲ"

"ဒီနေရာမှာ ပါဠိဘာသာစကားကိုအသုံးပြုနေပြီဆိုတဲ့အထောက်အထားတစ်ခုအကြောင်း ပြောရအောင်"

"ဟုတ်ကဲ့ပါ"

"မင်း ဒီစာအုပ် နှစ်အုပ် လေ့လာဖူးသလား"

"ကြည့်ပါရစေဆရာ...'ပျူစာ ခင်ဘရွှေပေချပ် လေ့လာချက်' ရယ်၊ 'ပျူစာခင်ဘရွှေပေချပ် ဓာတ်ပုံများ' ရယ်၊ ဒီစာအုပ်တွေ ခုမှတွေ့ဖူးပါတယ် ဆရာ"

"ဒီစာအုပ်တွေက ဆရာတို့ရဲ့ဆရာမကြီး မြန်မာစာပါမောက္ခ ဒေါ်သန်းဆွေပြုစုခဲ့တဲ့ စာအုပ်တွေလေ။ မြန်မာအက္ခရာ မြန်မာစာအကြောင်း လေ့လာရင် အထောက်အထားပြုစရာတွေပေါ့"

"ဟုတ်ကဲ့ပါ"

"ခင်ဘကုန်းရွှေပေချပ်ဆိုတာက ပေချပ်ပုံ ရွှေပြားတွေပေါ်မှာ ရေးထိုးထားတဲ့ ပါဠိပိဋကတ်တော်တွေလေ။ ၁၉၂၆ ခုနှစ်က ပြည်ခရိုင် မှော်ဇာမှာရှိတဲ့ယာမြေက ဘုရားပြိုတစ်ဆူရဲ့ ဌာပနာတိုက်ထဲကရခဲ့တဲ့ ရှေးဟောင်းအမွေပေါ့။ ဟိုတုန်းကတော့ ကမ္ဘည်းကျောက်စာဌာနလို့ ခေါ်တာပေါ့။ အခုရှေးဟောင်းသုတေသနဌာနပါ။ အဲဒီဌာနက တွေ့ရှိပြီး ထိန်းသိမ်းထားတယ်။ တွေ့တဲ့နေရာက မောင်ခင်ဘဆိုတဲ့ပုဂ္ဂိုလ်ပိုင်တဲ့ ယာမြေမို့ ခင်ဘကုန်းလို့ခေါ်ကြတယ်"

"ခင်ဘကုန်းဆိုတာတော့ ကြားဖူးပါတယ် ဆရာ။ အဲဒီပေချပ်တွေမှာ ဘာအကြောင်းအရာတွေရေးထားပါသလဲဆရာ"

"ဆရာမကြီးဒေါ်သန်းဆွေရဲ့ အမှာစာမှာ အဲဒီ အကြောင်းကို ဖော်ပြထားတယ်။ ဟောဒီမှာ... ကြည့်။ ပဋိစ္စသမုပ္ပါဒ ဒေသနာတော် ဝိပဿနာ ဉာဏ် ၇ ပါး၊ ဗောဓိပက္ခိယတရား ၃၇ ပါး၊ ဝေသာရဇ္ဇသုတ်၊ ဗုဒ္ဓဉာဏ်တော် ၁၄ ပါး၊ အားလုံးတွင် အမြတ်ဆုံး ၄ မျိုး၊ သိကြားမင်းလုလင် သီဆိုသော ဂါထာနဲ့ ဗုဒ္ဓဂုဏ်တော် ၉ ပါးတို့ပါဝင်တယ်တဲ့"

"ဟုတ်ကဲ့ပါ"

"အခု တို့နဲ့ဆိုင်တာပြောရရင် အဲဒီဂါထာတွေက ပါဠိဘာသာနဲ့ စီကုံးထားတဲ့ဂါထာတွေပဲ။ ရေးထိုးထားတဲ့အက္ခရာကတော့ ပျူအက္ခရာနဲ့ ရေးထိုးထားတယ်"

"အခုဆရာပြောတာ သိပ်သဘောမပေါက်လို့ ရှင်းပြပါအုံးဆရာ။ ပါဠိဘာသာနဲ့ ရေးထိုးထားတယ်ဆိုတော့ ပါဠိအက္ခရာနဲ့ရေးထိုးတာ မဟုတ်ဘူးလား"

"အဲဒါကြောင့် 'ဘာသာစကား' နဲ့ 'စာ' ကို ကွဲပြားဖို့လိုတယ်လို့ ဆရာပြောတာပေါ့။ များသောအားဖြင့်တော့ ခု မင်းထင်သလိုပဲ စကားနဲ့စာ မကွဲကြဘူး။ ကဲ...မြန်မာစကားနဲ့ မြန်မာစာတူသလား၊ မတူဘူးလား"

"အတူတူပဲမဟုတ်လား ဆရာ"

"အဲဒါကြောင့် ပြောတာလေ။ ခုမင်းကိုယ်တိုင်တောင် ရောထွေးနေပြီ။ ဒါဆိုမြန်မာစကားဆိုတာက ဘယ်ဟာကိုပြောတာလဲ"

"အခုဆရာတို့၊ ကျွန်တော်တို့ပြောဆိုနေတဲ့ စကားကို ဆိုလိုတာပါဆရာ"

"ဟုတ်တယ်။ တို့ပါးစပ်ထဲက အသံထွက်ပြီး ပြောတာ မြန်မာစကားပဲ။ အဲဒီလိုပဲ လူမျိုးအသီးသီးမှာ စကားတွေအမျိုးမျိုးရှိမှာပေါ့။ မြန်မာစကား၊ ကရင်စကား၊ ရှမ်းစကား၊ အင်္ဂလိပ်စကား၊ အက်စကီမိုစကား စသည်ဖြင့်ပေါ့ကွာ။ တိတိကျကျ ပြောရင်တော့ ဘာသာစကားပေါ့။ ကမ္ဘာပေါ်မှာ ဘာသာစကားတွေ ၇၀၀၀ ထက်မနည်းရှိတယ်လို့ ပညာရှင်တွေက ပြောဆိုကြတယ်"

"ဟုတ်ကဲ့ပါ"

"ကဲ- မြန်မာစာ ဆိုတာကရော"

"မြန်မာစာက အခုဆရာတို့၊ ကျွန်တော်တို့ ရေးနေတဲ့ စာအရေးအသားတွေပါဆရာ"

ပါဠိဘာသာ၊ ရာမာယဏဇာတ်၊ ပြီးတော့ နီတိကျမ်းတွေ စသည်ဖြင့်ပေါ့။ အဲဒီအချိန်မှာ ဘာသာတရားတွေနဲ့အတူ ဘာသာစကားတွေ၊ စာပေတွေ ပျံ့နှံ့လာတာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"ရခိုင်မှာ အေဒီ ၆ ရာစုမတိုင်ခင်ကတည်းက စာအရေးအသားအထောက်အထားတွေရှိနေပြီ။ အကြောင်းအရာတွေကတော့ ဗုဒ္ဓစာပေပိဋကတ်တော်ထဲက အကြောင်းအရာတွေပေါ့။ သက္ကတဘာသာနဲ့လဲ ရေးတယ်။ ပါဠိဘာသာနဲ့လဲ ရေးတယ်။ သက္ကတနဲ့ ပါဠိ ရောပြီးတော့လဲရေးတယ်။ ရေးတဲ့စာကတော့ အိန္ဒိယမြောက်ပိုင်းသုံး အက္ခရာတွေရော၊ တောင်ပိုင်းသုံး အက္ခရာတွေရော

> **" ပါဠိဘာသာစကားနဲ့ဖော်ပြထားတဲ့ ဗုဒ္ဓစာပေတွေကို ခရစ်နှစ် ၅ ရာစု၊ ၆ ရာစုကတည်းက ပျူအက္ခရာနဲ့ ရေးနေပြီ။ မြန်မာစာအရေးအသားက ၁၀ ရာစု၊ ၁၁ ရာစုကျမှ ပေါ်ပေါက်တာဆိုတော့ မြန်မာစာအရေးအသား မပေါ်ခင်ကတည်းက မြန်မာနိုင်ငံမှာ ပါဠိဘာသာထွန်းကားနေပြီဆိုတာ သိနိုင်တာပေါ့"**

"ဟုတ်တယ်။ မြန်မာစာဆိုတာက အခု တို့စာရွက်ပေါ်မှာရေးတဲ့စာ၊ ပုံနှိပ်တဲ့စာ၊ ကွန်ပျူတာပေါ်မှာ စီတဲ့စာတွေပေါ့။ များသောအားဖြင့်တော့ စာဆိုတာစကားကိုမြင်သာထင်သာအောင် အက္ခရာတွေနဲ့ ပြန်ရေးထားတာလေ"

"ဟုတ်ကဲ့၊ နားလည်ပါပြီဆရာ"

"စကားနဲ့စာ မတူတာကို သာဓကပြရရင် တချို့ဘာသာစကားတွေမှာ စာမရှိသေးတာကြည့်ပေါ့။ ကမ္ဘာပေါ်မှာ ယဉ်ကျေးမှုမဖွံ့ဖြိုးတဲ့ လူမျိုးစုငယ်တွေမှာ စာမရှိတာတွေ အများကြီးပဲလေ"

"နားလည်ပါပြီဆရာ"

"ဒီတော့ပါဠိဆိုတာ ဒီနေရာမှာ ဘာသာစကားကိုဆိုလိုတာ။ အဲဒီပါဠိစကားကို မြန်မာစာနဲ့လဲ ရေးလို့ရတယ်၊ ပျူစာနဲ့လဲရေးလို့ရတယ်၊ အင်္ဂလိပ်စာနဲ့လဲရေးလို့ရတယ်၊ တခြားစာတွေနဲ့လဲရေးလို့ရတယ်။ အဲဒီလိုနားလည်ရမှာလေ"

"နားလည်ပါပြီဆရာ"

"ဒီတော့ ပါဠိဘာသာစကားနဲ့ဖော်ပြထားတဲ့ ဗုဒ္ဓစာပေတွေကို ခရစ်နှစ် ၅ ရာစု၊ ၆ ရာစုကတည်းက ပျူအက္ခရာနဲ့ ရေးနေပြီ။ မြန်မာစာအရေးအသားက ၁၀ ရာစု၊ ၁၁ ရာစုကျမှ ပေါ်ပေါက်တာဆိုတော့ မြန်မာစာအရေးအသား မပေါ်ခင်ကတည်းက မြန်မာနိုင်ငံမှာ ပါဠိဘာသာထွန်းကားနေပြီဆိုတာ သိနိုင်တာပေါ့"

"ဟုတ်ကဲ့ပါဆရာ"

"နောက်ပြချင်တာတစ်ခုက ဒီစာအုပ်ပဲ"

" 'အေဒီ ၆ ရာစုနှစ် ယင်းမတိုင်မီ ရခိုင်ပြည်သုံးအက္ခရာ'တဲ့။ ရေးသူက 'ဦးစံသာအောင်' တဲ့"

"ဟုတ်တယ်။ ဦးစံသာအောင်ဆိုတာ ရူပဗေဒ ပညာရှင် ရခိုင်အမျိုးသားပါမောက္ခဆရာကြီးလေ။ အဆင့်မြင့်ပညာ ဦးစီးဌာနမှာ ညွှန်ချုပ်တာဝန်ထမ်းဆောင်သွားတယ်။ ဆရာကြီးက ဝါသနာအလျောက် ရခိုင်ပြည်သုံး အက္ခရာတွေကို သုတေသနပြုထားတာပါ"

"ဟုတ်ကဲ့၊ မှတ်သားစရာကောင်းပါတယ်ဆရာ"

"ဒီနေရာမှာ တစ်ခုပြောချင်တာက တို့အရှေ့တောင်အာရှမှာ အသုံးပြုနေတဲ့အက္ခရာတွေဟာ အိန္ဒိယပြည်မှာ စတင်ပေါ်ပေါက်တဲ့ ဗြာဟ္မီအက္ခရာ Brahmiscript က ဆင်းသက်တဲ့ အက္ခရာပွားတွေပဲ။ ပညာရှင်တွေက အဲဒီလိုယူဆတယ်။ ခရစ်နှစ်ဦးပိုင်းမှာ အိန္ဒိယနိုင်ငံသားတွေ နယ်သစ် ပယ်သစ်ရှာဖို့ အရှေ့တောင်အာရှကို ရွက်သင်္ဘောကြီးတွေနဲ့ ရောက်လာတဲ့အခါ သူတို့နဲ့အတူ အိန္ဒိယယဉ်ကျေးမှုတွေ ပါလာတယ်။ ဗုဒ္ဓဘာသာ၊ ဟိန္ဒူဘာသာ၊ ဗြာဟ္မီအက္ခရာ၊ သက္ကတဘာသာ၊

အသုံးပြုတယ်လို့ဆိုတယ်"

"ဘာသာစကားနဲ့စာအရေးအသားအက္ခရာ မတူပုံ တော်တော်ရှင်းသွားပါပြီဆရာ"

"နောက် အထောက်အထားတစ်ခုက ရှေးဟောင်းအုတ်ခွက် ဆင်းတုတော်များဆိုတဲ့ စာအုပ်ပဲ။ ရှေးဟောင်းသုတေသနဌာနက အငြိမ်းစားကျောက်စာဝန်၊ ဆရာကြီးဦးမြ ပြုစုထားတာလေ"

"အုတ်ခွက် ဆင်းတုတော်အကြောင်း ကျွန်တော် သိပ်မလေ့လာဖူးပါဘူးဆရာ"

"လွယ်လွယ်ပြောရရင်တော့ ရွှံ့ပြားဆိုပါတော့၊ မြေပျော့ပျော့ပေါ့။ အဲဒီအလယ်မှာလိုရာပုံကို ပုံသွင်းပြီး မီးဖုတ်ထားလို့ အုတ်ခွက်လို့ခေါ်တာပေါ့။ 'မြေပုံဘုရား' လို့လဲခေါ်တယ်။ တစ်ဖက်မှာ ဘုရားပုံ၊ အဲ – ရုပ်ပွားဆင်းတုတော်ပုံပေါ့၊ အဲဒီပုံကို ပုံဖော်ထားပြီး တစ်ဖက်မှာ အလှူရှင်နာမည်တွေ၊ အလှူမှတ်တမ်းတွေ၊ ဂါထာတွေကို ရေးထားတယ်။ သက္ကတ၊ ပါဠိ၊ ပျူ၊ မွန်၊ မြန်မာဘာသာစကားတွေနဲ့ ရေးထားတဲ့ဂါထာတွေပဲ။ သုံးတဲ့အက္ခရာက ခုနပြောတဲ့ အိန္ဒိယမြောက်ပိုင်းသုံး၊ တောင်ပိုင်းသုံးအက္ခရာတွေပေါ့။ အဲဒီအုတ်ခွက်ဆင်းတုတော်တွေ အများကြီးပုံသွင်းပြုလုပ်ပြီး ဘုရားပုထိုးတွေမှာ ဌာပနာလေ့ရှိတယ်။ အနော်ရထာမင်း လက်ထက်မှာပြုလုပ်တဲ့ အုတ်ခွက်ဆင်းတုတော်တွေ အများကြီးတွေ့ရတယ်။ ရေးလေ့ရှိတဲ့ အကြောင်းအရာက ဘုရားရှင်ပွင့်တော်မူပြီး ပထမဆုံးဓမ္မစကြာဟောတဲ့ ပဉ္စဝဂ္ဂီငါးပါးထဲမှာ အငယ်ဆုံးဖြစ်တဲ့ ရှင်အဿဇိက၊ ရှင်သာရိ ပုတ္တရာ ဖြစ်လာမဲ့ ဥပတိဿပရိဗိုဇ်ကိုဟောတဲ့ ဂါထာပဲ"

"ဩော်...ယေဓမ္မာဂါထာလား ဆရာ"

"ဟုတ်တယ်။ ကဲ...မင်းရတယ်မဟုတ်လား။ ဆိုကြည့်စမ်းပါ"

" 'ယေ ဓမ္မာဟေတုပ္ပဘဝါ၊ တေသံဟေတုံ တထာ ဂတောအာဟ၊ တေသဉ္စယော နိရောဓော၊ ဧဝံဝါဒီမဟာသမဏော' ဟုတ်တယ်။ ဘုရားရှင်ဟောကြားတဲ့ သစ္စာလေးပါးကို အကျဉ်းချုပ်ဖော်ပြထားတဲ့ဂါထာပေါ့။ အုတ်ခွက်မှာ ရေးတာကတော့ မြန်မာလိုမဟုတ်သေးဘူး။ ခုနပြောတဲ့ ဗြာဟ္မီအက္ခရာပွား တစ်ခုခုနဲ့ရေးတာပေါ့။ သက္ကတဘာသာနဲ့ရော၊ ပါဠိဘာသာနဲ့ရော၊ သက္ကတနဲ့ပါဠိ ရောပြီးတော့ရော ရေးတာတွေ့ရတယ်။ အခုပြောချင်တာကတော့ မြန်မာစာအရေးအသား စတီထွင်တဲ့ ၁၀ ရာစု၊ ၁၁ ရာစု မတိုင်ခင် ၅ ရာစု၊ ၆ ရာစုကတည်းက တို့မြန်မာတွေ ပါဠိဘာသာစကားနဲ့ အကျွမ်းတဝင်ဖြစ်နေပြီဆိုတဲ့ အကြောင်းပါပဲ"။ ။

# နိုင်ငံတကာအနုပညာ သတင်းပဒေသာ

## တက္ကသိုလ်ဆက်တက်ဖို့ခက်ခဲနေတဲ့ ကျောင်းသူတစ်ဦးအား တေလာဆွစ် ငွေကြေးထောက်ပံ့

အမေရိကန် ပေါ့ပ်အဆိုတော်တေလာဆွစ်ဟာ ဝါးဝါးတက္ကသိုလ်ကိုတက်ရောက်ဖို့ ငွေကြေးအကူအညီလိုအပ်နေတဲ့ ဗစ်တိုးရီးယားမာရီယိုလို့ခေါ်တဲ့ ကျောင်းသူတစ်ဦးကို ငွေကြေးထောက်ပံ့ကူညီပေးခဲ့ပါတယ်။

မာရီယိုဟာ လွန်ခဲ့တဲ့လေးနှစ်ကတည်းက ပေါ်တူဂီကနေ ဗြိတိန်သို့ ပြောင်းရွှေ့လာသူဖြစ်ပြီး ထောက်ပံ့ကြေးရဖို့ အခက်တွေ့နေတဲ့သူလည်း ဖြစ်ပါတယ်။

မာရီယိုဟာ လက်ရှိမှာတော့ လန်ဒန်မြောက်ပိုင်း တော့တင်ဟမ်မှာ နေထိုင်ပြီ ဖခင်ဖြစ်သူကတော့ သေဆုံးသွားပါပြီ။ မိခင်ကတော့ ပေါ်တူဂီမှာပဲ ကျန်ရစ်ခဲ့ပါတယ်။ မာရီယိုကျောင်းတက်ဖို့အတွက် မိသားစုဟာ ငွေကြေးထောက်ပံ့နိုင်ခြင်း မရှိပါဘူး။

အဲဒီအတွက် အဆိုတော်တေလာဆွစ်က ပေါင် ၂၃၀၀၀ လှူဒါန်းခဲ့ပါတယ်။ မာရီယိုရဲ့ ဘဝဇာတ်ကြောင်းကို အွန်လိုင်းပေါ်မှတစ်ဆင့် သိရှိခဲ့တာပါ။ မာရီယို ကျောင်းဆက်တက်နိုင်ပြီး အိပ်မက်တွေအကောင်အထည်ဖော်နိုင်ဖို့ အခုလို ကူညီပေးလိုက်တာလို့လည်း တေလာဆွစ်ကပြောပါတယ်။

**စကိုင်းနယူး**



အဆိုတော်တေလာဆွစ်နှင့် ဗစ်တိုးရီးယားမာရီယို

## ဇာတ်လမ်းတွဲရိုက်ဖို့ အောက်တိုဘာလအတွင်း ဆယ်လီနာ ဂိုမက်ဇ် နယူးယောက်တွင် နေထိုင်မည်

အဆိုတော်နဲ့သရုပ်ဆောင်တစ်ဦးဖြစ်တဲ့ ဆယ်လီနာဂိုမက်ဇ်ဟာ အောက်တိုဘာလအတွင်းမှာတော့ နယူးယောက်မြို့မှာ နေထိုင်သွားမယ်လို့ သိရပါတယ်။ ဆယ်လီနာဟာ ကိုဗစ်–၁၉ အသွားအလာပိတ်ဆို့ထားစဉ်ကာလက ကယ်လီဖိုနီးယားမှာ ရှိနေခဲ့ပါတယ်။

ဆယ်လီနာပါဝင်သရုပ်ဆောင်မယ့် ရုပ်သံဇာတ်လမ်းတွဲဖြစ်တဲ့ Only Murders in the Building ကို အခုလာမယ့် အောက်တိုဘာလအတွင်း နယူးယောက်မြို့မှာ စတင်ရိုက်ကူးမှာပဲဖြစ်ပါတယ်။ ဆယ်လီနာကိုယ်တိုင်လည်း ဒီဇာတ်လမ်းတွဲမှာ ပါဝင်သရုပ်ဆောင်ရမှာကို စိတ်လှုပ်ရှားနေတယ်လို့ ပြောပါတယ်။

အပြင်လောကမှာလည်း ဆယ်လီနာဟာ စုံထောက်ဇာတ်ကားတွေ၊ ရာဇဝတ်မှုဇာတ်ကားတွေကို ကြည့်ရတာကြိုက်နှစ်သက်သူဖြစ်ပါတယ်။ အောက်တိုဘာလအတွင်း နယူးယောက်မြို့ကို ခရီးထွက်မှာနဲ့ပတ်သက်ပြီး ဆယ်လီနာကိုယ်တိုင်လည်း အတည်ပြုပြောကြားခဲ့ပါတယ်။

အခုဆိုရင် အမေနဲ့အတူ ခရီးသွားဖို့ ပြင်ဆင်နေပြီ၊ ဓာတ်ပုံတွေလည်း အများကြီးရိုက်ကြမယ်လို့ ဆယ်လီနာက ပြောပါတယ်။ ဒီဇာတ်လမ်းတွဲကို ၂၀၂၁ ခုနှစ်မှာပြသဖို့ ရည်ရွယ်ထားပေမယ့် ရက်အတိအကျတော့ ထွက်ရှိလာခြင်းမရှိသေးပါဘူး။

**စကိုင်းနယူး**



အဆိုတော်နှင့်သရုပ်ဆောင် ဆယ်လီနာဂိုမက်ဇ်

## New Product

# ဟွာဝေးရဲ့ NOVA စီးရီးထဲက နောက်ဆုံးထွက် စမတ်ဖုန်းသစ် Nova 7SE

ဟွာဝေး Nova 7SE ဟာ ဟွာဝေးရဲ့ တန်ဖိုးမြင့်ဖုန်း စီးရီးတစ်ခုဖြစ်တဲ့ Nova Series ထဲက နောက်ဆုံးထွက်ထားတဲ့ Nova 7 ရဲ့ မော်ဒယ်အခွဲတစ်ခုဖြစ်ပါတယ်။ လက်ရှိအချိန်မှာ ဈေးကွက်ထဲကို ဝင်မလာသေးဘဲ အကြိုမှာယူမှုတွေ လက်ခံနေပြီဖြစ်ပြီး လကုန်ပိုင်းလောက်မှာ ပြည်တွင်းကို စတင်ရောက်ရှိလာမယ်လို့ ဈေးကွက်အတွင်းက သိရပါတယ်။

မျက်နှာပြင် အရွယ်အစားက ၆ ဒသမ ၅ လက်မရှိပြီး Screen အမျိုးအစားက LCD ဖြစ်ပါတယ်။ resolution က 1080 x 2400 pixels ရှိလို့ full HD+ ဖြစ်ပြီး ရုပ်ထွက်အရည်အသွေး ကောင်းမွန်ပါတယ်။ ကွန်ရက်ချိတ်ဆက်မှုအနေနဲ့ GSM ဆင်းကတ်နှစ်ကတ် အသုံးပြုနိုင်ပြီး ဒေတာကွန်ရက်အတွက်ကတော့ 5G ကို ထောက်ပံ့ပေးထားပါတယ်။

အန်းဒရွိုက်ဗားရှင်းအနေနဲ့ Android 10 ကို ဟွာဝေးရဲ့ UI ဖြစ်တဲ့ EMUI 10.1 နဲ့ တွဲပြီး အသုံးပြုထားပါတယ်။ ဟွာဝေး UI ဖြစ်တာကြောင့် Google Play Services တွေကို အသုံးမပြုနိုင်တာကတော့ အားနည်းချက်တစ်ခုလို့ ဆိုနိုင်ပါတယ်။

Chipset အနေနဲ့ Kirin 820 5G (7nm)ကို အသုံးပြုထားပြီး CPU ကလည်း Cortex–A76 နဲ့ Cortex–A55 တွေ ပါဝင်တဲ့ Octa–core CPU ဖြစ်လို့ စွမ်းဆောင်ရည်ပိုင်း အထူးကောင်းမွန်ပါတယ်။ RAM နဲ့ အင်တာနယ်မင်မိုရီပိုင်းမှာတော့ နိုင်ငံတကာဈေးကွက်မှာ 8 GB/ 128 GB နဲ့ 8 GB/ 256 GB လို့ နှစ်မျိုးထွက်ထားပြီး ပြည်တွင်းမှာ လက်ရှိအကြိုမှာယူမှုကတော့ 8 GB/128 GB ကိုပဲ လက်ခံနေသေးတာတွေ့ရပါတယ်။ မင်မိုရီကတ်ကို 256 GB အထိ အသုံးပြုနိုင်ဖို့ ထောက်ပံ့ထားပေမယ့် သီးသန့်အပေါက် မပါတာကြောင့် မင်မိုရီကတ်သုံးမယ်ဆိုရင် ဆင်းကတ်တစ်ကတ်ပဲ သုံးနိုင်မှာဖြစ်ပါတယ်။

ဟွာဝေးရဲ့ Nova စီးရီးထဲကဖုန်းတိုင်းဟာ ကင်မရာပိုင်းကောင်းမွန်တာကြောင့် ဒီဖုန်းရဲ့ ကင်မရာပိုင်းကလည်း အရည်အသွေး အတော်ကို ကောင်းမွန်ပါတယ်။ နောက်ကင်မရာဟာ ၆၄ မဂ္ဂါပစ်ဇယ်ရှိတဲ့ ပင်မကင်မရာနဲ့အတူ ၈ မဂ္ဂါပစ်ဇယ်(ultrawide)ကင်မရာ၊ ၂ မဂ္ဂါပစ်ဇယ်(macro) ကင်မရာနဲ့ ၂ မဂ္ဂါပစ်ဇယ်(depth)ကင်မရာတွေ ပါဝင်တဲ့ Quad Cam ဖြစ်ပြီး ဗီဒီယိုတွေကို 4K အရည်အသွေးနဲ့ ရိုက်နိုင်ပါတယ်။ ရှေ့ဘက်က ဆယ်လ်ဖီကင်မရာကလည်း ၁၆ မဂ္ဂါပစ်ဇယ် အရည်အသွေးရှိတာကြောင့် စွမ်းဆောင်ရည်ကောင်းမွန်ပြီး စခရင်ထဲမှာ အပေါက်ဖောက်ထည့်ထားတဲ့ Punch–hole ဒီဇိုင်း ဖြစ်ပါတယ်။

ဘက်ထရီပိုင်းမှာဆိုရင် 4000 mAh Li–Po ဘက်ထရီ ပါဝင်လို့ ပမာဏနည်းတယ်လို့ ဆိုနိုင်ပေမယ့် 40 W နှုန်းနဲ့ အလျင်အမြန် အားသွင်းနိုင်မယ့် Fast Charging စနစ် ပါဝင်ပါတယ်။ USB ချိတ်ဆက်မှုက 2.0 ဖြစ်ပြီး Type–C 1.0 reversible connector အမျိုးအစားဖြစ်ပါတယ်။ On–The–Go စနစ်ကိုလည်း ထောက်ပံ့ပေးထားပါတယ်။ Fingerprint ကတော့ ကိုယ်ထည်နောက်ဘက်မှာ မဟုတ်တော့ဘဲ ဘေးဘက်ပါဝါခလုတ်နေရာမှာ ပါဝင်လာပါတယ်။

လက်ရှိအချိန်မှာ ဖုန်းဆိုင်အချို့မှာ အကြိုမှာယူမှုတွေ လက်ခံနေပြီး ကိုယ်ထည်အရောင်တွေအနေနဲ့ ခရမ်းရောင်၊ အစိမ်းရောင်၊ အဖြူရောင်နဲ့ အနက်ရောင် လေးမျိုး ရရှိနိုင်ပါတယ်။ အကြိုမှာယူထားသူတွေအနေနဲ့ လကုန်ပိုင်းမှာ Hwawie band လက်ဆောင်နဲ့အတူ ဖုန်းကို ရရှိနိုင်မှာဖြစ်ပြီး ဈေးနှုန်းက ကျပ်ငါးသိန်းဝန်းကျင် ရှိနိုင်တယ်လို့ သိရပါတယ်။

**သူရဖြိုး**




# CIO/CTO များ၏ အွန်လိုင်းဆွေးနွေးပွဲတွင် ဟောပြောမည့်သူများနှင့် Register လုပ်နည်းကို ကွန်ပျူတာပညာရှင်အသင်းက ထုတ်ပြန်

**ရန်ကုန် ဩဂုတ် ၂၃**

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းနှင့် e–Government လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး ဆပ်ကော်မတီတို့က ဦးဆောင်၍ ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းက ကြီးမှူးပြီး CIO/ CTO Online Conference ကို ဩဂုတ် ၂၇ နှင့် ၂၈ ရက်တွင် ကျင်းပမည်ဖြစ်ရာ ဆွေးနွေးဟောပြောမည့် ခေါင်းစဉ်များ၊ ဟောပြောမည့်သူများနှင့် တက်ရောက်လိုသူများအတွက် အခမဲ့ register ပြုလုပ်ရမည့် နည်းလမ်းများကို ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်း၏ ဖေ့စ်ဘုတ်စာမျက်နှာတွင် အသိပေး ဖော်ပြထားသည်။

ဆွေးနွေးပွဲ ပထမနေ့တွင် ဖွင့်ပွဲကို နံနက် ၉ နာရီခွဲမှ စတင်ကျင်းပပြီးနောက် "ကိုဗစ်–၁၉ ကာလအတွင်း CIO/ CTO တို့၏ အခန်းကဏ္ဍ"(Roles of CIO/CTO during Covid–19 Pandemic)ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကို နံနက် ၁၁ နာရီမှ ၁၂ နာရီအထိ ပြုလုပ်မည်ဖြစ်သည်။ ဆွေးနွေးပွဲတွင် Panelist များအဖြစ် ဒေါက်တာငြိမ်းဝေ၊ ဒေါ်လှလှဝင်း၊ ဦးရန်နောင်တို့ ပါဝင်ဆွေးနွေးကြမည်ဖြစ်ပြီး Moderator အဖြစ် ဦးငြိမ်းဦးက ဆောင်ရွက်မည်ဖြစ်သည်။ ဒုတိယနေ့တွင် ခေါင်းစဉ်နှစ်ခုကို ဆွေးနွေးမည်ဖြစ်ပြီး "လုံခြုံမှုဆိုင်ရာစံများ၊ မူဘောင်များနှင့် လက်တွေ့ လိုက်နာအသုံးပြုမှုများ" (Security Standard / Framework / Compliance Use cases from SG/HK)ခေါင်းစဉ်ဖြင့် Fortinet Myanmar မှ System Engineer ဦးရဲလင်းထွန်းက နံနက် ၁၁ နာရီ ၄၅ မိနစ်မှ ၁၂ နာရီ ၁၅ မိနစ်အထိ ဆွေးနွေးမည်ဖြစ်ကာ ထိုအစီအစဉ်၏နောက်တွင် "ဆန်းသစ်တီထွင် အောင်ပွဲဝင်" (Transformation and Innovation to Succeed)ခေါင်းစဉ်ဖြင့် Yangon Innovation Center ၏ CEO ဦးရာဇီက ၁၂ နာရီ ၁၅ မိနစ်မှ ၁၂ နာရီ ၄၅ မိနစ်အထိ ဆွေးနွေးမည်ဟု သိရသည်။

အဆိုပါ အွန်လိုင်းဆွေးနွေးပွဲတွင် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့မှ CIO/CTO များ၏ အခန်းကဏ္ဍ၊ အရေးပါမှုနှင့် လိုအပ်သော ကျွမ်းကျင်မှုများ၊ ဖန်တီးတီထွင်မှုဆိုင်ရာ ထည့်သွင်းစဉ်းစားသင့်သော အချက်အလက်များ စသည့် အကြောင်းအရာများကို အဓိကထား ဆွေးနွေးကြမည်ဖြစ်ကာ အစိုးရဌာနများနှင့် ပုဂ္ဂလိကကုမ္ပဏီများ၊ အဖွဲ့အစည်းများမှ CIO/CTO အဆင့် တာဝန်ယူထားသူများ တက်ရောက်လေ့လာသင့်သလို စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် ဆွေးနွေးဟောပြောမည့်သူများက ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းရှိ Live Room မှ ဆွေးနွေးဟောပြောကြမည်ဖြစ်ပြီး နိုင်ငံခြားနှင့် ရပ်ဝေးရောက်နေသူများကလည်း WebinarJam အွန်လိုင်းပလက်ဖောင်းကိုသုံး၍ ရောက်ရာအရပ်မှ ပါဝင်ဆွေးနွေးကြမည်ဖြစ်ကြောင်း၊ တက်ရောက်ဆွေးနွေးမည့်သူများ အနေဖြင့်လည်း မိမိတို့ရောက်ရှိရာ အရပ်ဒေသများမှပင် ဖုန်းနှင့် ကွန်ပျူတာများဖြင့် ဝင်ရောက်၍ ပါဝင်ဆွေးနွေးနိုင်ကြောင်း၊ တက်ရောက်လိုသူများအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းက လူမှုကွန်ရက်တွင် တင်ထားပေးသော QR code ကို စကန်ဖတ်၍ဖြစ်စေ၊ http://tiny.cc/ciocto2020 ဝက်ဘ်ဆိုက်လိပ်စာသို့ ဝင်ရောက်၍ဖြစ်စေ အခမဲ့ Register လုပ်ရမည်ဖြစ်ကာ အောင်မြင်ပါက Link တစ်ခု ပြန်ရမည်ဖြစ်ပြီး ပွဲကျင်းပသည့်နေ့တွင် အဆိုပါ Link ကိုနှိပ်၍ ဆွေးနွေးပွဲကို ဖုန်း သို့မဟုတ် ကွန်ပျူတာမှတစ်ဆင့် တက်ရောက်နားထောင် ပါဝင်ဆွေးနွေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဆွေးနွေးပွဲသို့ အစအဆုံး အချိန်ပြည့် တက်ရောက်သူများအနေဖြင့် Attendance Certificate ထုတ်ယူလိုလျှင်လည်း ဆွေးနွေးပွဲအပြီးတွင် လျှောက်ထားထုတ်ယူနိုင်မည်ဖြစ်ကာ အီလက်ထရောနစ်ဗားရှင်းအနေဖြင့် ထုတ်ပေးမည်ဖြစ်ကြောင်း၊ Attendance Certificate လျှောက်ထားရန်အတွက် https://qrgo.page.link/Hd9NZ သို့ ဝင်ရောက်၍ လျှောက်ထားနိုင်ကြောင်း သိရသည်။

ဆွေးနွေးပွဲတက်ရောက်ရန်အတွက် register ကြိုတင်ပြုလုပ်ရန် အသေးစိတ်အချက်အလက်များကို ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်း ဖေ့စ်ဘုတ်စာမျက်နှာ MCPA Yangon တွင် ကြည့်ရှုနိုင်သလို အသင်းရုံးခန်း ဖုန်း –၀၁–၉၃၃၉၂၂၀ သို့ ဆက်သွယ်၍လည်း မေးမြန်းနိုင်ကြောင်း သိရသည်။

**သူရဖြိုး**

# ဖန်တီးရာ၏ ဒို့ဖန်တီးပလက်ဖောင်း အစီအစဉ်မှ ဒုတိယအကြိမ်မြောက်စိန်ခေါ်မှုများ စတင်မည်

**ရန်ကုန် ဩဂုတ် ၂၃**

ရန်ကုန်အခြေစိုက် နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဆုံရပ်တစ်ခုဖြစ်သော ဖန်တီးရာ၏ ဒို့ဖန်တီးပလက်ဖောင်း(Doh Phandee–Open Innovation Platform) မှ ဒုတိယအကြိမ်မြောက် စိန်ခေါ်မှု အစီအစဉ်များကို ဩဂုတ် ၂၄ ရက်တွင် စတင်မည်ဖြစ်ပြီး စိန်ခေါ်မှု ခေါင်းစဉ်သုံးခုအနေဖြင့် မကြာခင် ကျင်းပတော့မည့် နိုင်ငံတော်ရွေးကောက်ပွဲဆိုင်ရာ ခေါင်းစဉ်နှစ်ခုနှင့် အသေးစား အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ(MSMEs)နှင့် ပတ်သက်သည့် ခေါင်းစဉ်တစ်ခုတို့ ပါဝင်ကြောင်း ဖန်တီးရာမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ရွေးကောက်ပွဲဆိုင်ရာ ခေါင်းစဉ်နှစ်ခုမှာ (၁) ရွေးကောက်ပွဲဆိုင်ရာအချက်အလက်များကို အများပြည်သူမြင်သာပြီး အသုံးချနိုင်အောင် ပြုလုပ်သွားမည့် "Visualising Election with Data" နှင့် (၂) ရွေးကောက်ပွဲတွင် အမျိုးသမီးများနှင့် မဲပေးရန်အခက်အခဲရှိသူများ ပါဝင်မဲပေးလာစေရန် ရည်ရွယ်သည့် "Women Voices Women Votes" တို့ဖြစ်သည်။ အသေးစား အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်သည့် စိန်ခေါ်မှုခေါင်းစဉ်မှာ "How to help and incentivize MSMEs to register?" ဖြစ်ပြီး အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSMEs)များ လုပ်ငန်းမှတ်ပုံတင်ရာတွင် ကြုံတွေ့ရသော အခက်အခဲများကို ပိုမိုအဆင်ပြေ ချောမွေ့စေရန် ရည်ရွယ်ခြင်းဖြစ်သည်။

အဆိုပါ ခေါင်းစဉ်သုံးခုနှင့် ပတ်သက်၍ နည်းပညာဆိုင်ရာ ဖြေရှင်းနည်းများဖြင့် အတူလက်တွဲ အဖြေရှာရန် နည်းပညာတတ်ကျွမ်းသူများနှင့် ပါဝင်ဖြေရှင်း ဆောင်ရွက်လိုသူများအား ဒို့ဖန်တီးက ဩဂုတ် ၇ ရက်မှစ၍ ဖိတ်ခေါ်ထားပြီးဖြစ်သည်။ ရွေးချယ်ခံရသူများကို ဇီးကွက်များဟု ဒို့ဖန်တီးပလက်ဖောင်းက ခေါ်ဝေါ်ပြီး ဩဂုတ် ၂၄ ရက်တွင် စတင်မည့် ဤစိန်ခေါ်မှုများတွင် ဇီးကွက်များသည် ရွေးကောက်ပွဲဆိုင်ရာ ပြုပြင်ပြောင်းလဲမှု အခက်အခဲအချို့နှင့် MSME များ လုပ်ငန်းမှတ်ပုံတင်ရာတွင် ရင်ဆိုင်ရလေ့ရှိသော စိန်ခေါ်မှုများအတွက် နည်းပညာဆိုင်ရာ ဖြေရှင်းချက်များဖြင့် ဆောင်ရွက်ပေးရမည်ဖြစ်သည်။

"လက်ရှိ ၂၀၂၀ ခုနှစ်မှာ မြန်မာနိုင်ငံရဲ့ အဓိကအကြောင်းအရာနှစ်ခုဖြစ်တဲ့ ကိုဗစ်–၁၉ နဲ့ ရွေးကောက်ပွဲကို ဖြေရှင်းလုပ်ကိုင်နိုင်ဖို့ ဖန်တီးရာက စီစဉ်ပေးလိုက်ရတဲ့အတွက် ဂုဏ်ယူမိပါတယ်။ ကျွန်တော်တို့ ပါတနာတွေက ရွေးချယ်ပေးလိုက်တဲ့ စိန်ခေါ်မှုတွေဟာ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးနဲ့ စီးပွားရေးဆိုင်ရာ အရေးကြီးတဲ့ အစိတ်အပိုင်းတွေကို ဖြေရှင်းဖို့ဖြစ်ပါတယ်။ နိုင်ငံတိုးတက်မှုအတွက် နည်းပညာဟာ အဓိကကျတဲ့အခန်းကဏ္ဍမှပါဝင်ပြီး အခက်အခဲ ကိစ္စရပ်တွေကို ဆန်းသစ်တဲ့ နည်းလမ်းတွေနဲ့ဖြေရှင်းနိုင်တယ်လို့ ဖန်တီးရာက ယုံကြည်ပါတယ်။ ဇီးကွက်တွေ ဖန်တီးမယ့် ဖြေရှင်းချက်တွေကို မြင်ရဖို့ ကျွန်တော်တို့ အများကြီး မျှော်လင့်ထားပါတယ်။ ဒို့ဖန်တီး ပလက်ဖောင်းဟာလည်း သူတို့ စွမ်းရည်တွေ ဖော်ထုတ်ဖို့ နေရာတစ်နေရာ ဖြစ်လာမယ်လို့လည်း မျှော်လင့်ထားပါတယ်"ဟု ဖန်တီးရာ၏ Chief Commercial Officer က ပြောကြားသည်။

ယခုနှစ် ရွေးကောက်ပွဲ ပိုမိုနီးကပ်လာသည်နှင့်အမျှ ရွေးကောက်ပွဲဆိုင်ရာ အချက်အလက်များကို ဒစ်ဂျစ်တယ်အသွင်ဖြင့် အများပြည်သူအတွက် ထောက်ပံ့ပေးရာတွင် မြန်မာနိုင်ငံသည် အခက်အခဲများနှင့် ရင်ဆိုင်နေရဆဲဖြစ်သလို ရွေးကောက်ပွဲတစ်လျှောက် အမျိုးသမီးများနှင့် မဲပေးရန်အခက်အခဲရှိသူများ ပါဝင်မှုနှုန်း တိုးတက်လာစေရန် ရွေးကောက်ပွဲဆိုင်ရာ စိန်ခေါ်မှု ခေါင်းစဉ်နှစ်ခုကို လုပ်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။

"ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ပါဝင်နိုင်ခွင့်နဲ့ပတ်သက်တဲ့ အချက်တွေ ပေးဖို့ဆိုတာ အလွန် အရေးကြီးပါတယ်။ ကိုဗစ်–၁၉ ကပ်ရောဂါကြောင့် social distancing လုပ်ရတာတွေ၊ လူစုလူဝေးကို ရှောင်ရှားရတာတွေကြောင့် အဲလို သတင်းအချက်အလက်တွေ ရရှိနိုင်ဖို့ ပိုပြီးခက်ခဲနေပါတယ်။ ဒီလိုအကြောင်းအရာတွေကို ဒစ်ဂျစ်တယ်စနစ်နဲ့ အလွယ်တကူ ရရှိနိုင်စေဖို့ ပြုလုပ်ပေးခြင်းအားဖြင့် မြန်မာနိုင်ငံသားတွေအနေနဲ့ သူတို့ရဲ့ မဲပေးပိုင်ခွင့်ကို ပိုပြီး နားလည်အသုံးချဖို့ စိတ်အားထက်သန်လာမယ်လို့ မျှော်လင့်ပါတယ်။ ဒါက ရွေးကောက်ပွဲအတွက် အရေးပါတဲ့ အစိတ်အပိုင်းတစ်ခုဖြစ်တာမို့ ဒီစိန်ခေါ်မှုကို ဖြေရှင်းနိုင်မယ့် ဇီးကွက်တွေကို ဒို့ဖန်တီးက ဖော်ထုတ်ပေးနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်"ဟု SPIDER အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ SPIDER အဖွဲ့သည် ICT နည်းပညာကိုအသုံးပြု၍ နိုင်ငံတကာတွင် ပညာရေး၊ ကျန်းမာရေး၊ ပွင့်လင်းမြင်သာမှုရှိရေးနှင့် တာဝန်ခံရေး အစီအစဉ်များကို ဒေသခံအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်နေသော အဖွဲ့အစည်းတစ်ခုဖြစ်ကာ မြန်မာနိုင်ငံတွင် ဖန်တီးရာနှင့် ပူးပေါင်းထားသည်။

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ(MSMEs) နှင့် ပတ်သက်သည့် စိန်ခေါ်မှုမှာ လုပ်ငန်းရှင်များအနေဖြင့် ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများ တရားဝင်ဖြစ်စေရန် လုပ်ငန်းမှတ်ပုံတင်ရာတွင် ရိုးရှင်းလွယ်ကူသည့် လုပ်ငန်းစဉ်များဖြင့် ဆောင်ရွက်နိုင်ရန် ပြုလုပ်ပေးရမည့် စိန်ခေါ်မှုဖြစ်သည်။

ဒို့ဖန်တီး ပလက်ဖောင်း၏ စိန်ခေါ်မှုများအတွက် ပူးပေါင်းထားသည့် Naumann Foundation For Freedom အဖွဲ့အစည်းမှ Country Director က "MSME လုပ်ငန်းတွေ ရင်ဆိုင်နေရတဲ့ပြဿနာတွေကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနနဲ့အတူ ပူးပေါင်းဖြေရှင်းဖို့ ဆုံးဖြတ်ထားပါတယ်။ လက်ရှိဌာနအသီးသီးမှာ သူတို့ရဲ့ ကိုယ်ပိုင်မူဝါဒတွေ၊ လိုအပ်ချက်တွေနဲ့ စည်းမျဉ်းစည်းကမ်းတွေ ရှိတာကြောင့် နောင်လာမယ့် လုပ်ငန်းတွေအတွက် လုပ်ငန်းမှတ်ပုံတင်တဲ့အပိုင်းဟာ အချိန်ယူရတဲ့လုပ်ငန်းစဉ်တစ်ခု ဖြစ်နေပါတယ်။ ဒီလို အခြေအနေတွေကြောင့် တချို့ MSME တွေဆိုရင် မှတ်ပုံတင်ဖို့ မလုပ်ကြတော့တာကို တွေ့ရပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒို့ဖန်တီးနဲ့ အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းစဉ်တစ်ခုလုံးအတွက် လွယ်ကူပြီး ပိုမိုထိရောက်တဲ့ နည်းပညာပိုင်းဆိုင်ရာ ဖြေရှင်းချက်ကို ရှာဖွေမှာဖြစ်ပါတယ်"ဟု ပြောကြားသည်။




ဖန်တီးရာက စီစဉ်သည့် ဒို့ဖန်တီး ပလက်ဖောင်းသည် နည်းပညာ၏ စွမ်းအားကို အသုံးပြု၍ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းမည့် ဆန်းသစ်တီထွင်သူများကို ဖော်ထုတ်ရန်နှင့် ပံ့ပိုးရန် ပြုလုပ်ထားခြင်းဖြစ်ကာ စာရင်းပေးထားသော နည်းပညာရှင် ၄၀၀ ကျော်ဖြင့် ယခုနှစ် မေလက စတင်ခဲ့ပြီး ပထမအကြိမ်တွင် ကိုဗစ်–၁၉ နှင့် ပတ်သက်သည့် စိန်ခေါ်မှုသုံးခုကို ဖြေရှင်းရန် ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

**ကျော်ဇင်ဦး**

# ကိုလိုနီခေတ်ဦး သင်္ဘောတည်ဆောက်ခြင်းလုပ်ငန်းများ

**သိပ္ပံစာရေးဆရာကိုကိုအောင်**

**စိုက်ပျိုးရေးအခြေခံသော စက်မှုလုပ်ငန်းများ**

မြန်မာပြည်တွင် အစောဆုံးအခြေချသော စက်မှုလုပ်ငန်းများမှာ စိုက်ပျိုးရေးကိုအခြေခံသော လုပ်ငန်းများဖြစ်ကြသည်။ ဆန်စပါးစိုက်ပျိုးရေးကို အခြေခံသော ဆန်စက်များ ထွက်ပေါ်လာခဲ့သည့်နည်းတူ ကြံစိုက်ပျိုးရေးကို အခြေခံသော သကြားစက်တစ်လုံးလည်း ပေါ်ထွက်ခဲ့သည်။ ထိုသကြားစက်မှာ ကျိုက္ခမီသကြားစက်ဖြစ်ပြီး ဗြိတိသျှမြန်မာပြည်တွင် စီးပွားဖြစ် သကြားစက်အဖြစ် အစောဆုံး တည်ထောင်လည်ပတ်ခဲ့သော စက်ဖြစ်သည်။

**ကျိုက္ခမီသကြားစက်နှင့် ကြံစိုက်ပျိုးရေး**

ထိုသကြားစက်မှာ တစ်ရက်လျှင် ကြံတန်ချိန် ၄၀ မှ ၅၀ ခန့်အထိ ကြိတ်ဝါးနိုင်သော စက်ဖြစ်သည်။ သကြားစက်ကိုတည်ဆောက်ရင်း တစ်ချိန်တည်းမှာပင် ကျိုက္ခမီတစ်ဝိုက်ရှိ ရာပေါင်းများစွာသော ကြံတောင်သူများကိုလည်း စည်းရုံးသိမ်းသွင်းကာ ကြံများကို အကြီးအကျယ်စိုက်ပျိုးစေခဲ့သည်။ အိုရီလေးနှင့် ဘဲလ်တို့၏ ကျိုက္ခမီသကြားစက်ကို ၁၈၄၁ ခုနှစ်တွင် စတင် စမ်းသပ်လည်ပတ်နိုင်ခဲ့သည်။ ချက်လုပ်သောသကြားများမှာ အရည်အသွေး အလွန်ကောင်းသဖြင့် ပြည်တွင်း၌ လူကြိုက်များသည့်အပြင် နိုင်ငံခြားစံချိန်မီသောကြောင့်လည်း အင်္ဂလန်သို့ တင်ပို့ရန်ပင်ကမ်းလှမ်းစီစဉ်နိုင်ခဲ့သည်။ ထိုသကြားစက်တည်ဆောက်မှုကို အားပေးသောအနေဖြင့် လော့ဒ်အော့ကလင်အစိုးရက နိုင်ငံခြားမှ မြန်မာနိုင်ငံအတွင်းသို့ သကြားတင်သွင်းမှုကို ပိတ်ပင်ပေးခဲ့သည်။ ကျိုက္ခမီသကြားစက်မှထွက်ရှိသော သကြားများကို အင်္ဂလန်သို့ တင်ပို့ရာတွင်လည်း အခွန်အတုပ်အသက်သာဆုံးဖြစ်အောင် စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ကျိုက္ခမီသကြားစက်သည် ၁၈၄၃ ခုနှစ်၊ ၁၈၄၄ ခုနှစ်နှင့် ၁၈၄၅ ခုနှစ်များက တစ်နှစ်လျှင် သကြားတန်ချိန်ပျမ်းမျှ ၁၇၅ တန်ထွက်ရှိရာမှ ၁၈၄၆ ခုနှစ်တွင် သကြားတန်ချိန် ၃၀၀ အထိ တိုးတက်ထုတ်လုပ်နိုင်ခဲ့သည်။ ထိုစဉ်က ပြည်တွင်းသကြားစားသုံးမှုမှာ တစ်နှစ်လျှင် ၃၆ တန်ခန့်သာရှိသဖြင့် ပိုသည့်သကြားများကို အင်္ဂလန်သို့တင်ပို့ရောင်းချခဲ့သည်။ အင်္ဂလန်ဈေးကွက်၌ ကျိုက္ခမီသကြားက အရည်အသွေးဘက်တွင် အခြားတိုင်းပြည်များမှ သကြားများနှင့် ယှဉ်ပြိုင်နိုင်လောက်အောင် ကောင်းမွန်သောကြောင့် လူကြိုက်များပြီး အရောင်းတွင်ကျယ်ခဲ့သည်။

အိုရီလေးနှင့်ဘဲလ်တို့၏ ကျိုက္ခမီသကြားစက်မှာ စီးပွားဖြစ်ထွန်းသဖြင့် ကြံစိုက်သူ တောင်သူများကလည်း အကျိုးရှိခဲ့သည်။ ထို့ပြင် မြန်မာတိုင်းရင်းသားများသည် အိုရီလေးနှင့်ဘဲလ်တို့၏ သကြားစက်နှင့် လက်ပွန်းတတီး ရင်းနှီးလာကြကာ သကြားချက်လုပ်ခြင်း အတတ်ပညာ၌ စိတ်ပါဝင်စားလာခဲ့ကြသည်။ သကြားလုပ်ငန်းဖြင့် စီးပွားဖြစ်ကြောင်း မျက်မြင်ကိုယ်တွေ့ သိရှိလာခဲ့ကြသော မြန်မာတိုင်းရင်းသားအချို့က အိုရီလေးနှင့်ဘဲလ်တို့၏ သကြားစက်မှ အတွေ့အကြုံများကို အခြေခံလျက် အတုယူကာ တစ်ပိုင်တစ်နိုင် သကြားစက်ကလေးများကို စမ်းသပ် တည်ဆောက် လည်ပတ်လာကြသည်အထိ ကျိုက္ခမီ၌ သကြားလုပ်ငန်းက ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ သကြားလုပ်ငန်းနှင့်အတူ တင်လဲရည်မှ အရက်ချက်လုပ်သော လုပ်ငန်းကလည်း တစ်ပါတည်း ဖြစ်ထွန်းလာပြီး ရမ်အရက်များကို ထုတ်လုပ်လာနိုင်ခဲ့ကြရာ ထွက်သမျှသော အရက်များမှာလည်း လက်မလည်အောင်ပင် ရောင်းချခဲ့ရသည်။

**သကြားစက်အတွက် အခက်အခဲများ**

အိန္ဒိယဘုရင်ခံချုပ် လော့ဒ်အော့ကလင်၏နေရာတွင် လော့ဒ်အယ်လင်ဘာရာ ရောက်ရှိလာသောအခါ ကျိုက္ခမီသကြားစက်မှ သကြားထွက်ရှိမှုမှာ ပြည်တွင်းသုံးအတွက်ပင် မလုံလောက်ဟူသော မှန်ကန်ခိုင်လုံမှုမရှိသည့် အကြောင်းပြချက်ဖြင့် အင်္ဂလန်သို့ သကြားတင်ပို့မှုကို ပိတ်ပင်လိုက်သည်။ တစ်ချိန်တည်းမှာပင် ပြည်ပမှ သကြား အညံ့စားများကို မြန်မာပြည်သို့ တင်သွင်းစေခဲ့ရာ ဤလုပ်ရပ်ကြောင့် အိုရီလေးနှင့်ဘဲလ်တို့၏ ပြည်ပပို့ကုန် သကြားဈေးကွက်သာမက ပြည်တွင်း သကြားဈေးကွက်ပါပျောက်ပြီး အခက်အခဲများနှင့် ကြုံတွေ့ခဲ့ရသည်။

ထိုစဉ်က ပြည်တွင်း အမှန်တကယ်စားသုံးမှုမှာ အများဆုံး တစ်နှစ်လျှင် သကြား ၃၆ တန်ခန့်သာရှိပြီး ထိုပမာဏသည်ပင်လျှင် တိုင်းရင်းသားအများစုက စားသုံးခြင်းမဟုတ်ဘဲ အင်္ဂလိပ်အစိုးရ ဝန်ထမ်းများ၊ အင်္ဂလိပ်စစ်တပ်များနှင့် နိုင်ငံခြားသားများကသာ စားသုံးကြခြင်းဖြစ်သည်။ သို့ဖြစ်၍ ကျိုက္ခမီသကြားစက်၏ ထုတ်လုပ်နိုင်မှုက ပြည်တွင်းစားသုံးမှုအတွက် လုံလောက်သည့်အပြင် ပိုလျှံ၍ပင် နေခဲ့သည်။ ပြည်ပမှ သကြားတင်သွင်းမှုပြုခြင်းနှင့် ကျိုက္ခမီမှအင်္ဂလန်သို့ သကြားတင်ပို့မှုကို ပိတ်ပင်လိုက်မှုတို့ကြောင့် ကျိုက္ခမီသကြားစက်သည် ၁၈၄၆ ခုနှစ်တွင် ထူထောင်ပြီးသမျှ လုပ်ငန်းအားလုံးကို ပိတ်ပစ်လိုက်ရကာ သကြားစက်၏ အစိတ်အပိုင်းများကိုလည်း အရှုံးခံပြီး ရောင်းချလိုက်ကြရသည်။

ဝယ်ယူသူများက ကျိုက္ခမီသကြားစက်ကို တစ်စစီဖြုတ်ပြီးလျှင် အိန္ဒိယနိုင်ငံ ကာလကတ္တား(ကိုလ်ကတ္တား)မြို့သို့ ပြောင်းရွှေ့တပ်ဆင်ကာ ဆက်လက်လည်ပတ်ခဲ့ကြသည်။ ဤသို့ဖြင့် ကျိုက္ခမီသကြားစက်နှင့်အတူ မြန်မာ့မြေပေါ်တွင် အစောဆုံးပေါ်ထွန်းခဲ့သော သကြားချက်လုပ်ရေးလုပ်ငန်းလည်း ပျောက်ကွယ်ခဲ့ရကာ ကြံစိုက်ပျိုးရေးမှာလည်း ကျဆင်းသွားရတော့သည်။

ဒုတိယမြောက် သကြားစက်တစ်ခုကို မုတ္တမမြို့၌ တည်ထောင်ရန် ကြိုးပမ်းခဲ့ခြင်းကလည်း အောင်မြင်မှုမရခဲ့ပေ။ သကြားစက်လုပ်ငန်း မအောင်မြင်ခဲ့သော်လည်း ကြံစိုက်ပျိုးခြင်းမှာ မြန်မာတိုင်းရင်းသားတို့၏ ရှေးရိုးစဉ်လာ ကြံသကာလုပ်ငန်းအတွက် ကုန်ကြမ်းဖြစ်သောကြောင့် ရွှေကျင်၊ ဘီးလင်း၊ သဲဖြူဒေသတို့၌ အများအပြားစိုက်ပျိုးခဲ့ကြသလို သရက်မြို့အနီး၌လည်း စိုက်ပျိုးခဲ့ကြသည်။ သရက်မြို့ဝန်းကျင်မှ ကြံစိုက်ခင်းများကို အခြေခံကာ ၁၈၇၅-၁၈၇၆ ခုနှစ်တွင် ကြံကြိတ်စက်တစ်လုံးကို တည်ဆောက်ခဲ့ဖူးသည်။ ၁၈၈၅-၁၈၈၆ ခုနှစ်တွင်လည်း Messrs Thomson and Mylne Co. က ကျပ်ငွေ ၅၀၀ တန် ကြံကြိတ်စက်တစ်လုံးကို ဝါးနက်ချောင်းတွင် ဆောက်လုပ်ကာ စမ်းသပ်ခဲ့သည်။ သို့ရာတွင် ထိုဒေသရှိ ကြံစိုက်ပျိုးသူ ရှမ်းအမျိုးသားတို့က မနှစ်မြို့က် မသုံးစွဲကြသဖြင့် လုပ်ငန်းမအောင်မြင်ခဲ့ပေ။


**အောင်မြင်ခဲ့သော အရက်ချက်စက်ရုံ**

မြန်မာမင်းများလက်ထက်တွင် အရက်သေစာသောက်စားခြင်းကို မင်းမိန့်ဖြင့် ပိတ်ပင်တားမြစ်ချက်ရှိခဲ့သည်။ ဗြိတိသျှကိုလိုနီလက်ထက်၌ အရက်သောက်သုံးသည့် အလေ့အကျင့်ရှိသော နိုင်ငံခြားသားများရှိသောကြောင့်လည်းကောင်း၊ အခွန်ဘဏ္ဍာရရှိရေးကို ရှေးရှုသောကြောင့်လည်းကောင်း အစိုးရက အရက်ဆိုင်များကို လိုင်စင်ဖြင့် ဖွင့်လှစ်ရောင်းချခွင့်ပြုထားခဲ့သည်။ ယင်း၏ ဆက်စပ်အကျိုးဆက်အဖြစ် ၁၈၆၀ ပြည့်နှစ်ဝန်းကျင်က အရက်ချက်စက်ရုံတစ်ခု ပေါ်ထွန်းလာခဲ့သည်။ ထိုအရက်ချက်စက်ရုံကို မော်လမြိုင်မြို့အစွန် တောင်ဘက်ရှိ မုပွန်နတ်ကျွန်းရပ်ကွက် မုပွန်ချောင်းနံဘေး၌ အင်္ဂလိပ်လူမျိုး George Evans Lidiard Dawson ဆိုသူက တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ စက်ရုံမန်နေဂျာနှင့် အရက်ချက်လုပ်သူမှာ ပြင်သစ်လူမျိုး Joseph Edmon Limonzin ဖြစ်သည်။ ဖီးနစ်အရက်ချက်စက်ရုံ(Phoenix Distillery)ဟု လူသိများကာ ထင်ရှားခဲ့သည်။

စက်ရုံပိုင်ရှင် G.E.L Dawson က အရက်ချက်စက်ရုံကို ၁၈၆၃ ခုနှစ် ဇွန် ၂၁ ရက်တွင် မန်နေဂျာ Joseph Edmon Limonzin အား ငွေကျပ် ၄၀၀၀၀ ဖြင့် ရောင်းချလိုက်သဖြင့် ဒုတိယပိုင်ရှင်က ဖီးနစ်အရက်ချက်စက်ရုံအမည်ဖြင့်ပင် ဆက်လက်ထုတ်လုပ်ရောင်းချခဲ့သည်။ ၁၈၈၄ ခုနှစ်တွင် J.E.Limonzin က အရက်ချက်စက်ရုံကို တရုတ်လူမျိုး မစ္စတာလောင်ချိုင်အား ရောင်းချလိုက်ပြန် သဖြင့် ထိုအချိန်မှစ၍ ကိုလိုနီခေတ်တစ်လျှောက်လုံးတွင် လောင်ချိုင်အရက်ချက်စက်ရုံအမည်ဖြင့် ထင်ရှားခဲ့သည်။

မစ္စတာလောင်ချိုင်လက်ထက်တွင် စက်ရုံကို ပိုမိုကောင်းမွန်အောင် ပြုပြင်တိုးချဲ့လျက် ကုန်ကြမ်း တင်လဲရည်များကို ဂျာဗားမှ မှာယူအသုံးပြုသလို ပြည်တွင်းထွက် ကြံသကာနှင့် ထန်းလျက်များကိုလည်း ဆက်လက်အသုံးပြုခဲ့ရာ နိုင်ငံခြားစံချိန်မီအရက်များ ထုတ်လုပ်နိုင်ခဲ့သည်။

ရခိုင်နှင့် တနင်္သာရီတို့သည် အင်္ဂလိပ်-မြန်မာ ပထမ



တန်ချိန် ၁၂၀၀ ရှိပြီး မြန်မာ့ကျွန်းသစ်များဖြင့် ၁၈၅၆ ခုနှစ်က မော်လမြိုင်တွင် တည်ဆောက်ခဲ့သည့် Cospatrick သင်္ဘော။

စစ်ပွဲအပြီး ၁၈၂၆ ခုနှစ်တွင် အင်္ဂလိပ်တို့၏ စိုးမိုးမှုအောက်သို့ ရောက်ခဲ့ကြရသည်။ အင်္ဂလိပ်တို့လက်အောက်တွင် တနင်္သာရီဒေသသည် ရခိုင်ဒေသထက် စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်ခဲ့သည်။ အရင်းရှင်စီးပွားရေးလုပ်ငန်းများဖြစ်သော ဆန်စက်နှင့် သစ်စက်များသာမက သကြားချက်စက်ရုံနှင့် အရက်ချက်စက်ရုံများလည်း ပေါ်ထွန်းခဲ့သည်။ ထို့ပြင် သင်္ဘောတည်ဆောက်ရေးလုပ်ငန်း၊ စာပုံနှိပ်စက်လုပ်ငန်းများလည်း စတင် အခြေတည်ခဲ့သည်။

**သင်္ဘောတည်ဆောက်ရေးလုပ်ငန်း**

အောက်မြန်မာနိုင်ငံတွင် မြန်မာ့ကျွန်းသစ်ဖြင့် တည်ဆောက်သည့် သင်္ဘောလုပ်ငန်းများမှာ ၁၇၀၀ ပြည့်နှစ်လွန် ကာလကတည်းက ရန်ကုန်နှင့် သန်လျင်တို့၌ ရှိခဲ့ပြီး ၁၇၈၆ ခုနှစ်မှ ၁၈၂၄ ခုနှစ်အထိ ၃၉ နှစ်ခန့်အတွင်း သင်္ဘောစုစုပေါင်း ၁၁၁ စင်း တည်ဆောက်ခဲ့ရာ စုစုပေါင်း ဝန်တင်အားမှာ တန်ချိန် ၃၆၀၀၀ ဖြစ်သည်။ မော်လမြိုင်တွင် ၁၈၃၀ ပြည့်နှစ်ခန့်မှ စတင်အခြေချခဲ့သော သင်္ဘောတည်ဆောက်ရေးလုပ်ငန်းများက ထို့ထက်ပင် ပိုမိုထုတ်လုပ်နိုင်ခဲ့သည်။

အင်္ဂလိပ်တို့လက်အောက် ကျရောက်ခါစ ၁၈၂၆ ခုနှစ်က ရွာငယ်ကလေး တစ်ရွာမျှသာ ရှိသေးသော မော်လမြိုင်သည် သုံးလေးနှစ်အတွင်းမှာပင် သင်္ဘောဆိပ်မြို့ကြီးတစ်မြို့ ဖြစ်လာခဲ့သည်။ ဆန်စပါးနှင့် ကျွန်းသစ်ရောင်းဝယ်ရေးလုပ်ငန်းများကို အခြေခံ၍ ဆန်စက်များနှင့် သစ်စက်များ ပေါ်ထွန်းလာသကဲ့သို့ သင်္ဘောတည်ဆောက်ရေးလုပ်ငန်းများနှင့် ကုမ္ပဏီများလည်း အပြိုင်အဆိုင် ပေါ်ထွန်းလာခဲ့သည်။ မော်လမြိုင် မုပွန်အရပ်ရှိမြေသည် ဂဝံကျောက်မြေဖြစ်သဖြင့် သင်္ဘောကျင်းတည်ဆောက်မှုအတွက် အဆင်ပြေကာ စရိတ်အကုန်အကျ သက်သာခဲ့သည်။ ဒီရေအတက်အကျကလည်း ၂၁ ပေအထိရှိရာ သင်္ဘောများ လွှန်းတင်ရန် လွယ်ကူအဆင်ပြေလှသည်။

မစ္စတာဝါရစ်ဆိုသူက ၁၈၃၀ ပြည့်နှစ်တွင်ပင် ဝန်အားတန် ၅၀ တင်နိုင်သော နှစ်ပင်တိုင် စကူးနာ (Schooner) အမျိုးအစား သင်္ဘောတစ်စင်းကို စတင် တည်ဆောက်ခဲ့သည်။ မစ္စတာဝါရစ် တည်ဆောက်ခဲ့သည့် ဒဲဗေးလ်(Devil)အမည်ရှိ သင်္ဘောသည် မော်လမြိုင် သင်္ဘောကျင်း၌ အစောဆုံးတည်ဆောက်ခဲ့သော စကူးနာဖြစ်နိုင်သည်ဟု ယူဆရသည်။ နောက်ပိုင်းတွင် မုပွန်နှင့် ထားဝယ်စုအရပ်တို့၌ သင်္ဘောစက်ရုံများ အလျှိုအလျှို ပေါ်ထွန်းလာခဲ့သည်။

မော်လမြိုင်သင်္ဘောကျင်းများတွင် ၁၈၃၀ ပြည့်နှစ်မှ ၁၈၅၆ ခုနှစ်အထိ ၂၇ နှစ်အတွင်း သင်္ဘောစုစုပေါင်း ၁၃၂ စင်း တည်ဆောက်၍ ရေချနိုင်ခဲ့သည်။ စုစုပေါင်း ဝန်တင်အားမှာ တန်ချိန်ပေါင်း ၄၃၀၀၀ ခန့်ရှိသည်။ ထိုသို့ တည်ဆောက်ရေချခဲ့သော သင်္ဘောများထဲတွင် စကူးနာ ၃၉ စင်း၊ Barque ခေါ် သုံးပင်တိုင်သင်္ဘော ၃၇ စင်း၊ နှစ်ပင်တိုင်သင်္ဘော(Brig) ၁၈ စင်း၊ ပင်လယ်ကူးသင်္ဘော ၃၄ စင်း၊ မီးသင်္ဘောငါးစင်း၊ တစ်ပင်တိုင်သင်္ဘော Sloop တစ်စင်းနှင့် Cutter တစ်စင်းတို့ ပါဝင်ကြသည်။

သင်္ဘောတည်ဆောက်ရေးလုပ်ငန်းများတွင် Sutherland ကုမ္ပဏီက အင်အားအကောင်းဆုံးဖြစ်ကာ ၁၈၄၂ ခုနှစ်မှ ၁၈၄၉ ခုနှစ်အတွင်း သင်္ဘောကြီးငယ် ၁၃ စင်းကို တည်ဆောက်နိုင်ခဲ့သည်။ ဒုတိယအကြီးဆုံးကုမ္ပဏီမှာ Gladstone ဖြစ်ပြီး ၁၈၅၂ ခုနှစ်မှ ၁၈၅၉ ခုနှစ် အတွင်း ပင်လယ်ကူးသင်္ဘော လေးစင်းအပါအဝင် စုစုပေါင်း သင်္ဘောခြောက်စင်း တည်ဆောက်ခဲ့သည်။ ယင်းကုမ္ပဏီက ၁၈၅၆ ခုနှစ်တွင် တည်ဆောက်ခဲ့သော Cospatrick အမည်ရှိ ပင်လယ်ကူးသင်္ဘောမှာ ဝန်တင်အား ၁၄၁၈ တန်ရှိသည့် သင်္ဘောဖြစ်ပြီး မော်လမြိုင် သင်္ဘောတည်ဆောက်ရေးလုပ်ငန်းအသီးသီးက တည်ဆောက်သမျှထဲတွင် အကြီးဆုံးသင်္ဘောဖြစ်သည်။

**သင်္ဘောတည်ဆောက်သော ကုမ္ပဏီများ**

ထိုစဉ်က မော်လမြိုင်တွင် သင်္ဘောတည်ဆောက်မှုလုပ်ငန်း အလွန်ကြီးထွားဖွံ့ဖြိုးကာ သင်္ဘောတည်ဆောက်သော ကုမ္ပဏီနှင့် လုပ်ငန်းရှင် စုစုပေါင်း ၃၁ ခုရှိခဲ့သည်။ Darwood ကုမ္ပဏီ၊ Warrick ကုမ္ပဏီ၊ Chinal၊ R.J.B Richardson နှင့် Mouldတို့မှာ ထုတ်လုပ်စွမ်းအားအလွန်ကောင်းသော လုပ်ငန်းကြီးများ ဖြစ်ကြသည်။ နောက်ပိုင်းတွင် Mould သင်္ဘောလုပ်ငန်းကို တော့ဖင်ဒလေအင်ကုမ္ပဏီက ဆက်လက်ကြီးကြပ် ဆောင်ရွက်ခဲ့သည်။ Bremer၊ R.Gray၊ Ambrose Maurel Thomas၊ White၊ Smith၊ Josi Maria Andrado စသည့် လုပ်ငန်းပေါင်း ၃၁ ခုတွင် မောင်ဝေးသင်္ဘောလုပ်ငန်းနှင့် ဆရာဘသင်္ဘောလုပ်ငန်း နှစ်ခုသာလျှင် တိုင်းရင်းသားပိုင်ဖြစ်ပြီး ကျန်လုပ်ငန်းများကို နိုင်ငံခြားသား အထူးသဖြင့် အင်္ဂလိပ်လူမျိုးများက ပိုင်ဆိုင်ခဲ့ကြသည်။

မော်လမြိုင်ရှိ သင်္ဘောတည်ဆောက်ရေးလုပ်ငန်းများကို ၁၈၃၀ ပြည့်နှစ်တွင် စကူးနာတစ်စင်း၊ ၁၈၃၂ ခုနှစ်တွင် သုံးပင်တိုင်တစ်စင်းတို့ တည်ဆောက်ခြင်းဖြင့် အစပျိုးခဲ့သည်။ နောက်ပိုင်းတွင် တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်တည်ဆောက်နိုင်ခဲ့ရာ ၁၈၃၄ ခုနှစ်က လေးစင်း၊ ၁၈၃၇ ခုနှစ်က ၁၀ စင်း၊ ၁၈၃၈ ခုနှစ်က ၁၃ စင်းအထိ ရေချနိုင်ခဲ့သည်။ ၁၈၃၀ မှ ၁၈၅၆ ခုနှစ် ကာလများအတွင်း ၁၈၃၈ ခုနှစ်သည် ထုတ်လုပ်မှုစွမ်းအား အကောင်းဆုံးနှစ်ဖြစ်ခဲ့သည်။ ကျန်နှစ်များတွင်လည်း ငါးစင်းနှင့် ၁၀ စင်းအကြား တည်ဆောက်ခဲ့ပြီး ၁၈၅၆ ခုနှစ်တွင်မူ နှစ်စင်းသာ တည်ဆောက်နိုင်ခဲ့သည်။

သင်္ဘောတည်ဆောက်ရေး လုပ်ငန်းများတွင် ပိုင်ရှင်များနှင့် ကြီးကြပ်အုပ်ချုပ်သူများမှာ နိုင်ငံခြားသားများဖြစ်ကြသည်။ သင်္ဘောကိုယ်ထည် တည်ဆောက်ရေးလုပ်ငန်းများကို တိုင်းရင်းသားနှင့် တရုတ်လက်သမားများက လုပ်ဆောင်ခဲ့ကြသည်။ ပြည်ပသို့ သစ်တင်ပို့ရောင်းချသည့်လုပ်ငန်း တိုးတက်ခဲ့သဖြင့် သစ်ခွဲ၊ လွှဆွဲလုပ်ငန်းနှင့် ရေနွေးငွေ့သုံး သစ်စက်များကိုလည်း တည်ထောင်ခဲ့ကြရာ သင်္ဘောတည်ဆောက်ရေးလုပ်ငန်းများအတွက် အဆင်ပြေ လွယ်ကူစေခဲ့သည်။

အစိုးရက ကျွန်းသစ်အပေါ် ထုတ်လုပ်မှုအခွန် ၁၅ ရာခိုင်နှုန်း ကောက်ခံနေရာမှ ၁၀ ရာခိုင်နှုန်းသို့ လျှော့ချကောက်ခံခဲ့သဖြင့် ကျွန်းသစ်ဈေးကလည်း သက်သာလှပေရာ မော်လမြိုင်၌ သင်္ဘောတည်ဆောက်ခြင်းက ကာလကတ္တား(ကိုလ်ကတ္တား)တွင် တည်ဆောက်ခြင်းထက် ကုန်ကျစရိတ် ထက်ဝက်နီးပါးမျှ သက်သာခဲ့သည်။ လုပ်ငန်းတွင်လိုအပ်သော သံကို ထားဝယ်မှရရှိသလို ကျောက်မီးသွေးကိုလည်း မြိတ်မှရရှိကာ ကြေးနီကိုသာလျှင် အင်္ဂလန်မှ မှာယူခဲ့ရသည်။ ထို့ကြောင့်ပင် မော်လမြိုင်၌ သင်္ဘောတည်ဆောက်ရေးလုပ်ငန်းများမှာ ကြီးထွားဖွံ့ဖြိုးတိုးတက်အောင်မြင်ခဲ့ကြသည်။ မော်လမြိုင်ရှိ သင်္ဘောကျင်းများက သင်္ဘောများတည်ဆောက်သည့်အပြင် သင်္ဘောဟောင်းများကိုလည်း လွှန်းတင် ပြင်ဆင်ပေးခဲ့ကြသည်။ ။

## ဝက်လက်မြို့နယ် ရွှေပန်းကုံးကျေးရွာနှင့် ရွှေအိုးရကျေးရွာတို့တွင် မျိုးစေ့ထုတ် ၁၁၈ ကေစိုက်ပျိုး



ဝက်လက် ဩဂုတ် ၂၃
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ၂၀၂၀ ပြည့်နှစ် စီးပွားရေးကုစားမှု အစီအစဉ်ဖြင့် ရွှေပန်းကုံးကျေးရွာနှင့် ရွှေအိုးရကျေးရွာတို့တွင် မိုးစပါးမျိုးစေ့ထုတ် စိုက်ခင်းစိုက်ပျိုးရန် လျာထားသည့် ၁၁၈ ကေအနက် ၁၀၁ ကေ စိုက်ပျိုးပြီးစီးပြီ ဖြစ်သည်။

အဆိုပါ ကျေးရွာများတွင် စီးပွားဖြစ်မျိုးသန့်မျိုးစေ့၊ မျိုးသန့်မျိုးပွားစေ့ မျိုးကွဲနှစ်မျိုးကို စိုက်ပျိုးမည်ဖြစ်ရာ တောင်သူ ၃၅ ဦး၏ လယ်မြေများတွင် ရောမင်းရှစ်ကေနှင့် ပေါ်ဆန်းရင်ကေ ၁၁၀ လျာထားရာတွင် ၁၀၁ ကေကို စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ဦးစီးမှူး ဒေါ်အေးမာလာ၏ ပြောကြားချက်အရ သိရသည်။

ကျန်ရှိနေသော ၁၇ ကေကိုလည်း ဆက်လက်၍ စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

**စိုးစိုးလှိုင် (ဝက်လက်)**

## အိန္ဒိယသို့ မတ်ပဲတန်ချိန်လေးသိန်းတင်ပို့မှု အချိန်တိုးပေးရန် တောင်းဆိုထားသော်လည်း အကြောင်းမပြန်သေး

ရန်ကုန် ဩဂုတ် ၂၃
အိန္ဒိယသို့ မတ်ပဲတန်ချိန်လေးသိန်းတင်ပို့မှု အချိန်တိုးပေးရန် တောင်းဆိုထားသော်လည်း အကြောင်းမပြန်သေးကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှ အတွင်းရေးမှူး ဦးမင်းကိုဦးက ပြောသည်။

“ အိန္ဒိယဘက်က ဒီမတ်ပဲတန်ချိန်လေးသိန်းကို နောက်ထပ် Extension ပေး/မပေးဆိုတာ ခုချိန်ထိ တိတိကျကျတော့ မထွက်လာသေးဘူး။ ဒါပေမယ့် အိန္ဒိယကုန်သည် တော်တော်များများကတော့ ဒီ Extension တစ်ကြိမ်တော့ ပေးနိုင်တယ်ဆိုပြီး သုံးသပ်တာပေါ့လေ။ ဒါပေမယ့် ပေး/မပေးဆိုတာတော့ ကျွန်တော်တို့လည်း ဒီလမကုန်ခင်တော့ စောင့်ကြည့်ရမယ်’’ ဟု ဦးမင်းကိုဦးက ပြောသည်။

အိန္ဒိယအစိုးရအနေဖြင့် ယခင်က ပြည်ပမှ တင်သွင်းမည့် မတ်ပဲတန်ချိန်လေးသိန်းကို လာမည့် ၂၀၂၁ ခုနှစ် မတ်လအတွင်း အပြီးတင်သွင်းရမည်ဟု ကြေညာခဲ့သော်လည်း မေ ၂၂ ရက်ကမှ အချိန် သုံးလအတွင်း အပြီးတင်သွင်းရမည်ဟု အသိပေးစာထုတ်ပြန်၍ မူဝါဒထပ်မံပြောင်းလဲလိုက်ခြင်းဖြစ်သည်။

ထိုသို့ အိန္ဒိယ၏ ပဲတင်သွင်းမှုမူဝါဒ အပြောင်းအလဲကြောင့် မတ်ပဲတန်ချိန်လေးသိန်းကို ယခုလကုန်အတွင်း အပြီးတင်သွင်းရမည်မှာ မဖြစ်နိုင်သည့်အပြင် ပြည်တွင်းမှာလည်း ပဲအလုံအလောက်မရှိကြောင်း၊ လက်ရှိပြည်တွင်း မတ်ပဲလက်ကျန်မှာလည်း တန်ချိန်နှစ်သိန်း၊ နှစ်သိန်းခွဲဝန်းကျင်သာရှိကြောင်း၊ လက်ရှိ အခြေအနေအရ အိန္ဒိယသို့တင်ပို့ရမည့် မတ်ပဲတန်ချိန် လေးသိန်းအနက် တန်ချိန်တစ်သိန်းခန့်သာ တင်ပို့နိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်အသင်းထံမှ သိရသည်။

သို့ဖြစ်၍ အိန္ဒိယသို့ မတ်ပဲတင်ပို့မှုအတွက် အချိန်တိုးပေးရန် အိန္ဒိယသံရုံးနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းက တောင်းဆိုထားခြင်းဖြစ်သည်။

လက်ရှိ ပဲဈေးကွက်အတွင်း၌လည်း ဈေးနှုန်း အပြောင်းအလဲမရှိဘဲ မတ်ပဲတစ်တန် လျှင်ငွေကျပ် ၉၅၀၀၀၀ ခန့်ရှိပြီး ပဲစင်းငုံတစ်တန် လျှင်ငွေကျပ် ၈၀၂၅၀၀ ခန့်ရှိကြောင်း ဈေးကွက် အတွင်းမှ သိရသည်။

အိန္ဒိယနိုင်ငံမှ အဓိကဝယ်ယူမည့် မတ်ပဲသည် မြန်မာနိုင်ငံကသာ အဓိကစိုက်ပျိုးပြီး အခြား ပဲစင်းငုံ၊ ပဲတီစိမ်း၊ စားတော်ပဲများကိုမူ မြန်မာနိုင်ငံအပြင် အာဖရိကတိုက်နှင့် ဩစတြေးလျနိုင်ငံများ၌လည်း စိုက်ပျိုးကြကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းထံမှ သိရသည်။

**ငြိမ်းငြိမ်း**

## ဒီးမော့ဆိုမြို့နယ်အတွင်း မိုးစပါးမျိုးစေ့ထုတ်မည့် တောင်သူများအား ဟင်းသီးဟင်းရွက်မျိုးစေ့များ ထောက်ပံ့

ဒီးမော့ဆို ဩဂုတ် ၂၃
ကိုဗစ်- ၁၉ စီးပွားရေးကုစားမှု အစီအစဉ်အရ ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်ရှိ မြို့မ၊ ငွေတောင်၊ ဆင်တောင်၊ ဒေါဘူးကူး၊ ဆောင်ဒူရွာသစ်၊ သေးဆူလဲ၊ နောင်ပုလဲနှင့် စံပြ (၆)မိုင် ကျေးရွာအုပ်စုများမှ တောင်သူ ၅၄၈ဦးက မိုးစပါးမျိုးစေ့ထုတ်စိုက်ကေ ၇၈၀ စိုက်ပျိုးဆောင်ရွက်လျက်ရှိပြီး မိုးစပါးမျိုးစေ့များ အောင်မြင်စွာ ထုတ်လုပ်နိုင်ရန်အတွက် တောင်သူများနှင့် တွေ့ဆုံဆွေးနွေးခြင်းကို ယမန်နေ့က ငွေတောင်ဆည်အနီး စိုက်ကွင်း၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသက်ဇင်မောင်က မိုးစပါးမျိုးစေ့ထုတ်လုပ်ရာတွင် နိုင်ငံတော်အစိုးရက ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်အရ ထောက်ပံ့ငွေများ ပေးအပ်လျက်ရှိပြီး စာချုပ်ပါအတိုင်း စည်းမျဉ်းစည်းကမ်းနှင့်အညီ ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ တောင်သူများအနေနှင့် အရည်အသွေးကောင်းမွန်သောမျိုးစေ့များ ထုတ်လုပ်ပြီး အခြားတောင်သူများအတွက် အကျိုးရှိသော မျိုးစေ့များဖြစ်စေရန် ဌာနမှ ညွှန်ကြားထားသော နည်းစနစ်အတိုင်း စိုက်ပျိုးဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက မိုးစပါးမျိုးစေ့ထုတ်မည့်တောင်သူ၅၀အတွက် တစ်ဦးလျှင်အိမ်ခြံဝင်းအတွင်း စိုက်ပျိုးနိုင်သော ဟင်းသီးဟင်းရွက်မျိုးစေ့ ၁၈ မျိုးနှင့် စိုက်ပျိုးရေးသုံးပစ္စည်းများကို ပေးအပ်ကြကြောင်း သိရသည်။



**ရီရယ်(ဒီးမော့ဆို)**

## လင်းခေးမြို့နယ်၌ မိုးနှမ်းများရိတ်သိမ်းချိန်တွင် ယခင်နှစ်များထက် ရောင်းဈေးကျဆင်းနေ

လင်းခေး ဩဂုတ် ၂၃
ရှမ်းပြည်နယ်(တောင်ပိုင်း)လင်းခေးခရိုင် လင်းခေးမြို့၌ စိုက်ပျိုးထားသော မိုးနှမ်းစိုက်ခင်းများ ရိတ်သိမ်းချိန်တွင် နှမ်းဈေးရော နှမ်းဆီဈေးပါ ကျဆင်းနေသဖြင့် ဒေသခံ မိုးနှမ်းစိုက်တောင်သူများက အဆင်မပြေမှုများ ကြုံတွေ့နေရကြောင်း သိရသည်။

လင်းခေးမြို့ တောင်ရွာရပ်နေ နှမ်းစိုက်တောင်သူတစ်ဦးက "နှမ်းနက်၊ နှမ်းနီ၊ နှမ်းဖြူ၊ နှမ်းပြာနဲ့ ဂျပန်နှမ်းလို့ခေါ်တဲ့ ပန်းနှမ်းတွေ ကျွန်တော်တို့ တောင်သူတွေ စိုက်ပျိုးကြပါတယ်။ များသောအားဖြင့်တော့ နှမ်းနက်(တရုတ်နှမ်း)၊ နှမ်းနီနဲ့ နှမ်းဖြူတွေကို နှစ်စဉ် တောင်သူအများစုက အဓိကထား စိုက်ပျိုးလေ့ရှိပါတယ်။ နှမ်းနက်က နှမ်းစေ့ကိုပဲ ရောင်းကြတယ်၊ ဆီအဖြစ် မရောင်းကြဘူး၊ ပြီးတဲ့နှစ်မှာ နှမ်းနက်တစ်အိတ်(၂၂ ပိဿာဝင်)ကို ငွေကျပ် ၁၂၀၀၀၀ ကနေ ၁၅၀၀၀၀ အထိ ဈေးရတယ်၊ ဒီနှစ်မှာ ကျပ်တစ်သိန်းလောက်ပဲ ဈေးရပါတယ်။ နှမ်းနီ၊ နှမ်းဖြူတွေက ဆီကြိတ်ပြီးမှ ရောင်းကြပါတယ်။ ဆီဈေးကလည်း ပြီးခဲ့တဲ့နှစ်တွေ နှမ်းဆီတစ်ပုံး ငွေကျပ် ၇၀၀၀၀ လောက်ရပြီး ဒီနှစ်မှာ တစ်ပုံးကို ငွေကျပ် ၄၀၀၀၀ လောက်ပဲ ဈေးရှိတော့တာမို့ တောင်သူတွေအနေနဲ့ မကိုက်ဘူး"ဟု ပြောသည်။

**စိုင်းဇော်လတ်(လင်းခေး)**

## သုံးခွတွင် မိုးရွာသွန်းပြီး လေပြင်းတိုက်မှုကြောင့် လူနေအိမ်များပျက်စီး

သုံးခွ ဩဂုတ် ၂၃
ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်တွင် ဩဂုတ်၂၂ ရက် မွန်းလွဲပိုင်းမှစ၍ မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် အမှတ်(၈ )ရပ်ကွက် ဗန္ဓုလလမ်းရှိ ဒေါ်တင်တင်ဝင်း၏ နေအိမ် မီးဖိုခန်းသစ်ပင်ပိမိခြင်းနှင့် နေအိမ်သုံးလုံးမှာ အမိုးလန်ပျက်စီးသည်။

အဆိုပါ နေရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ပရဟိတအဖွဲ့ဝင်များက အမိုးများပြန်လည်မိုးပေးခဲ့ပြီး သစ်ကိုင်းများ ဖယ်ရှားရှင်းလင်းပေးခဲ့ကြောင်း သိရသည်။

**တင်တင်ထွေး (သုံးခွ)**

## ကြို့ပင်ကောက်မြို့နယ်၌ စပါးမျိုးအခက်အခဲမဖြစ်စေရန် အထွက်နှုန်းယှဉ်ပြိုင်စမ်းသပ်ကွက်များ ဆောင်ရွက်ထား

ကြို့ပင်ကောက် ဩဂုတ် ၂၃
စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကိုဗစ်-၁၉ ကာလအတွင်း စပါးမျိုးအခက်အခဲမဖြစ်စေရန် ပဲခူးတိုင်း(အနောက်ခြမ်း) ကြို့ပင်ကောက်မြို့နယ်တွင် ဒေသ၏ ရေ၊ မြေ၊ ရာသီဥတုနှင့် လိုက်လျောညီထွေသည့် စပါးမျိုးများ အထွက်ယှဉ်ပြိုင်စမ်းသပ်ခြင်း သုတေသနစိုက်ခင်းများ စိုက်ပျိုးထားကြောင်း သိရသည်။

ဒေသခံတောင်သူ ဦးမြင့်သိန်း၏ လယ်ကွက်အတွင်း စိုက်ပျိုးထားသည့် အကွက်ကျယ် သုတေသနစိုက်ခင်းကို စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနိုင်ကြည်ဝင်းနှင့် သုတေသနပညာရှင်များက ဩဂုတ် ၁၉ ရက်က ကွင်းဆင်းကြည့်ရှုပြီး တောင်သူလယ်သမားများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူများ၏ စိုက်ပျိုးရေးဆိုင်ရာအခက်အခဲများကို စိုက်ပျိုးရေးသုတေသနပညာရှင်များနှင့် စိုက်ပျိုးပညာပေး ပညာရှင်များ အတူပူးပေါင်း ဖြေရှင်းပေးရန်၊ တောင်သူများ တစ်ကေအကျိုးအမြတ် ပိုမိုရရှိစေရေးအတွက် ဈေးကောင်းရသော သီးနှံပုံစံများ ပြောင်းလဲစိုက်ပျိုးရန်၊ သီးနှံများစိုက်ပျိုးထုတ်လုပ်ရောင်းချရာတွင် တောင်သူများအချင်းချင်း ပူးပေါင်း ဆောင်ရွက်သည့် အလေ့အကျင့်ကောင်းများ ရရှိနိုင်ရေးအတွက်လည်း စိုက်ပျိုးပညာပေးဝန်ထမ်းများက ပူးပေါင်းကူညီပေးရန်နှင့် စမ်းသပ်ကွက်မှတ်တမ်းများကို ကောက်ယူရာတွင် သိပ္ပံနည်းကျ စနစ်တကျဆောင်ရွက်ရန်တို့ကို ညွှန်ကြားရေးမှူးချုပ်က မှာကြားသည်။

အဆိုပါ စိုက်ခင်းတွင် ဒေသနှင့် လိုက်လျောညီထွေသော စပါးမျိုးများ ဖြစ်သည့် ရတနာတိုး၊ ဆင်းသုခ၊ မနောသုခ၊ ပေါ်ဆန်းရင်၊ ဖျော့ထွန်း၊ မော်ဘီ-၂၊ ပြည်တော်ရင်နှင့် ပခန်းရွှေဝါစပါးမျိုးများကို အထွက်နှုန်းယှဉ်ပြိုင် စမ်းသပ်ကွက်အဖြစ် အကွက်ကျယ်သုတေသနပြုစိုက်ပျိုးထားကြောင်း သိရသည်။

**မေမိုးသဲ**



## ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ ငါးမွေးတောင်သူများအား တစ်ကေ ငါးသားပေါက်ကောင်ရေ ၂၀၀၀ နှုန်း ထောက်ပံ့

ရန်ကုန် ဩဂုတ် ၂၃
ကိုဗစ်-၁၉ ကာလတွင် စီးပွားရေးထိခိုက်မှုကို လျော့ကျစေရန် နိုင်ငံတစ်ဝန်းမှ ငါးမွေးတောင်သူများအား တစ်ကေလျှင် ငါးသားပေါက်ကောင်ရေ ၂၀၀၀ ဖြင့် ငါးမြစ်ချင်းသားပေါက်ကောင်ရေ သိန်းပေါင်း ၃၀၀၀ ကျော်ကို နိုင်ငံတော်က ထောက်ပံ့လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ငါးမွေးတောင်သူတို့အတွက် ငါးမြစ်ချင်းသားပေါက်သိန်း ၁၃၀၀ ကျော်ကို ထောက်ပံ့ပေးလျက်ရှိကြောင်း တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

မြန်မာနိုင်ငံတွင် ငါးမွေးမြူမှုအများဆုံးမှာ ရန်ကုန်တိုင်းဒေသကြီးဖြစ်ပြီး တောင်သူ ၄၂၁၄ ဦးက ကေ ၆၈၀၀၀ ခန့် မွေးမြူထားရာ ၎င်းတို့အတွက် တစ်ကေလျှင်ငွေကျပ် ၄၀၀၀၀ နှင့်ညီမျှသည့် ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၂၀၀၀ နှုန်းဖြင့် ကောင်ရေသိန်း ၁၃၀၀ ကျော်ကို အခမဲ့ဖြန့်ဝေမည်ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနက ငါးသားပေါက်ကောင်ရေ သိန်း ၅၀ ကို ဖြန့်ဝေပေးပြီးဖြစ်ကာ ဆက်လက်ဖြန့်ဝေရန် ကျန်ရှိသော ငါးသားပေါက်များအတွက် ပုဂ္ဂလိက ငါးသားပေါက်လုပ်ငန်းများကို တင်ဒါခေါ်ယူခဲ့ပြီး စက်တင်ဘာလ နောက်ဆုံးထား၍ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

“ ဩဂုတ် ၉ ရက်က လှော်ကားနဲ့ ၁၆ ရက်က တွံတေး ငါးသားပေါက်စခန်းမှာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ငါးမွေးတောင်သူတွေကို ငါးမြစ်ချင်းသားပေါက်တွေ ထောက်ပံ့ပါတယ်။ ငါးမွေးတောင်သူတွေလည်း ဝမ်းသာနေကြတာပါ။ ပြီးတော့ အခုလိုထောက်ပံ့မှုကနေ ငါးမွေးတောင်သူတွေ အတွက် ဘယ်လိုအကျိုးအမြတ်ရနိုင်လဲဆိုတာ ဆန်းစစ်ဖို့ လမ်းညွှန်ထားတာ ကြောင့် ဌာနအနေနဲ့ ဆောင်ရွက်ဖို့လည်းရှိပါတယ်’’ ဟု တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန မွေးမြူရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဦးက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ငါးလုပ်ငန်းဦးစီးဌာန၏ လှော်ကား၊ လေးထောင့်ကန်နှင့် တွံတေးငါးသားပေါက် မွေးမြူရေးစခန်းများရှိပြီး ပေးဝေရန် လိုအပ်သော ငါးသားပေါက်များအတွက် ဧပြီ ၁၇ ရက်က တင်ဒါခေါ်ယူခဲ့ရာ ပုဂ္ဂလိက ငါးသားပေါက်စခန်းများမှ တွံတေး၊ သုံးခွ၊ ခရမ်း၊ ကျောက်တန်း၊ ကွမ်းခြံကုန်း၊ ကော့မှူး၊ တိုက်ကြီးနှင့် အင်းစိန်မြို့နယ်တို့ရှိ ငါးမွေးတောင်သူတို့အား ဆက်လက် ထောက်ပံ့မည်ဖြစ်သကဲ့သို့ ငါးလုပ်ငန်းဦးစီးဌာနကလည်း အင်းစိန်နှင့် ထန်းတပင်မြို့နယ်တို့ရှိ ငါးမွေးတောင်သူများအား ဆက်လက်ထောက်ပံ့သွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းထိုက်**

# နိုင်ငံတကာဈေးကွက်တွင် မြန်မာ့ကော်ဖီ၏ အနံ့အရသာ တန်းဝင်ပစ္စည်းဖြစ်လာမှုနှင့်အတူ အော်ဂဲနစ် ထွက်ကုန်အဖြစ် ဈေးကွက်၏ စိတ်ဝင်စားမှုကိုလည်း ရရှိနေ

**နေပြည်တော် ဩဂုတ် ၂၃**

နိုင်ငံတကာဈေးကွက်တွင် မြန်မာ့ကော်ဖီ၏ အနံ့အရသာကို တန်းဝင်ပစ္စည်းအဖြစ် သုံးစွဲလာမှုနှင့်အတူ အော်ဂဲနစ်ထွက်ကုန်တစ်ခုအဖြစ် ဈေးကွက်၏ စိတ်ဝင်စားမှုကို ရရှိနေပြီဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ-ရာသီသီးနှံ ဌာနခွဲနှင့် ကရင်ပြည်နယ်ဦးစီးမှူးရုံးတို့ ပူးပေါင်း၍သံတောင်ကြီးမြို့နယ်၌ ဩဂုတ် ၂၀ ရက်က ပြုလုပ်ခဲ့သည့် သံတောင်ကြီးမြို့နယ်ရှိ ကော်ဖီစိုက်တောင်သူများအတွက် ကော်ဖီပျိုးပင်နှင့် လုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ပြောကြားသည်။

သံတောင်ကြီးဒေသကို အခြေပြုပြီး အော်ဂဲနစ်ဇုန်တစ်ခုအဖြစ် ထူထောင်၍ မင်းကွတ်၊ ကျွဲကော၊ လိုက်ချီး အစရှိသည့် ဝင်ငွေရသီးနှံများ စိုက်ပျိုးထုတ်လုပ်သည့် ဒေသတစ်ခု ဖြစ်ပေါ်လာရေးကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ပြီး ရေ မြေ ရာသီဥတု သင့်တော်သည့် ဒေသများတွင် ကော်ဖီသီးနှံကို စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်နိုင်စေရန် စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့် ကော်ဖီပျိုးပင်များ အသုံးပြုနိုင်ရေးအပြင် နည်းပညာ အကူအညီများကိုလည်း ဆက်လက်ပံ့ပိုးပေးသွားမည်ဖြစ်၍ တောင်သူများ၊ လုပ်ငန်းရှင်များအနေဖြင့်လည်း မြန်မာ့ကော်ဖီကဏ္ဍ အရှိန်အဟုန်ကောင်းစွာ ဖွံ့ဖြိုးလာစေရေး ဝိုင်းဝန်းကြိုးပမ်းပေးကြပါရန်လည်း တိုက်တွန်းပြောကြားခဲ့သည်။



တောင်သူကိုယ်စားလှယ်တစ်ဦးထံ ကော်ဖီပျိုးပင်များ ထောက်ပံ့ပေးအပ်စဉ်။

ကော်ဖီပျိုးပင်နှင့် လုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲတွင် စိုက်ပျိုးရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံကော်ဖီအသင်းတို့မှ တာဝန်ရှိသူများ၊ ကော်ဖီလုပ်ငန်းရှင်များ၊ ကော်ဖီစိုက်တောင်သူများ တက်ရောက်ခဲ့ပြီး ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ကော်ဖီပျိုးပင်များအပြင် မိသားစုအိမ်ခြံဝင်းစိုက်ခင်းများ ထူထောင်စိုက်ပျိုးနိုင်ရန် ဟင်းသီးဟင်းရွက် မျိုးစေ့များ၊ သဘာဝမြေဩဇာ၊ တမာပိုးသတ်ဆေးနှင့် စိုက်ပျိုးရေးသုံး ပစ္စည်းကိရိယာများကို တောင်သူကိုယ်စားလှယ်များထံ ပေးအပ်သည်။

သံတောင်ကြီးမြို့နယ်သည် အမြင့် ပေ ၄၀၀၀ ကျော်တွင်ရှိ၍ ကုန်းမြင့်ကော်ဖီစိုက်ပျိုးရန် သင့်တော်သဖြင့် အရည်အသွေးမြင့်ပြီး အထွက်နှုန်းကောင်းမွန်သော ကော်ဖီများ ထုတ်လုပ်နိုင်စေရန် ကော်ဖီပျိုးပင် ၃၀၀၀၀ နှင့်အတူ ကော်ဖီစိုက်ကျင်းတူးကိရိယာ(Auger)၊ ကော်ဖီသီးမှည့်အခွံချွတ်စက်၊ ကော်ဖီသီးလှန်းစင်များ၊ ကော်ဖီသီးအချိုဓာတ်တိုင်း ကိရိယာ (Refractometer)၊ ကိုင်းဖြတ်ကတ်ကြေး၊ ကိုင်းဖြတ်လွှ၊ ကိုင်းဖြတ်ဓားများ၊ ဟင်းသီးဟင်းရွက် မျိုးစေ့များ၊ သဘာဝမြေဩဇာနှင့် တမာပိုးသတ်ဆေး များ၊ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု လက်စွဲစာစောင်များ၊ ကော်ဖီသီးနှံ GAP Guideline စာအုပ်များ၊ မှိုမျိုးစုံ စိုက်ပျိုးထုတ်လုပ်နည်း စာအုပ်များ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**သိမ့်သိမ့်မိုး**

# ဟိုပုံးမြို့နယ်၌ ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်အရ မိုးစပါးမျိုးစေ့ထုတ်လုပ်ငန်းအတွက် ထောက်ပံ့ငွေပေးအပ်

**ဟိုပုံး ဩဂုတ် ၂၃**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်အရ မိုးစပါး မျိုးစေ့ထုတ်လုပ်ငန်းများအတွက် ထောက်ပံ့ငွေပေးအပ်ပွဲကို ဩဂုတ် ၂၁ ရက်က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ခန်းမ၌ ပြုလုပ်သည်။

ထောက်ပံ့ငွေပေးအပ်ပွဲတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်က အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသက်ဇင်မောင်က စိုက်ပျိုးထုတ်လုပ်ရာတွင် အဓိကလိုအပ်ချက်ဖြစ်သည့် သွင်းအားစု မျိုးကောင်းမျိုးသန့်များကို တောင်သူများ လိုအပ်သည့်အချိန်တွင် လိုအပ်သည့် ပမာဏအတိုင်း အလွယ်တကူ ရရှိ အသုံးပြုနိုင်ရန်၊ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် တောင်သူများအပေါ် ထိခိုက်မှုမရှိအောင် ကူညီပံ့ပိုး ဆောင်ရွက်ပေးနိုင်ရန်၊ ရာသီဥတု ပြောင်းလဲလာမှုကြောင့် ကြုံတွေ့ရမည့် မျိုးလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေးအတွက် အရန်မျိုးများ စုဆောင်းထားရှိရန်၊ ဈေးကွက်ဝင်သည့် အရည်အသွေးကောင်းစပါးများ ထုတ်လုပ်ခြင်းဖြင့် တောင်သူများ ဝင်ငွေတိုးတက်စေရန်၊ မျိုးကောင်းမျိုးသန့်မျိုးစေ့များ အသုံးပြုခြင်းဖြင့် စပါး တစ်ဧကအထွက်နှုန်း တိုးတက်လာစေရန် ရည်ရွယ်ပြီး ကိုဗစ်-၁၉ စီးပွားရေးကုစားမှု အစီအစဉ်အရ မိုးစပါး မျိုးစေ့ထုတ်လုပ်ငန်းအတွက် ထောက်ပံ့ငွေများ ပေးအပ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ၊ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဟိုပုံးမြို့မရပ်ကွက်၊ နမ့်ခုတ်ကျေးရွာအုပ်စုနှင့် ပေါင်လင်းကျေးရွာအုပ်စုတို့ရှိ တောင်သူ ၂၁ ဦး၏ မျိုးစေ့ထုတ်စိုက်ခင်း ၄၅ ဧကအတွက် တစ်ဧကလျှင် မျိုးစေ့ဖိုး ကျပ် ၈၅၀၀ နှင့် စိုက်ပျိုးပြုစုစရိတ် ကျပ် ၇၅၀၀၀ နှုန်းဖြင့် စုစုပေါင်း ကျပ် ၃၇၅၇၅၀၀ ကို တောင်သူများထံ ပေးအပ်ခဲ့သည်။ **နေမင်းထွန်း(ဟိုပုံး)**



# မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေနှင့် ကိုဗစ်-၁၉ အထူးချေးငွေများ ထုတ်ချေးပြီးစီး

**မိတ္ထီလာ ဩဂုတ် ၂၃**

မိတ္ထီလာခရိုင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ဒေသခံတောင်သူများထံသို့ ၂၀၂၀ ပြည့်နှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေ ကျပ်သိန်းပေါင်း ၆၅၀၀၀ ကျော်နှင့် ကိုဗစ်-၁၉ အထူးချေးငွေ ကျပ်သိန်းပေါင်း ၂၀၀၀၀ ကျော် ထုတ်ချေးခဲ့ရာ ဩဂုတ်လ ဒုတိယပတ်အတွင်း ရာနှုန်းပြည့် ထုတ်ချေးပေးခဲ့ပြီးဖြစ်ကြောင်း ခရိုင်ဘဏ်ခွဲမန်နေဂျာ ဒေါ်ခင်ဆွေမျိုးတင်ထံမှ သိရသည်။

"မိတ္ထီလာမြို့နယ်အတွင်းက ဒေသခံတောင်သူများထံကို ပုံမှန်ထုတ်ချေးနေကျဖြစ်တဲ့ ၂၀၂၀ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများနဲ့ ကိုဗစ်-၁၉ ရောဂါကာလ စိုက်ပျိုးစရိတ် အထူးချေးငွေများကို ထုတ်ချေးပြီးဖြစ်ပါတယ်။ မြို့နယ်အတွင်း ကျေးရွာအုပ်စု ၅၆ အုပ်စုက တောင်သူ ၁၀၃၃၈ ဦးရဲ့ စပါး ၁၆၆၆၀ ဧကနဲ့ ယာ ၄၀၆၇၃ ဧကအတွက် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေ ကျပ် ၆၅၆၆၃ သိန်းကို ထုတ်ချေးခဲ့ပါတယ်။ ကိုဗစ်-၁၉ ကာလ စိုက်ပျိုးစရိတ် အထူးချေးငွေ ကျပ် ၂၄၉၂၆ သိန်းကတော့ ကျေးရွာအုပ်စု ၅၄ အုပ်စုက တောင်သူ ၈၉၅၅ ဦးရဲ့ စပါး ၄၉၈၅၂ ဧကအတွက် ထုတ်ချေးတာဖြစ်ပါတယ်"ဟု ခရိုင်ဘဏ်ခွဲမန်နေဂျာက ပြောကြားသည်။

ယခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးရာတွင် စပါး တစ်ဧကလျှင် ကျပ် ၁၅၀၀၀၀၊ ယာ တစ်ဧကလျှင် ကျပ် ၁၀၀၀၀၀ နှုန်းနှင့် ထုတ်ချေးပေးပြီး ကိုဗစ်-၁၉ ရောဂါကာလ စိုက်ပျိုးစရိတ် အထူးချေးငွေကို လယ်/ယာ တစ်ဧကလျှင် ကျပ် ၅၀၀၀၀ နှုန်းဖြင့် ထုတ်ချေးခြင်းဖြစ်သည်။ မိတ္ထီလာမြို့နယ်၌ အဆိုပါ စိုက်ပျိုးစရိတ်ချေးငွေများကို မေလ တတိယအပတ်မှစတင်၍ ထုတ်ချေးပေးခဲ့ရာ ဩဂုတ်လ ဒုတိယပတ်တွင် ပြီးစီးအောင် ထုတ်ချေးပေးနိုင်ခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# မြို့သစ်မြို့၌ ကိုဗစ်-၁၉ စီးပွားရေးကုစားမှု အစီအစဉ်အရ မိုးစပါးမျိုးစေ့ထုတ်စိုက်ခင်း ဧက ၁၃၀ စိုက်ပျိုးပြီးစီး

**မြို့သစ် ဩဂုတ် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် မြို့သစ်မြို့တွင် ကိုဗစ်-၁၉ စီးပွားရေးကုစားမှု အစီအစဉ်အရ ဆောင်ရွက်ခဲ့သော မိုးစပါးမျိုးစေ့ထုတ်စိုက်ခင်း ဧက ၁၃၀ စိုက်ပျိုးမှုများ ဩဂုတ် ၂၂ ရက်တွင် ရာနှုန်းပြည့် ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ မိုးစပါး မျိုးစေ့ထုတ်စိုက်ကွက်များကို မြို့သစ်မြို့တွင် ၃၃ ဧက၊ ဗန္ဓုလကျေးရွာအုပ်စုတွင် ၃၇ ဧက၊ ဖိုင်လင်းကျေးရွာအုပ်စုတွင် ၁၉ ဧက၊ သနန်ကျေးရွာအုပ်စုတွင် ၁၇ ဧက၊ မင်းသာကျေးရွာအုပ်စုတွင် ၁၇ ဧကနှင့် လှည်းဆိပ်ကျေးရွာအုပ်စုတွင် ၇ ဧက စိုက်ပျိုးခဲ့ခြင်းဖြစ်သည်။

မိုးစပါး မျိုးစေ့ထုတ်စိုက်ကွက်များကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် ဒေသခံတောင်သူများအနေဖြင့် ဒေသတွင်း မိုးစပါးမျိုးကောင်းမျိုးသန့်များကို အလွယ်တကူ ရရှိနိုင်ခြင်း၊ မျိုးကောင်းမျိုးသန့်များ အလွယ်တကူရရှိ စိုက်ပျိုးနိုင်ခြင်းကြောင့် မိုးစပါးအထွက်နှုန်း မြင့်မားလာပြီး တောင်သူများ၏ လူနေမှုဘဝများ မြင့်မားလာခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။ မြို့သစ်မြို့တွင် ယခုနှစ် မိုးစပါးစိုက်ပျိုးမှုအနေဖြင့် စုစုပေါင်း ၉၆၃၃ ဧကကို စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်းလည်း မြို့သစ်မြို့ စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။ **ထွန်းမင်းအောင်(ကဘော်မြေ)**



အောင်မြင်စွာစိုက်ပျိုးပြီးသော မိုးစပါး မျိုးစေ့ထုတ်စိုက်ခင်းတစ်ခင်း။

# လောက်ကိုင်မြို့တွင် စပါးမျိုးကွဲနုတ်ပယ် ကွင်းသရုပ်ပြပွဲပြုလုပ်ပြီး မျိုးစေ့ထုတ်တောင်သူများအား ထောက်ပံ့

**လောက်ကိုင် ဩဂုတ် ၂၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့တွင် စပါးမျိုးကွဲနုတ်ပယ်ခြင်း ကွင်းသရုပ်ပြပွဲနှင့် မျိုးစေ့ထုတ်တောင်သူများအား မျိုးစေ့ဖိုးနှင့် စိုက်ပျိုးပြုစုစရိတ် ထောက်ပံ့ပေးအပ်ပွဲကို ဩဂုတ် ၂၁ ရက်က ဆီအောကျေးရွာ ဓမ္မာရုံ၌ ပြုလုပ်သည်။

စပါးမျိုးကွဲနုတ်ပယ်ခြင်း ကွင်းသရုပ်ပြပွဲကို ဆီအောကျေးရွာရှိ တောင်သူတစ်ဦး၏ စပါးမျိုးစေ့ထုတ်စိုက်ခင်း၌ ပြုလုပ်ကာ ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးစေ့တာဝန်ခံ ဒေါ်ဖြူသွယ်နှင်းနှင့် ဝန်ထမ်းများက စပါးမျိုးကွဲနုတ်ပယ်သည့် ဆောင်ရွက်ချက်များကို လက်တွေ့သရုပ်ပြခဲ့ပြီး ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးကျောက်တယ်ချန်နှင့် အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသခံတောင်သူများ လေ့လာကြည့်ရှုခဲ့သည်။

ထို့နောက် မျိုးစေ့ထုတ်တောင်သူများအား မျိုးစေ့ဖိုးနှင့် စိုက်ပျိုးပြုစုစရိတ်များ ထောက်ပံ့ပေးအပ်ပွဲကို ဆက်လက်ပြုလုပ်ကာ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌက စပါးမျိုးစေ့ထုတ်တောင်သူများအား ကိုဗစ်-၁၉ စီးပွားရေးကုစားမှု အစီအစဉ်အရ နိုင်ငံတော်မှ ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း၊ ကိုးကန့်ဒေသအနေဖြင့် စိုက်ပျိုးရေးသည် အဓိက စီးပွားရေးအရင်းအမြစ်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်း၍ အောင်မြင်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း အမှာစကားပြောကြားခဲ့ပြီး ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးအောင်မျိုးဝေက မျိုးစေ့ထုတ်တောင်သူများအား တစ်ဧကလျှင် မျိုးစေ့ဖိုး ကျပ် ၈၅၀၀ နှင့် စိုက်ပျိုးပြုစုစရိတ် ကျပ် ၇၅၀၀၀ ကို တောင်သူတစ်ဦးချင်းသို့ ပထမအကြိမ်အဖြစ် ပေးအပ်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဦးစီးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ဆီအောကျေးရွာမှ တောင်သူ ၃၁ ဦး၏ မျိုးစေ့ထုတ်စိုက်ခင်း ၃၅ ဧက၊ ဟဲဟော်ကျေးရွာမှ တောင်သူ ၁၃ ဦး၏ မျိုးစေ့ထုတ်စိုက်ခင်း ၁၅ ဧကနှင့် မန်ဆိုင်းကျေးရွာမှ တောင်သူ ရှစ်ဦး၏ မျိုးစေ့ထုတ်စိုက်ခင်း ၁၆ ဧကအတွက် တစ်ဧကလျှင် မျိုးစေ့ဖိုးနှင့် စိုက်ပျိုးပြုစုစရိတ် ကျပ် ၈၃၅၀၀ နှုန်းဖြင့် ထောက်ပံ့ပေးအပ်သည်။

**ဇော်ဇော်အောင်(ပြန်/ဆက်)**




## အမုန်းစကားမပြောရ။

တစ်ပါးသူ၏ လူမျိုး၊ နိုင်ငံ၊ ဘာသာရေး၊ ဒေသ၊
ကျား/မ လိင်ကွဲပြားမှု၊ လိင်ပိုင်းဆိုင်ရာ ခံယူမှု၊ မသန်စွမ်းသူများနှင့်
နာတာရှည်ရောဂါဖြင့် ကျန်းမာရေးချို့တဲ့နေသူများကို
အကြောင်းမဲ့ဖြစ်စေ၊ ထိခိုက်နာကျင်စေလိုသောကြောင့်ဖြစ်စေ
တိုက်ရိုက်တိုက်ခိုက်သော အမုန်းစကားများကို Facebook မှ ပယ်ဖျက်ပါသည်။

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါသည် -

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် |
|---|---|---|
| ၁ | ၂၇၇/မမ/CE | အောက်ဖော်ပြပါ စက်ယန္တရားများအတွက် Spare Part များဝယ်ယူရန်<br>Rail Gang Car (China) (WD 415) (11-Items)<br>Rail Gang Car (India) (Deutz 1013 FC) (25-Items)<br>Wheel Loader WA 380-3 (SAA 6D 114 E-2 (14-Items)<br>30 Ton Crane (RT- 630) (6BTAA-5.9)(India Cummins) (11-Items)<br>50 Ton Crane (RT- 760) (6BTAA-5.9)(India Cummins) (10-Items)<br>50 Ton Crane (RT- 760) (TAD-720 VE )(VOLVO) (9-Items) |

တင်ဒါပိတ်မည့် နေ့/အချိန် - (၁၁.၉.၂၀၂၀) (၁၄:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ( ၂၁.၈.၂၀၂၀)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့မေးမြန်းနိုင်ပါသည်။

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း: 294352, 291994

---

### ဖောင်းကြွပျောက် လျှော့က်ထားခြင်း

ယာဉ်အမှတ် 7L/8520 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၆ယ/၄၀၀၅၈ Kenbo 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုးမြင့် ၁၂/လမန(နိုင်)၀၁၁၉၀၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ပခုက္ကူ)

---

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၀ယ/၂၇၉၂၈ Yamaha 150 FZS M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ရီရီကျော် ၉/ပဥလ(နိုင်)၀၂၇၈၃၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

---

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8I/4219 SEIN TUN MPW STMA 0010, MICRO BUS (4x2) R(MPU) ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးစုအောင် ၉/မမန(နိုင်)၂၅၄၅၃၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

---

## ရောင်းချရန်ကြော်ငြာစာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
### မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်
### ၂၀၂၀ ပြည့်နှစ်၊ ဇာရီမှုအမှတ်-၂၀

ရောဝတီဘဏ်လီမိတက် **နှင့်** ၁။ ဦးအောင်အောင်
(၎င်း၏ကိုယ်စား ဒေါ်စန်းစန်းစိန်၊ ၂။ ဒေါ်ဥမ္မာမြင့်
အကြီးတန်းမန်နေဂျာ) ၃။ ဦးဘမြင့်
၄။ ဒေါ်ယဉ်ယဉ်မေ

**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

မန္တလေးတိုင်းဒေသကြီး၊ တရားလွှတ်တော်၊ တရားမကြီးမှုအမှတ် ၁၁/၂၀၁၉ အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသောပစ္စည်းများကို ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၂၈ ရက် (မြန်မာသက္ကရာဇ် ၁၃၈၂ ခုနှစ် တော်သလင်းလဆန်း ၁၂ ရက်) နံနက် ၁၀:၀၀ နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**ပစ္စည်းစာရင်း**

(၁) မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမ အနောက်ရပ်ကွက်၊ အကွက်အမှတ် ၂၂၄၊ ဦးပိုင် ၂၅ ဧရိယာ ၀ ဒသမ ၁၀၄၄ ဧက၊ အကျယ်အဝန်းရှိ ဂရန်မြေနှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အားလုံး။

**လေလံကြမ်းခင်းဈေး- ကျပ်သိန်း(၁၂၀၀၀) (ကျပ်သိန်းတစ်သောင်းနှစ်ထောင်တိတိ)**
**အရောင်းကြော်ငြာပြန်သွင်းရန်ရက် - ၁၆-၈-၂၀၂၀**

(၂) မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၅)၊ အကွက် ၁၈၊ ကျောက်တောင်၊ မြေကွက်အမှတ် ၁၂၁/ဘီ၊ ဦးပိုင် ၈၃ (ခ)၊ ဧရိယာ ၀ ဒသမ ၁၉၀ ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံများအပါအဝင် ပိုင်ဆိုင်အကျိုးခံစားခွင့်အားလုံး။

**လေလံကြမ်းခင်းဈေး - ကျပ်သိန်း(၁၀၀၀၀) (ကျပ်သိန်းတစ်သောင်းတိတိ)**
**အရောင်းကြော်ငြာပြန်သွင်းရန်ရက် - ၂၆-၈-၂၀၂၀**
**လေလံရောင်းချမည့်စည်းကမ်းချက်များ**

(၁) ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်းတစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရှုံး၏အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း၊ လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

(၂) လေလံတင်ရောင်းချသည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည် ဖြစ်သည်။

(၃) ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ်သတ်မှတ်မည်။ သို့သော် အမြင့်ဆုံး ပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲငြင်းပယ်ပိုင်ခွင့်ရှိသည်။

(၄) လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ် ၁၀၀ိ/-လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့်တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည်လေလံတင်ရောင်းချလိမ့်မည်။

(၅) လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့်စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

(၆) လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ ရာခိုင်နှုန်းနေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်ရက်ကိုပယ်၍ ၁၅ ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ ၁၅ ရက်မြောက်သည့်ရက်သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်ရက်တွင် အပြေအကျေပေးသွင်းရမည်။

(၇) လေလံကျန်ငွေများကို အထက်ပါရက်များတွင် ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၂၀ ပြည့်နှစ် ဩဂုတ် ၁၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာ ထုတ်ပေးလိုက်သည်။

**(ကျော်ကျော်ဦး)**
**ဒုတိယညွှန်ကြားရေးမှူး**
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**

---

## စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## နိုင်ငံခြားဖြစ်အရက်အမျိုးမျိုးတို့နှင့်စပ်လျဉ်း၍ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရန် အသိပေးကြေညာချက်

၁။ နိုင်ငံခြားဖြစ် အရက်အမျိုးမျိုးကို ပြည်တွင်းသို့ တရားဝင်တင်သွင်းရောင်းချနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၂၅-၅-၂၀၂၀ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၈/၂၀၂၀)ဖြင့် ခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ပြည်တွင်းသို့ နိုင်ငံခြားဖြစ်အရက်အမျိုးမျိုး တရားဝင်တင်သွင်းခွင့် ရရှိလာမည့် လုပ်ငန်းရှင်များအနေဖြင့် ဈေးကွက်အတွင်း နိုင်ငံခြားဖြစ်အရက်များ တရားမဝင် တင်သွင်းရောင်းချနေသော လုပ်ငန်းရှင်များနှင့်ယှဉ်ပြိုင်ရောင်းချရာတွင် နစ်နာမှုမရှိစေရန် ပြည်တွင်းသို့ တရားမဝင် နည်းလမ်းအမျိုးမျိုးဖြင့် ရောက်ရှိနေသော နိုင်ငံခြားဖြစ်အရက်အမျိုးမျိုးတို့ကို ကျသင့်အခွန်အကောက်များ ပေးဆောင်စေပြီး A1 အမှတ်အသား(ခြသေ့်) အခွန်အမှတ်တံဆိပ်များ ကပ်နှိပ်ပေးမည်ဖြစ်ပါသည်။ အဆိုပါ ကိစ္စနှင့်စပ်လျဉ်း၍ လုပ်ငန်းစီမံချက်အား One Stop Service (OSS) စနစ်ဖြင့် ၁-၉-၂၀၂၀ ရက်မှ ၃၀-၉-၂၀၂၀ရက်အထိ ဆောင်ရွက်မည်ဖြစ်ပါသည်။

၃။ ဤစီမံချက်သည် မိမိလက်ဝယ်တွင်ရှိနေသော တရားမဝင်အရက်အမျိုးမျိုးကို တရားဝင်ဖြစ်စေရန် ဆောင်ရွက်ပေးမည်ဖြစ်သည့်အတွက် ကြေညာလွှာတင်သွင်းရမည့်ကာလကို ၂၁-၈-၂၀၂၀ ရက်မှ ၂၈-၈-၂၀၂၀ ရက်အတွင်း သတ်မှတ်ပါသည်။ အဆိုပါ ကာလအတွင်း လုပ်ငန်းရှင်များအနေဖြင့် သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့ အချိန်မီကြေညာလွှာ တင်သွင်းရမည်ဖြစ်ပါသည်။

၄။ စီမံချက်ကာလအတွင်း ထပ်မံရောက်ရှိလာနိုင်သည့် တရားမဝင်အရက်အမျိုးမျိုးကို ကာကွယ်တားဆီးနိုင်ရန် ကြေညာလွှာနောက်ဆုံးတင်သွင်းရမည့် ၂၈-၈-၂၀၂၀ ရက်နောက်ပိုင်း တင်ပြလာသည့် ကြေညာလွှာများကို လက်ခံဆောင်ရွက်ပေးမည်မဟုတ်သည့်အပြင် ကြေညာလွှာတင်သွင်းခြင်းမပြုဘဲ စီမံချက်ကာလအတွင်းတရားမဝင်အရက်များ ရောင်းချနေကြောင်း တွေ့ရှိပါကလည်း တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါသည်။

၅။ စီမံချက်ကာလကုန်ဆုံးပြီးနောက် ၁-၁၀-၂၀၂၀ ရက်မှစ၍ တရားဝင် အခွန်အမှတ် တံဆိပ်ကပ်နှိပ်ထားခြင်းမရှိသော နိုင်ငံခြားအရက်အမျိုးမျိုးကို လက်ဝယ်ထားရှိခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်းနှင့် လက်လီလက်ကား ရောင်းချခြင်းများအပေါ် အထူးကုန်စည်ခွန်ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

---

### ဖခင်အမည်မှန်

ထီးချိုင့်မြို့၊ မြတောင်ရွာ အထက ကျောင်းတွင် ပညာသင်ကြားနေသော မမေဇင်ထက် ကျောင်းဝင်အမှတ် (၆၉၁၉)၏ဖခင်အမည်မှန်မှာ ဦးဇော်မင်း ၅/ထခန(နိုင်)၀၇၆၁၂၈ ဖြစ်ပါကြောင်း။

**ဦးဇော်မင်း**

### ဖခင် အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်၊ အထက(ပဒဲကော)ကျောင်း တက္ကသိုလ်ဝင်တန်းမှ နော်နှင်းဝေမိုး၏ ဖခင်အမည်မှန်မှာ ဦးဇော်ဇော်နိုင် ၇/ရကန(နိုင်) ၀၆၀၉၁၅ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ အမက(လွန်) မြောက်ဘက်တန်းမှ သတ္တမတန်းအောင်မြင်ခဲ့သော မသွဲ့ဖူးဝေ၏ဖခင်အမည်မှန်မှာ ဦးစန်းနိုင်လွင် ၇/မလန(နိုင်)၀၆၈၉၅၃ ဖြစ်ပါကြောင်း။

**ဦးစန်းနိုင်လွင်**

### အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ အထက စိန်ကန့်လန့် Grade 4 မှ (ဘ)ဦးဝင်းမြင့်၏သား မောင်ဟန်ဇော်ထွန်း၏ အမည်မှန်မှာ မောင်ထက်အောင်ဇော် ဖြစ်ပါကြောင်း။

**မောင်ထက်အောင်ဇော်**

### ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာမြို့နယ် (၂)ရပ်ကွက် Grade -10 မှ မောင်ကျော်ကျော်နိုင်၏ဖခင်အမည်မှန်မှာ ဦးဇော်မျိုးဝင်း၁၂/လသယ(နိုင်)၀၂၉၆၃၇ ဖြစ်ပါကြောင်း။

[illegible]
[illegible]
[illegible]
[illegible]
Richman Money Changer
09960934466

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုဓဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### မြစ်ကြီးနားမြို့နယ်တရားရုံးတော်
### ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် -၁၉

ဦးအောင်ကျော် **နှင့်** ၁။ ဒေါ်မျိုးမျိုးသန့်
၂။ ဦးအောင်မိုး

**တရားလို** **တရားပြိုင်များ**

မြစ်ကြီးနားမြို့၊ ယုဇနရပ်ကွက်၊ အမှတ် (၃၅၅)နေ ဒေါ်မျိုးမျိုးသန့် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဦးအောင်ကျော်က ယုံကြည်အပ်နှံငွေ (၆၀၀၀၀၀၀/-) ကျပ်နှင့် နစ်နာကြေးငွေ (၃၀၀၀၀၀၀/-)ကျပ်၊ စုစုပေါင်း(၉၀၀၀၀၀၀/-)ကျပ်တိတိ ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ ဖြစ်၍၊ ၂၀၂၀ပြည့်နှစ် စက်တင်ဘာ၄ ရက် (၁၃၈၂ခုနှစ် ဝါခေါင်လပြည့်ကျော် ၂ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်က အမည်ပါရှိသူ တရားစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် လိုအပ်သည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် ဩဂုတ်လ ၁၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်လွင်ဦး)**
**တွဲဖက်မြို့နယ်တရားသူကြီး (၁)**
**မြစ်ကြီးနားမြို့နယ်တရားရုံး**

---

## ဒေါ်မြင့်မြင့်ထွေး ၁၃/ညရန(နိုင်)၀၆၇၀၀၆ နှင့် အများသိစေရန်ကြော်ငြာ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ညောင်ရွှေမြို့နယ်၊ အင်းပေါခုံကျေးရွာ၊ အင်းပေါခုံ မြောက်ရပ်နေ (ဘ)ဦးချမ်းသာ၏သား ဦးသန်းထွန်း(ခ)ဦးခဲ ၁၃/တကန(နိုင်)၁၄၃၁၉၁ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြော်ငြာအပ်ပါသည်။

ဦးသန်းထွန်း (ခ) ဦးခဲသည် ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့၊ မြို့နယ်စာချုပ်စာတမ်းများ မှတ်ပုံတင်ဦးစီးဌာနမှူးရုံး၌ ဒေါ်မြင့်မြင့်ထွေးထံသို့ General Power OF Attorney ကို လွှဲအပ်ကြောင်း လွှန်ခဲ့သည့် (၂၆-၂-၂၀၁၆)ရက် မှန်ကြောင်းခံဝန် လက်မှတ်ရေးထိုးပေးခဲ့ရာ ညောင်ရွှေမြို့၊ မြို့နယ်စာချုပ်စာတမ်းများမှတ်ပုံတင်ဦးစီးဌာနမှူးရုံးက ၁-၃-၂၀၁၆ ရက်တွင် မှတ်ပုံတင်ကိုယ်စားလှယ်လွှဲစာအမှတ် (၉/၂၀၁၆) အရဖြင့် မှတ်ပုံတင်ထားပါသည်။

ယခုအခါ ဦးသန်းထွန်း (ခ) ဦးခဲအနေဖြင့် ဒေါ်မြင့်မြင့်ထွေးထံသို့ လွှဲအပ်ထားသော General Power OF Attorney ကို ဆက်လက်လွှဲအပ်ရန် ဆန္ဒမရှိတော့သည့်အပြင် မိမိ၏ကိုယ်စားလှယ်အဖြစ်လည်း မည်သည့်ကိစ္စတွင်မဆို ဆက်လက်ဆောင်ရွက်စေလိုခြင်း လုံးဝမရှိတော့သည့်အတွက် ဒေါ်မြင့်မြင့်ထွေး (ဘ)ဦးပေါဝါ ၁၃/ညရန(နိုင်)၁၆၇၀၀၆ ထံသို့ ညောင်ရွှေမြို့၊ မြို့နယ်စာချုပ်စာတမ်းများမှတ်ပုံတင်ဦးစီးဌာနမှူးရုံး၌ လွှဲအပ်ထားသော General Power OF Attorney မှတ်ပုံတင်အမှတ်(၉/၂၀၁၆)ကို ခြွင်းချက်မရှိ ပြန်လည်ရုပ်သိမ်းလိုက်ပါကြောင်း ဦးသန်းထွန်း (ခ) ဦးခဲ၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်မြင့်မြင့်ထွေးနှင့် အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ပြည့်ပြည့်အောင် (တရားလွှတ်တော်ရှေ့နေ)
စဉ်-၁၀၇၅၂/၅-၅-၂၀၁၆
CHERRY LEGAL GROUP CO.,LTD.
အိမ်အမှတ်(၂၀၇)၊ ရေထွက်ဦးလမ်း
ကန်ရှေ့ရပ်ကွက်၊ တောင်ကြီးမြို့၊ ဖုန်း-၀၈၁-၂၁၂၃၇၉၉

---

## အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)
### ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
### ၂၀၁၉ ခုနှစ် တရားမပထမအယူခံမှုအမှတ်-၉၆

ဦးသန့်ဇင်လှိုင် **နှင့်** ဒေါ်သီသီ

**အယူခံတရားလို** **အယူခံတရားပြိုင်**

၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်စွဲပါ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး တရားမကြီးမှုအမှတ် ၁၈/၂၀၁၃ အမှုတွင် ချမှတ်သောစီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

အယူခံတရားပြိုင် တာမွေမြို့နယ်၊ တာမွေကြီး(က+ဂ) ရပ်ကွက်၊ (၁၅၇)လမ်း၊ အမှတ်(၇၄)၊ (မြေညီ/ညာ)နေ ဒေါ်သီသီ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

ယခုအမှုတွင် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်မှ ချပေးသည့်ဒီကရီကို အယူခံတရားလိုမှ ပထမအယူခံမှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်း တင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၇ရက် (၁၃၈၂ ခုနှစ် ဝါခေါင်လပြည့်ကျော် ၅ ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်မှ ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့အပြင် သင်ကအယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့်-၄၁၊ နည်းဥပဒေ-၂၂ အရ ကန့်ကွက်လိုလျှင် အမိန့်-၄၁၊ နည်းဥပဒေ-၂၂ အရ ချိန်းထားသည့်အချိန်အတွင်း သင်ကကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြား အစီရင်ခံစာတင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် ဩဂုတ် ၁၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်ခင်အေး)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

---

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၁ယ/၅၆၀၂၉ Honda Click 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသော်တာစန်း ၉/တသန(နိုင်)၁၃၈၃၃၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၉ယ/၄၈၁၂၉ SYM Bonus 110 MC ယာဉ်လက်ဝယ်ရှိသူ ဦးစည်သူကျော် ၉/အမရ(နိုင်)၁၅၀၅၆၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၂ယ/၇၁၈၂၅ Yunde 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကေသီခိုင် ၉/မနတ(နိုင်)၀၀၄၆၇၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

## ဘုရား၊ ရဟန်း ဒါယိကာမကြီး
# ဒေါ်နွယ်နီဝင်း အသက်(၅၆)နှစ်
## (တ/၂၄၄၂)၊ ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)
## ကချင်ပြည်နယ်တရားလွှတ်တော်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မေခါဝီလမ်းမကြီး၊မေခါဝီလမ်းဆုံ(ဃ) ရပ်ကွက်၊ အမှတ် ၅၈၁နေ [ဗိုလ်ကြီးသန်းဝင်း၊ (ငြိမ်း)- ဒေါ်ခင်ရီ] တို့၏သမီး၊ (ဦးမောင်မောင်- ဒေါ်ညို)တို့၏သမီးချွေးမ၊ ဦးကျော်ဇော-ဒေါ်မာလာဝင်း၊ ဦးအောင်မြင့်သိန်းတို့၏ ညီမ၊ မောင်ထူးနိုင်ဝင့်- မအဝိဝမ်ထုမိုင် တို့၏ မိခင်၊မောင်အဒမ်ဘုန်းဝင့်၏ အဘွား၊ တူ/တူမ ခြောက်ယောက်တို့၏ အဒေါ်၊ ဦးမင်းနိုင် (မင်းစည် အိမ်ဆောက်ပစ္စည်း)၏ချစ်လှစွာသောဇနီးသည် ၂၂-၈-၂၀၂၀ရက် (စနေနေ့)ည ၉:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၈-၂၀၂၀ရက်(တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ် သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။ (နေအိမ်ကားများ နံနက် ၁၀နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၈-၈-၂၀၂၀ရက်(သောကြာနေ့)နံနက်ပိုင်းတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9F/2539 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

---

### ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8A/1006 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

---

### ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4J/9216 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1D/7466 Toyota Caldina ZZT 241 Station Wagon (4x2)ယာဉ် လက်ဝယ်ရှိသူ ဦးဆွေမြင့်ထွန်း၁၀/မဒန (နိုင်)၁၆၁၆၀၄ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

---

### ကန့်ကွက်နိုင်ပါကြောင်း

ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၅/မြို့မအရှေ့ရပ်မှ မြေ ဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ မြေကွက် အမှတ် (ပ-၂၁၃၅၇)၊ ဒေါ်တင်ဝင်းဘော် ၁၂/လမတ(နိုင်)၀၀၇၅၀၂(ဘ)ဦးလှဘော် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်ကို ဦးအောင်ကျော်စိုး ၁၂/ပဇတ (နိုင်)၁၀၀၉၆၇ (ဘ)ဦးခင်မောင်ထွေးမှ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး ၏အထူး ကိုယ်စားလှယ်လွှဲစာအမှတ် ၂၉၄၅၅/၂၀-၁၁-၂၀၁၉တင်ပြ၍ ဒေါ်လဲ့လဲ့ ကေခိုင် ၁၂/စခန(နိုင်)၀၅၄၆၃၀နှင့် မှတ်ပုံ တင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် အတွက် မြေပုံ/ မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံး အမိန့် ဒီကရီများ အထောက်အထား ခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင် ကြောင်းနှင့်သတ်မှတ် ကာလအတွင်း ကန့်ကွက်မှုမရှိပါကဌာန၏လုပ်ထုံးလုပ် နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ် ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး**
**ကော်မတီ**

---

## ဒေါ်ထွေးရင်
### အသက်(၅၆)နှစ်

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ စပါးတုံကျေးရွာနေ (ဦးအောင်ကျော်-ဒေါ်နုသာဦး)တို့၏သမီးထွေး၊ ဦးမောင်ရွှေဟန်-ဒေါ် သောင်းစိန်တို့၏ချွေးမ၊ ဦးအောင်သာလှ-ဒေါ်နီနီ၊ (ဦးအောင်သာထွန်း)-ဒေါ်မအောင်ကျန်၊ (ဦးအောင်သာဖံ-ဒေါ်လှစိန်)၊ ဦးကျော်သာဖံ- ဒေါ်ခင်သန်းနု၊ (ဦးကျော်ဖေ)-ဒေါ်ခင်ထွေးရီ တို့၏ညီမ၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံတောင်ရပ်ကွက်၊ ဓမ္မပါလလမ်း၊ အမှတ် (၄၂/၃၂)နေ ဦးသောင်းကျော်၏ ချစ်လှ စွာသောဇနီး၊ ကိုစိုင်းစံလှ-မစုစန္ဒာ၊ (မအင်ကြင်းစိမ်း)၊ မငြိမ်းသက်စုတို့၏ချစ်လှစွာသောမိခင်သည် ၂၂-၈-၂၀၂၀ရက် (စနေနေ့) ညနေ ၃:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၈-၂၀၂၀ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ခွာပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၂၈-၈-၂၀၂၀ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက် ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

# ကန့်ကွက်နိုင်ကြောင်း
# အများသိစေရန်အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးကျော်ဇော ၁၂/စခန(နိုင်) ၀၄၈၁၁၂နှင့် ဒေါ်မြအေး ၁၃/တကန(နိုင်)၀၂၆၉၃၃တို့၏ လွှဲအပ်ညွှန်ကြားချက်များအရ အောက်ပါအတိုင်း ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာ အပ်ပါသည်။

၁။ တောင်ကြီးမြို့၊ ဈေးပိုင်းရပ်ကွက်ရှိ အကွက်အမှတ်(၂၀)၊ ဦးပိုင်အမှတ်(၂၄၂)၊ မြေကွက်အမှတ်(၃၀၁)၊ ဧရိယာ(၀ဒသမ၀၁၆)ဧကမြေ နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံများအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့သည် ဒေါ်သဲနု (AG-၂၂၀၀၅၆)နှင့်ဦး အောင်သန့် (AG-၂၃၄၄၃၈)တို့မှ တောင်ကြီးခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၏ မြေငှားဂရန်အမှုတွဲအမှတ်(၁၂၀/၁၉၉၃)(၁၇-၅- ၁၉၉၄) မှ (၁၆-၅-၂၀၂၄)ထိ နှစ်(၃၀)အရ မြေငှားဂရန်မြေအမည်ပေါက် ပိုင်ဆိုင် နေထိုင်ခဲ့သော အိမ်မြေဥပစာဖြစ်ပါသည်။

၂။ အမည်ပေါက်သူဒေါ်သဲနုသည် (၁-၄-၂၀၀၈)ရက်တွင် ကွယ်လွန်သွားခဲ့ သဖြင့် ၎င်းနှင့်အတူနေ ပူးတွဲဂရန်အမည်ပေါက်သည့် တစ်ဦးတည်းသောသား ဦးအောင်သန့်က တောင်ကြီးမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏(၈-၅-၂၀၀၈) ရက်စွဲပါ ကျမ်းကျိန်လွှာစာချုပ်၊ မှတ်ပုံတင်စာချုပ်အမှတ်(၇၁/၂၀၀၈)နှင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာစာချုပ်၊ မှတ်ပုံတင်စာချုပ်အမှတ် (၇၂/၂၀၀၈)တို့ အရ မှတ်ပုံတင်ခဲ့ပြီး ကွယ်လွန်သူမိခင် ဒေါ်သဲနုအမည်ကို ပယ်ဖျက် ၍ ၎င်းတစ်ဦးတည်းအမည်ဖြင့် မြေငှားဂရန်ပြန်လည်ထုတ်ပေးရန် သက်ဆိုင်ရာ တောင်ကြီးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားခဲ့ပါသည်။

၃။ ထိုသို့လျှောက်ထားခဲ့ပြီး သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန များက လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆင့်ဆင့်စိစစ်ဆောင်ရွက်နေစဉ် ဦးအောင်သန့်သည် (၈-၉-၂၀၁၉) ရက်၌ အိမ်ထောင်မရှိ၊ လူပျိုကြီးဘဝဖြင့် ကွယ်လွန်သွားခဲ့ပါသည်။

၄။ ဦးအောင်သန့်သည် ၎င်းမကွယ်လွန်မီ အတူနေ ဝမ်းကွဲညီမတော်သူ ဒေါ်မြအေးအား တောင်ကြီးမြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိရုံး၌ ကိတ္တိမ သမီးအဖြစ်မွေးစားခြင်းစာချုပ်၊ မှတ်ပုံတင်စာချုပ်အမှတ်(၉/၂၀၁၃)ကို ချုပ်ဆို၍ လည်းကောင်း၊ ဝမ်းကွဲညီတော်သူဦးကျော် ဇောအား ရန်ကုန်မြို့စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ မှတ်ပုံတင်စာချုပ်အမှတ်(၁၆၃၈၆/၂၀၁၉)ဖြင့် ကိတ္တိမသားအဖြစ် လည်းကောင်း ၎င်း၏အမွေစားအမွေခံ သား-သမီးများအဖြစ် တရားဝင်မွေးစား ခဲ့ပါသည်။

၅။ အထက်အပိုဒ်(၁)တွင် ဖော်ပြသော ဒေါ်သဲနု၊ ဦးအောင်သန့်တို့နှစ်ဦး အမည်ပေါက် အိမ်မြေဥပစာနှင့် စပ်လျဉ်း၍ ဦးကျော်ဇောနှင့်ဒေါ် မြအေးတို့သည် ကွယ်လွန်သူ ဦးအောင်သန့်၏ တရားဝင် အမွေဆက်ခံခွင့်ရှိသည့် ကိတ္တိမမွေးစား သား၊ သမီးများဖြစ်ကြောင်းနှင့် ၎င်းတို့အပြင် အခြားအမွေဆက်ခံခွင့်ရှိသူများ လည်းမရှိကြောင်း တောင်ကြီးမြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်၊ မှတ်ပုံတင်စာချုပ်အမှတ်(၁၄၆/၂၀၂၀)ကို ချုပ်ဆို ပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။

၆။ သို့ဖြစ်ပါ၍ ဦးကျော်ဇောနှင့်ဒေါ်မြအေးတို့အနေဖြင့် ၎င်းတို့ အမွေဆက်ခံ ပိုင်ဆိုင်ခွင့်ရှိသည့် အထက်ဖော်ပြပါ အိမ်မြေဥပစာများကို လွှဲပြောင်းရောင်းချမည် ဖြစ်သောကြောင့် ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာ ပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တရားဝင်ပိုင်ဆိုင် သည့်အထောက်အထား များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်း အများသိရှိစေရန် ကြေညာ အပ်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိခဲ့ လျှင်ဖြစ်စေ(သို့မဟုတ်)ကန့်ကွက်ရက်ကျော်လွန်ပြီးမှ ကန့်ကွက်လာလျှင်ဖြစ်စေ ကန့်ကွက်မှုအား လက်ခံစဉ်းစားမည်မဟုတ်ဘဲ ရောင်းချခြင်းကိစ္စများကို တည်ဆဲ တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေ ရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကိုကိုလေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(လိုင်စင်အမှတ်-၃၆၇၂၊ နေ့စွဲ ၂၇-၅-၁၉၈၆)**
**အမှတ် ည/၁၆၊ (နမ-၉)၊ ရတနာလမ်းသွယ်(၁)**
**ညောင်ဖြူစခန်းရပ်ကွက်၊ တောင်ကြီးမြို့**

---

## မန်းညွှန့်မောင် (မောင်စင်ကြယ်)
### အမျိုးသားစာပေဆုနှင့်စာပေလွတ်လပ်ခွင့်ဆုရ
### အသက်(၈၆)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ ရွှေလောင်းရေကျော် ရွာနေ (မန်းစံဖေ-ဂွါစောမြိုင်)တို့၏သား၊ ဒေါ်ခင်ရီ၏ခင်ပွန်း၊ စောကေ သီညွှန့်-ဦးအောင်ကျော်ဦး၊ ဦးရဲအောင်ညွှန့်(ဖိုးရဲ)တို့၏ဖခင်၊ မောင်ယွန်းထက်ထက်ထွန်း၏အဘိုးသည် ၂၃-၈-၂၀၂၀ရက် ညနေ ၃:၃၀နာရီတွင် ဩစတြေးလျနိုင်ငံ၊ မဲလ်ဘုန်းမြို့၌ ကွယ်လွန်သွားပါ သဖြင့် သင်္ဂြိုဟ်မည့်ရက်ကို ခွင့်ပြုသည့်ရက်တွင် သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
# ဦးစန်းတင့်
### အသက်(၆၃)နှစ်

ရန်ကုန်မြို့နေ (ဦးအောင်ခင်-ဒေါ်လှတင်) တို့၏သား၊ (ဦးမြမောင်-ဒေါ်ရွှေကြည်)တို့၏သားသမက်၊ (ဦးကျော်ငွေ-ဒေါ် ခင်စန်း)၊ (ဦးချို-ဒေါ်သန်းသန်း)၊ ဒေါ်သန်းသန်းကြည်တို့၏ညီ/မောင်၊ ရန်ကုန်မြို့၊ ဗိုလ်တထောင် မြို့နယ်၊ (၁၀)ရပ်ကွက်၊ (၄၅)လမ်း၊ အမှတ်(၁၄၆)နေ (ဒေါ်သန်းကြည်) ၏ ခင်ပွန်း၊ ကိုဝင်းရွှေဦး-မမြတ်မြတ်စိုး၊ ကိုအောင်ဇင်ဖြိုး-မခင်ရီရီဝင်းတို့၏ ဖခင်၊ မောင်ကောင်း ဆက်လင်း၏အဘိုးသည် ၂၂-၈-၂၀၂၀ရက် (စနေနေ့) မွန်းလွဲ ၁:၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၈-၂၀၂၀ရက် (တနင်္လာ နေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးလှစိုးလွင် အသက်(၆၃)နှစ်
### မြန်မာ့သစ်လုပ်ငန်း(ငြိမ်း)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၅)ရပ်ကွက်၊ ကြံ့ခိုင်ရေးလမ်း၊ အမှတ် ၅၆၉နေ(ဦးမြင့်စိုးလွင်-ဒေါ်တင်နွယ်)တို့၏ သား၊ (ဦးအောင်ကျော်မြင့်)-ဒေါ်နှင်းနွယ်အေး တို့၏မောင်၊ ဦးအောင်မိုးလွင်၊ (ဦးအောင်ကိုကိုဦးလွင်)-ဒေါ်ညိုညိုသက် တို့၏အစ်ကို၊ ဒေါ်တင်နွယ်စိုး၏ခင်ပွန်း၊ မမီမီစိုးလွင်(ခ)သိမ့်သိမ့် ၏ဖခင်သည် ၂၂-၈-၂၀၂၀ရက် (စနေနေ့) ည ၁၀:၄၅နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါ သဖြင့် ၂၄-၈-၂၀၂၀ရက်(တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်ကားများ နံနက် ၁၁:၃၀နာရီတွင်ထွက်ခွာပါမည်။

ကွယ်လွန်သူအား ရည်စူး၍ ၂၅-၈-၂၀၂၀ရက်(အင်္ဂါနေ့)နံနက်တွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါ သည်။

ကျန်ရစ်သူမိသားစု

---

## ဦးမြင့်အောင်(လပွတ္တာ)
### အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဗိုလ်ဥတ္တမလမ်း၊ အမှတ်(၉)နေ ဦးလှမြိုင်-(ဒေါ်မြင့်)တို့၏သားကြီး၊ ဦးခင်ဇော်-ဒေါ် စိမ်းလဲ့ဖြူ၊ ဒေါ်ဝင်းဝင်းမြိုင်၊ ဒေါက်တာတင် လဲ့ဝင်း(နည်းပညာတက္ကသိုလ်၊ မှော်ဘီ၊ သုတနည်းပညာဌာန)တို့၏အစ်ကိုကြီး၊ မသီရိ ဇော်၊ မမေမျက်သွယ်ခင်၊ မစုစန္ဒီဇော်တို့၏ဘကြီးသည် ၂၂-၈-၂၀၂၀ရက် ည ၈နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၈-၂၀၂၀ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။ )

ကျန်ရစ်သူမိသားစု

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9E/5261 Honda Fit GE 6 S/Wယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်မာလာ ၁၂/တမန(နိုင်)၀၀၃၉၉၀ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများ ဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး၊(ရန်ကုန်အရှေ့ပိုင်း)**

---

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

သနပ်ပင်မြို့၊ ဈေးပိုင်းရပ်ကွက်၊ ဇမ္ဗူရစ်လမ်းနေ အဒေါ်(မွေးစားမိခင်)ဒေါ်ခင်မေလွင် (ဘ)ဦးကူလီယား ၇/ သနပ(နိုင်) ၀၇၁၂၄၁ ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါ သည်။

သနပ်ပင်မြို့၊ ဈေးပိုင်းရပ်ကွက်နေ ဦးကြည်ညွှန့်(ကွယ်လွန်)၏သား မောင်ဇင်မင်း ထွန်း(ခ)ဆိုနီ ၇/ သနပ(နိုင်) ၁၁၃၄၉၅ သည် အဒေါ်(မွေးစားမိခင်)၊ အစ်မနှင့်ဆွေမျိုးများ အားစိတ်ဆင်းရဲအောင်ပြုမူပြီး နေအိမ်မှဆင်းသွားခဲ့ပါသဖြင့် အဒေါ်(မွေးစားမိခင်)က သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

နောက်နောင်တွင် မောင်ဇင်မင်းထွန်း(ခ)ဆိုနီနှင့် ပတ်သက်၍ မည်သည့်ကိစ္စမှ ဖြေရှင်းပေးမည်မဟုတ်ဘဲ မည်သည့် တာဝန်မှ ယူမည်မဟုတ်ကြောင်း ကြေညာအပ်ပါ သည်။

**ညွှန်ကြားချက်အရ**
**ဦးအေးသိန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ၊ (စဉ်-၂၆၁၈)(၃-၇-၁၉၈၄)**
**အမှတ် ၁၄၊ ဇမ္ဗူရစ်လမ်းနှင့် ဘောဂသုခလမ်းထောင့်**
**အောက်စုရပ်ကွက်၊ သနပ်ပင်မြို့**
**ဖုန်း- ၀၉- ၄၂၈၀ ၄၅၁၉၅**

---

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး**
**ကြီးကြပ်မှုကော်မတီ**

---

## ဦးတင်ရွှေ(ခ)ယူဟုန်ဝိုး
### သန်လျင်မြို့
### အသက်(၇၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နေ (ဦးစံရင်-ဒေါ်လှကျင်) တို့၏သား၊ (ဦးမောင်ရွှေ-ဒေါ်အေးမြင့်)တို့၏သားသမက်၊ ရန်ကုန် တိုင်းဒေသကြီး၊ သန်လျင်မြို့၊ ကောင်စီလမ်း၊ အမှတ် ၅နေ ဒေါ်အေး အေးမူ(ခ)ဒေါ်စွမ် ၏ချစ်လှစွာသောခင်ပွန်း၊ ကိုမောင်မောင်-မကေ သွယ်မိုး၊ မောင်ဗိုလ်ဗိုလ်-မယုယုသန်း၊ မောင်နေမျိုးအောင်-မလဲ့လဲ့ တို့၏ဖခင်၊ မြေးခုနစ်ယောက် တို့၏အဘိုးသည် ၂၃-၈-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၁:၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ သဖြင့် ၂၅-၈-၂၀၂၀ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် သန်လျင် သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုး မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးအောင်သန်းဝင်း(ခ)အညွှာကြီး (ဘိုကလေးမြို့)
### အသက်(၆၁)နှစ်

ဘိုကလေးမြို့၊ မြို့မ(၅)ရပ်ကွက်၊ဗိုလ်ဗထူးလမ်း၊ အမှတ် ၂၈နေ (ဦးစံရင်)-ဒေါ်စန်းမေ တို့၏သား၊ ဒေါက်တာသန်းသန်းအေး(ပါရမီ ဆေးရုံ၊ ရန်ကုန်)၊ ဒေါ်ခင်ခင်လေး၊ ဒေါ်နီနီအေး(ဦးစံရင် ကုန်စုံဆိုင်)၊ ဦးလှမျိုးဝင်း တို့၏အစ်ကို၊ တူမ သုံးယောက်တို့၏ဘကြီးသည် ၂၂-၈-၂၀၂၀ရက်(စနေနေ့) တွင် ကွယ်လွန်သွားပါသဖြင့် ၂၄ -၈-၂၀၂၀ရက် (တနင်္လာနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် ဘိုကလေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
# ဒေါ်နွယ်နီဝင်း(တ/၂၄၄၂)
### ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)
### အသက်(၅၆)နှစ်

တရားရေးဝန်ထမ်း အပတ်စဉ်(၉)မှ ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း) ဒေါ်နွယ်နီဝင်း သည် ၂၂-၈-၂၀၂၀ရက် (စနေနေ့) တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် သူငယ်ချင်းများအားလုံးမှ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တရားရေးအပတ်စဉ်(၉)မှ**
**တရားရေးဝန်ထမ်းများ**

---

## မောင်ဥက္ကာ(ခ)အုပ်စိုး
### M.V. MCC TOKYO
### အသက်(၃၄)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ ဦးစိန်အောင်ကြည်-ဒေါ်မာမာဝေ တို့၏သားထွေး၊ ကိုသီဟ-မသဇင်မင်းနိုင်တို့၏ညီ၊ ကိုမြင့်ဝေ-မမြင့်ဇူ တို့၏မောင်၊ မောင်ရဲရင့်နိုင်၊ မမိုးပြည့်စံ၊ မောင်သားထူးစံတို့၏ဦးငယ်သည် ၂၀-၈-၂၀၂၀ရက် (ကြာသပတေးနေ့) ည ၈:၄၀နာရီတွင် M.V. MCC TOKYO သင်္ဘောပေါ်၌ ရုတ်တရက်ကွယ်လွန်သွားပါသဖြင့် ၂၂-၈-၂၀၂၀ရက် (စနေနေ့)တွင် ကော့သောင်းမြို့၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုး မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး
## အသိပေးနှိုးဆော်ချက်

၁။ ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားရခြင်း ဖြစ်ပြီး ရာသီမရွေး ကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ ကြက်/ ဘဲ/ငုံးခြံများတွင် အဆိုပါ ရောဂါကူးစက်ကျရောက်ခြင်း မရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါကြိုတင် ကာကွယ်နိုင်ရန်အတွက် အောက်ပါ အတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြု ဆောင်ရွက်ရန်၊
(ခ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံးအရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊
(ဂ) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူနှင့် ယာဉ်အဝင်/အထွက် ထိန်းချုပ်ရန်၊
(ဃ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်/ လေထွက် ကောင်းမွန်စေရေးဆောင်ရွက်ရန်၊
(င) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက နှာခေါင်းစည်း၊ လက်အိတ် စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊
(စ) ကြက်၊ ငှက်များကိုကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံးမွေးမြူရေး ခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊
(ဆ) အသားနှင့် ဥတို့ကို သေချာစွာကျက်အောင်ချက်ပြုတ်ပြီးမှ စားသုံးရန်၊
(ဇ) ကြက်၊ ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊
(ဈ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်း များတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်**
**ဆည်မြောင်းဝန်ကြီးဌာန**

# မြဝတီမြို့ မြန်မာ-ထိုင်းအမှတ် (၂) ချစ်ကြည်ရေးတံတားမှ မြန်မာရွှေ့ပြောင်းလုပ်သား ၄၈၂ ဦး ဆက်လက်ဝင်ရောက်



မြဝတီ ဩဂုတ် ၂၃

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၄၈၂ ဦးသည် မြဝတီမြို့ မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေး တံတားမှတစ်ဆင့် ယနေ့တွင် ဆက်လက် ဝင်ရောက်လာကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအား ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုပြီး ကျန်းမာရေးစစ်ဆေးမှုနှင့် (ယာပုံ) အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ခရိုင်/မြို့နယ်မှ တာဝန်ရှိသူများက ကြီးကြပ်

စာမျက်နှာ ၃ ကော်လံ ၅ ❖

ဖားကန့်၌ ဒုတိယအကြိမ် လက်လုပ်လက်စား ကျောက်မျက်တူးဖော်ရေး လုပ်ကွက်များ ခွင့်ပြုချထားပေးမည်

စာ - ၁၀

အိန္ဒိယနိုင်ငံတွင် ကိုဗစ် - ၁၉ ကူးစက်ခံရသူ သုံးသန်းကျော်ရှိလာ

စာ - ၁၃

မန္တလေးတောင်တော်ပေါ်သို့ တက်ရောက်ခွင့် ရက်အကန့်အသတ်မရှိ ပိတ်ပင်ထား

စာ - ၂၁

## ဆိပ်သာ၊ ဟသ်ာတနှင့် ဇလွန်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ သတိပြုနေထိုင်ရန်

နေပြည်တော် ဩဂုတ် ၂၃

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် နှစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် ဟသ်ာတမြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် ဇလွန်မြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဆိပ်သာ၊ ဟသ်ာတနှင့် ဇလွန်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

## ရခိုင်ပြည်နယ်၏ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်း၌ မိမိဆန္ဒအလျောက် ယာယီတာဝန်ထမ်းဆောင်မည့် ဆရာဝန်နှင့် သူနာပြုများ စစ်တွေမြို့သို့ ရောက်ရှိ

နေပြည်တော် ဩဂုတ် ၂၃

ရခိုင်ပြည်နယ်၏ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများ၌ "မိမိဆန္ဒအလျောက်" ယာယီ တာဝန်ထမ်းဆောင်မည့် ဆရာဝန်နှင့် သူနာပြုများသည် ယနေ့နံနက်ပိုင်းတွင် မြန်မာအမျိုးသားပိုင် လေကြောင်းလိုင်းမှ အထူးလေယာဉ်ဖြင့် စစ်တွေမြို့သို့ ရောက်ရှိကြသည်။ (အောက်ပုံ)

အဆိုပါအဖွဲ့ကို ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာ၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာစိုင်းဝင်းဇော်လှိုင်၊

စာမျက်နှာ ၃ ကော်လံ ၅ ❍




## အိန်ဂျလီနိုကို ခေါ်ယူရန် ဘာစီလိုနာအသင်း စိတ်ဝင်စား

စပိန်နာမည်ကြီး ဘာစီလိုနာအသင်းသည် မန်စီးတီးအသင်းမှ ခံစစ်ကစားသမားတစ်ဦးဖြစ်သူ အိန်ဂျလီနိုကို ပေါင် ၂၅ သန်းဖြင့် စာချုပ်ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ အသက် ၂၃ နှစ်အရွယ်ရှိ စပိန်ခံစစ်ကစားသမား အိန်ဂျလီနိုသည် ပြီးခဲ့သည့်ရာသီတွင် ဘွန်ဒက်စ်လီဂါကလပ် လိုက်ပ်ဇစ်အသင်းထံသို့ ခြောက်လအငှားချထားခံရပြီးနောက် ယခုအခါ မန်စီးတီးအသင်းသို့ ပြန်လည်ရောက်လာပြီဖြစ်သည်။

၎င်းသည် လိုက်ပ်ဇစ်အသင်းကို ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်သို့ ရောက်ရှိအောင် ကူညီပေးနိုင်သူဖြစ်ကာ အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၁၇ ပွဲ ကစားထားကာ တစ်ဂိုးသွင်းယူပေးထားသည်။ လီနိုသည် ၂၀၁၄ ခုနှစ်တွင် မန်စီးတီးအသင်းသို့ ရောက်ရှိလာသူဖြစ်သော်လည်း နယူးယောက်စီးတီး၊ ဂျီရိုနာ၊ မာလေ့ဂါကာ၊ NAC ဘရီဒါ စသည့် အသင်းများထံသို့ အငှားချခံထားရသူဖြစ်သည်။ ၎င်းသည် ၂၀၁၈ ခုနှစ်တွင် ပီအက်စ်ဗွီအသင်းထံသို့ ပြောင်းရွှေ့ခဲ့သည်။ သို့သော်လည်း မန်စီးတီးအသင်းသည် ပြီးခဲ့သည့် နွေရာသီအပြောင်းအရွှေ့ကာလတွင် ပီအက်စ်ဗွီအသင်းထံမှ လီနိုကို ပြန်လည်စာချုပ်ခေါ်ယူခဲ့ခြင်းဖြစ်သည်။ လီနိုသည် ပြီးခဲ့သည့် ရာသီတွင် ဂျာမန်ကလပ် လိုက်ပ်ဇစ်အသင်းထံသို့ ရာသီဝက် အငှားမပြောင်းရွှေ့မီတွင် မန်စီးတီးအသင်းအတွက် ၁၂ ပွဲသာ ကစားထားရကြောင်း သိရသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ ❐

DECO
DECOLAND COMPANY LIMITED
စက္ကူ၊ စာအုပ်နှင့် စာရေးကိရိယာ အမျိုးမျိုး
ONE-STOP TRUSTED PAPER SUPPLIER

Printing Paper
Art Card
Art Paper
Woodfree
Newsprint

Packaging Paper
Duplex
Grey Chip Board
Ivory Board

Copy Paper
Copy Paper
Color Copy Paper

Stationery paper
Continuous Form
Fax Roll
NCR Register Roll
Register Roll
Thermal Paper Roll

Special Paper
Brief Card
Color Brief Card
Color Paper
Color Embossed Card
Gold/Silver Card
NCR Paper
Sticker paper
Tracing Paper

Hot Line - 013 684292

